Golden Lion
Golden Lion Wire Co.,Ltd

# The VOICE Daily

MAI
www.maiair.com

Vol. 4 / No. 225 | Established in 2004 | ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်၊ (ကရင်နှစ်သစ်ကူးနေ့)၊ (Thursday, D[illegible]ber 29, 2016)

# မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ

အမေရိကန်၏ အခြေခံအဆောက်အဦများသည် တဖြည်းဖြည်းနှင့် ဆိုးရွားလာနေပြီး အကယ်၍ နိုင်ငံ၏တိုးတက်မှု မရှိသော သယ်ယူပို့ဆောင်မှု၊ ရေနှင့် အခြားသော အခြေခံအဆောက်အဦစနစ်များကို လျင်မြန်စွာပြုပြင်ထိန်းသိမ်းခြင်းမရှိပါက အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ ရန်းကန်ရသည့် အခြေအနေမျိုးကဲ့သို့ ရင်ဆိုင်တွေ့ကြုံရနိုင်သည်။

ကျွန်တော်သည် MBA ကျောင်းသားများအတွက် နိုင်ငံတကာစီးပွားရေးသင်တန်းပို့ချဖို့မြန်မာနိုင်ငံကို ရောက်ရှိလာခဲ့သူဖြစ်ပြီး အမေရိကန်နှင့် မြန်မာနိုင်ငံတို့၏ စီးပွားရေးပတ်ဝန်းကျင် ကွဲပြားခြားနားမှုတို့အား ရှင်းလင်းသင်ကြား ပြသရပါသည်။ စာ 7

## ဒေါ်လာဈေးတက်ခြင်းနှင့် ပတ်သက်၍ UMFCCI က အစိုးရကို အကြံပြု စာ 2

## တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကြောင့် ရှမ်းအရှေ့ဒေသ တည်ငြိမ်အေးချမ်းဟုဆို



ဓာတ်ပုံ – ရန်နိုင်

စာ 2

ကျိုင်းတုံမြို့ မြို့မအားကစားကွင်းကြီးတွင် ၄၂ ကြိမ်မြောက် အာခါတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာလ ၂၈ ရက်နေ့က ကျင်းပခဲ့စဉ်



ဓာတ်ပုံ – မြင့်မိုးညို

## "...ပြဿနာကို မီးထွန်းရှာမယ်ဆိုရင် တူညီတဲ့ တုံ့ပြန်မှုရမယ်"

သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးနှင့် တွေ့ဆုံခြင်း စာ 4

## ကျောက်မဲတွင် တပ်မတော်နှင့် TNLA တိုက်ပွဲဖြစ်

စာ 6

## ရိုက်ရဲလား မေးသူ အရိုက်ခံရ၍ သေဆုံး

စာ 27

## အစိုးရ၏ စပါးဝယ်မည့်အစီအစဉ် ရပ်ဆိုင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

စပါးဈေးပြန်လည်မြင့်တက်လာပြီဖြစ်သည့်အတွက် အစိုးရက တောင်သူများထံမှ စပါးဝယ်ယူမည့်အစီအစဉ်ကို ရပ်ဆိုင်းလိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

သို့သော် စပါးဈေး ပြန်လည်ကျဆင်းပြီး တောင်သူများအဆင်မပြေဖြစ်လာမည်ဆိုပါက ယင်းအစီအစဉ်ကို ပြန်လည်လုပ်ဆောင်မည်ဖြစ်ကာ လက်ရှိအခြေအနေအရ ဝယ်ယူရန် မလိုအပ်တော့သည့်အတွက် ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"ဥပဒေအရကတော့ တောင်သူတွေက ထုတ်လုပ်မှု ကုန်ကျ စာ 4

## ရည်းစားကို ဆဲသူအား ဓားဖြင့်ထိုးသတ်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၉၈) ရပ်ကွက်၊ စက်မှုဇုန်(၁)၊ မက္ခရာမင်းသားကြီးလမ်းရှိ ပလတ်စတစ်စက်ရုံတစ်ရုံ အမျိုးသမီးအဆောင်ရှေ့တွင် ညစ်ညမ်းစွာ ဆဲဆိုနေသော အသက် ၂၈ နှစ်အရွယ် အမျိုးသားကို မိန်းကလေး၏ ရည်းစားဆိုသူက ဓားဖြင့်ထိုးသတ်ခဲ့ကြောင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ အမှတ်(၉၈)ရပ်ကွက်၊ မက္ခရာမင်းသားကြီးလမ်းတွင်နေထိုင်သူအသက် ၂၅ နှစ်အရွယ် ထွန်းထွန်းနိုင်(ခ)ထွန်းထွန်းသည် ဒီဇင်ဘာလ ၂၇ ညပိုင်းက ယင်းလမ်းရှိ ပလတ်စတစ်စက်ရုံ၏ အမျိုးသမီးအဆောင်ရှေ့တွင် ၎င်း၏ ရည်းစားဆိုသူကို ညစ်ညမ်းစွာဆဲဆိုနေသော ကျော်နိုင်ဦး(ခ)ကျော်ကြီးကို အသင့်ပါလာသောဓားဖြင့် စာ 4



# ဒေါ်လာဈေးတက်ခြင်းနှင့် ပတ်သက်၍ UMFCCI က အစိုးရကို အကြံပြု

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြံပေးပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများနှင့် ဆွေးနွေးထားသည့် အမေရိကန်ဒေါ်လာဈေးမြင့်တက်နေခြင်းနှင့်ပတ်သက်၍ အစိုးရထံသို့ပေးပို့မည့် အကြံပြုချက်များကိုယင်းအသင်းချုပ်က ထုတ်ပြန်လိုက်သည်။

ကုန်သည်/စက်မှုအသင်းချုပ် (UMFCCI) အနေနှင့် နိုဝင်ဘာလ ၂၃ ရက်နေ့နှင့် ဒီဇင်ဘာလ ၁၉ ရက်နေ့တို့တွင် အသင်းချုပ်၏ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်း၊ ပုဂ္ဂလိက ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် တွေ့ဆုံ၍ ဒေါ်လာဈေးမြင့်တက်နေခြင်းအခြေအနေ၊ အကြောင်းအရင်းများနှင့် တည်ငြိမ်စေရေးအတွက် လုပ်ဆောင်ရမည်များကို ဆွေးနွေးခဲ့ကြသည်။

### ငွေလဲနှုန်းတည်ငြိမ်စေရန် အစိုးရထံတင်ပြမည့် UMFCCI ၏ အကြံပြုချက်အချို့

| စဉ် | အကြံပြုချက်များ |
|---|---|
| ၁ | ဗဟိုဘဏ်အနေဖြင့် လက်ရှိကျင့်သုံးနေသော Managed Free Floating Exchange Rate အစား Floating Exchange Rate စနစ်ကို ပြောင်းလဲကျင့်သုံး၍ ငွေကြေးဈေးကွက် မတည်ငြိမ်မှုကို ပျော့ပျောင်းစွာထိန်းညှိပေးရန် |
| ၂ | ဗဟိုဘဏ်မှ တရားမဝင်ငွေကြေးဈေးကွက်ကို တိုက်ဖျက်ပြီး ဘဏ်လုပ်ငန်းများနှင့် အသုံးပြုသူများကြားတွင်သာ တိုက်ရိုက်အရောင်းအဝယ်ပြုစေရန် |
| ၃ | နိုင်ငံခြားဘဏ်အကောင့်မှ တစ်နေ့လျှင် အများဆုံး ကန်ဒေါ်လာ ၅၀၀၀ ဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်သာ ငွေထုတ်ယူရန် သတ်မှတ်တားမြစ်ထားမှုကို ချက်ချင်းပယ်ဖျက်ရန် |
| ၄ | နိုင်ငံခြားရောက် မြန်မာအလုပ်သမားများ၏ ပြန်ပို့ငွေများ တရားဝင်နည်းလမ်းများမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာရေးနှင့် နိုင်ငံခြားဘဏ်များ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် စသည်တို့တွင် မြုပ်နေသည့်နိုင်ငံခြားငွေများ ငွေကြေးဈေးကွက်အတွင်းသို့ စီးဆင်းလည်ပတ်စေရေး ဆောင်ရွက်ရန် |
| ၅ | ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ၏ ငွေလွှဲပေးချေမှုတွင် ကျပ်ငွေကိုသာ အသုံးပြုရေးမူဝါဒများ ချမှတ်ရန်(ဥပမာ-ဟိုတယ်နှင့် စားသောက်ကုန်လုပ်ငန်း၊ လေကြောင်း အကြံပေးဝန်ဆောင်မှုနှင့် လူသုံးကုန်ထုတ်လုပ်ငန်းများနှင့် လစာများပေးချေခြင်းများတွင်) |
| ၆ | လက်ရှိကောက်ခံလျက်ရှိသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ပယ်ဖျက်ရန်မလိုအပ်ပါ။ အခွန် ၂ ရာခိုင်နှုန်းသည် လုပ်ငန်းရှင်များ ဝန်ပိခြင်းမရှိပါ။ |
| ၇ | နိုင်ငံခြားမှ တင်သွင်းမှုအများဆုံးဖြစ်သော ကုန်ပစ္စည်းများကို လေ့လာပြီး အရေးကြီး လိုအပ်မှုအပေါ် ဦးစားပေးသတ်မှတ်ကာ အချို့ကုန်ပစ္စည်းများကို လျှော့ချရန် |

မြန်မာ့ကျပ်ငွေတန်ဖိုးသည် ၂၀၁၆ ခုနှစ် အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း ၁၇ ရာခိုင်နှုန်းအထိကျဆင်းပြီး ဒေါ်လာလဲနှုန်း မြင့်တက်လာခြင်းကြောင့် မြန်မာ့စီးပွားရေးကဏ္ဍအပေါ် ထိခိုက်မှုများဖြစ်ပေါ်စေကာ အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာနိုင်သည့်အတွက် ငွေလဲနှုန်း ပြန်လည်တည်ငြိမ်လာစေရေးအတွက် ကုန်သည်/စက်မှုအသင်းချုပ်က အစိုးရထံသို့ အကြံပြုတိုက်တွန်းချက်များ အစီရင်ခံစာကို ပေးပို့မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ဒီအတိုင်းဆက်သွားမယ်ဆိုရင် သွင်းကုန်ဈေးနှုန်းတွေက မြင့်တက်သွားနိုင်တာပေ့ါ။ ပိုဆိုးတာက ဒီလိုအတက်အကျတွေ များနေတာကြောင့် ပြည်ပကသွင်းလာတဲ့ပစ္စည်းတွေကို ဘယ်လိုဈေးဖွင့်ပြီး ဘယ်လိုရောင်းရမလဲမသိဖြစ်ပြီး အထွေထွေကုန်စည်ဈေးကွက်ပါ ကမောက်ကမ ဖြစ်သွားနိုင်တယ်"ဟု UMFCCI ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောဆိုသည်။

လက်ရှိဒေါ်လာဈေးမြင့်တက်နေခြင်းသည် မြန်မာ့ငွေကြေးဈေးကွက်အတွင်း နိုင်ငံခြားငွေဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟမှုမြင့်မားနေခြင်းကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်လာကာ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းလာခြင်းဖြစ်ကြောင်း ယင်းအစီရင်ခံစာကဆိုသည်။

ငွေလဲနှုန်းမြင့်တက်ခြင်း၏ အဓိကအကြောင်းအရင်းများမှာ ကုန်သွယ်မှုလိုငွေမြင့်မားခြင်း၊ တရားမဝင် ငွေကြေးဈေးကွက် အားကောင်းနေခြင်းနှင့် ဒေါ်လာဈေးကစားခြင်းများကြောင့်ဖြစ်သည်ဟု ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒေါ်လာဈေးသည် မော်တော်ယာဉ်တင်သွင်းခွင့်များ ရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြန်လည်ကျဆင်းခဲ့ရာမှ ပြန်လည်မြင့်တက်လာပြီး ဝယ်လိုအားပြန်လည်မြင့်တက်လျက်ရှိကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ ကုန်သည်/စက်မှုအသင်းချုပ်၏ အကြံပြုအစီရင်ခံစာ ထုတ်ပြန်ခြင်းသည် ကောင်းမွန်သည့်သက်ရောက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက မှတ်ချက်ပြုသည်။

■ S-04

## ဒေါက်တာ သန်းထွဋ်အောင်၏ ဆန္ဒအရ တောင်းပန်စာထုတ်ပြန်ခြင်းဟု Eleven အတည်ပြု

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

The Daily Eleven သတင်းစာနှင့် ဒီဇင်ဘာ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို Eleven Media Group ၏ CEO နှင့် Eleven Media Group မှ အနူးအညွတ် တောင်းပန်စာမှာ ဒေါက်တာသန်းထွဋ်အောင်၏ သဘောဆန္ဒအတိုင်း ဖော်ပြခဲ့ခြင်းဖြစ်ကြောင်း The Daily Eleven နေ့စဉ်ထုတ်သတင်းစာမှတာဝန်ခံအယ်ဒီတာ ကိုကျော်ဇောလင်းက အတည်ပြုပြောကြားသည်။

"ကာယကံရှင်ဖြစ်တဲ့ CEO ဒေါက်တာသန်းထွဋ်အောင်ရဲ့ ဆန္ဒအရ ထည့်ပေးတာပါ၊ သူ့ဆန္ဒအတိုင်း ကျွန်တော်တို့က ထည့်ပေးတာပါ။ အလုပ်တစ်ခုအနေနဲ့ လုပ်သင့်တာ လုပ်ပေးလိုက်တာပါ" ဟု ကိုကျော်ဇောလင်းက ဆိုသည်။

The Daily Eleven သတင်းစာ၊ ANN (အာရှသတင်းကွန်ရက်) နှင့် Facebook စာမျက်နှာတို့တွင် ဖော်ပြခဲ့သော 'ရွှေးကောက်ပွဲ တစ်နှစ်ကြာသော်' အယ်ဒီတာ့အာဘော်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းအစိုးရအဖွဲ့နှင့် ပတ်သက်ပြီး မဟုတ်မမှန် အခြေအမြစ်မရှိ ဖော်ပြထားသော လွဲမှားသည့် အချက်အလက်များ ဖြစ်နေခြင်းအတွက် များစွာ စိတ်မကောင်းမိကြောင်း၊ ယင်းကဲ့သို့ မှားယွင်းရေးသား ဖော်ပြခဲ့သည့်အတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့သော ဝန်ကြီးချုပ်နှင့် တိုင်းအစိုးရအဖွဲ့ကို Eleven Media Group မှ အနူးအညွတ် ဝန်ချတောင်းပန်ကြောင်းကို ဒီဇင်ဘာ ၂၇၊ ၂၈ ရက်နေ့ထုတ် The Daily Eleven သတင်းစာနှင့် ဒီဇင်ဘာ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြခဲ့သည်။

အင်းစိန် အကျဉ်းထောင်တွင် အချုပ်သားအဖြစ် နေထိုင်နေရသည့် ခင်ပွန်းဖြစ်သူ၏အမှု ပြေလည်မှု ရရှိစေရန် ဒေါက်တာ သန်းထွဋ်အောင်၏ ဇနီးဖြစ်သူသည် ဒီဇင်ဘာလ ၂၆ ရက် နေ့က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် (ကိုယ်စား ) တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးကို သွားရောက်တွေ့ဆုံပြီးနောက် Eleven မီဒီယာ၏ တောင်းပန်စာကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း Eleven Media Group ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ထပ်မံအတည်ပြုပြောကြားထားသည်။

ဒေါ်လာသိန်းကျော်တန် နာရီ ဝန်ကြီးချုပ်ထံ လက်ဆောင်ပေးသည်ဟူသော Facebook တွင် ရေးသားချက်ကြောင့် ဒေါက်တာသန်းထွဋ်အောင်နှင့် Eleven Media Group တို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက တာမွေမြို့မ ရဲစခန်းတွင် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်တိုင်ကြားပြီး နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဒေါက်တာသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့ နှစ်ဦးက ရဲတပ်ဖွဲ့ထံ လာရောက်အဖမ်းခံခဲ့သည်။ ယင်းအပြင် Eleven Media Group က ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် အမှုဖွင့်တိုင်ကြားခဲ့သော Facebook Account ပိုင်ရှင်များ၏ အမှုများအားလုံးကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း ဒီဇင်ဘာလ ၆ ရက်နေ့ထုတ် The Daily Eleven သတင်းစာတွင် ဖော်ပြခဲ့သည်။

Eleven မီဒီယာ၏ တောင်းပန်မှုနှင့် ပတ်သက်၍ ဝါရင့်သတင်းစာဆရာတစ်ဦးဖြစ်သူ ဦးသီဟစောက "အခုကိစ္စမှာ စောစောစီးစီး တောင်းပန်ခွင့် ပြင်ဆင်ခွင့် မရတာလား၊ မပြင်တာလားဆိုတာ ကျွန်တော် မသိဘူး။ ကြန့်ကြာမှုတွေကြောင့် နှစ်ဖက်စလုံး နစ်နာပါတယ်။ မီဒီယာနဲ့ အစိုးရကြား အထင်မြင်လွဲမှုတွေ ဖြစ်လာနိုင်ပါတယ်။ ကျွန်တော့်အမြင်မှာတော့ အခုလို တောင်းပန်လိုက်တာ မှန်ကန်တဲ့ လုပ်ရပ်၊ သိက္ခာရှိတဲ့လုပ်ရပ်ပါ" ဟု မှတ်ချက်ပေးသည်။

■



ဓာတ်ပုံ - ရန်နိုင်

## တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုကြောင့် ရှမ်းအရှေ့ဒေသ တည်ငြိမ်အေးချမ်း ဟုဆို

**ကျိုင်းတုံ၊ ဒီဇင်ဘာ ၂၈**

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းပေါင်းများစွာ အခြေစိုက် နေထိုင်နေသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသတစ်ခုလုံး လက်ရှိအချိန်အထိ တည်ငြိမ်အေးချမ်းနေခြင်းသည် ဒေသခံတိုင်းရင်းသားများ၏ စုပေါင်းနေထိုင်သည့် စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်သည့် စွမ်းအားများကြောင့်ဖြစ်ကြောင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်အေးကပြောကြားသည်။

ကျိုင်းတုံမြို့ မြို့မအားကစားကွင်းကြီးတွင် ဒီဇင်ဘာလ ၂၈ရက် နံနက် ၁၀ နာရီက ကျင်းပသော အာခါတိုင်းရင်းသားစုပေါင်း နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနား၌ နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ၎င်းကအထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့သည်။

"ရရှိထားတဲ့ငြိမ်းချမ်းတဲ့ အခြေအနေတွေ တည်ငြိမ်အောင် ဆက်လက်ပြီးတော့ ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများက ကြိုးစားပြီးတော့ နေထိုင်သွားကြရမှာဖြစ်ပါတယ်" ဟု၎င်းက ပြောဆိုသည်။

မြန်မာနိုင်ငံ၌ ရာစုနှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီး ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက် နေသည့် အာခါတိုင်းရင်းသားများသည် ယနေ့နိုင်ငံတော်မှ အထူးအလေးထား ဆောင်ရွက်နေသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေး ရည်မှန်းချက်များကို အခြား တိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စု စိတ်ဓာတ်ဖြင့် လက်တွဲဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် အာခါတိုင်းရင်းသားရေးရာဝန်ကြီး ဦးအာဗလေက ပြောကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ၌ အများဆုံး နေထိုင်သည့် အာခါတိုင်းရင်းသားများသည် စုပေါင်း နှစ်သစ်ကူးပွဲတော်ကို ၁၉၇၅ ခုနှစ်က စတင်ကျင်းပခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် (၄၂)ကြိမ်မြောက် နှစ်သစ်ကူးပွဲတော်၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ်က နှစ်သစ်ကူးသဝဏ်လွှာ ပေးပို့ခဲ့သည့်အပြင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးအချို့တက်ရောက်ကြောင်း၊ ပွဲတော်ကို ဒီဇင်ဘာလ ၂၇ ရက်မှ ၂၉ရက်အထိ ကျင်းပမည်ဖြစ်သည်။

■ R-16



revicon
သက်လုံကောင်းဖို့ အားဖြည့်စို့
17 MULTIVITAMINS
MINERALS
GINSENG
ROYAL JELLY
MULTIVITAMINS
revicon max
ရယ်ဗီကွန်နဲ့သင့်ကိုယ်ခန္ဓာအတွက် လိုအပ်တဲ့ ခွန်အားများကို နေ့စဉ်ဖြည့်တင်းလိုက်ပါ။
ရယ်ဗီကွန်မှာပါဝင်တဲ့ ဗီတာမင် နှင့် သတ္တုဓာတ်(၁၇)မျိုး တို့က ကိုယ်ခန္ဓာအတွက်
လိုအပ်တဲ့ခွန်အားများကိုမြှင့်တင်ပေးပြီး ဂျင်ဆင်းနဲ့ ပျားသုဓါ တို့ရဲ့ ပေါင်းစပ်
အာနိသင်ကြောင့် ကြံ့ခိုင်ပြီး သက်လုံကောင်းစေပါတယ်။
UNITED PHARMA

# “. . . ပြဿနာကို မီးထွန်းရှာမယ်ဆိုရင် တူညီတဲ့ တုံ့ပြန်မှုရှိမယ်”

## သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးနှင့် တွေ့ဆုံခြင်း

ကျော်စိုးဦး

**ရခိုင်ပြည်နယ်သို့ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရန် မလေးရှားနိုင်ငံ အစ္စလာမ္မစ်အဖွဲ့အစည်းများ အတိုင်ပင်ခံကောင်စီက ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံအစိုးရ၏ ခွင့်ပြုချက်မရှိဘဲ ဇန်နဝါရီ ၁၀ ရက်တွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ထွက်ခွာလာမည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရ၏ သဘောထားကို သိရှိနိုင်ရန်အတွက် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးထံ The Voice က ဆက်သွယ်မေးမြန်းခဲ့သည်။**

**Voice ： မလေးရှားနိုင်ငံ အစ္စလာမ္မစ်အဖွဲ့အစည်းများ အတိုင်ပင်ခံကောင်စီရဲ့ ထောက်ပံ့ရေး ရေယာဉ်တွေက ဇန်နဝါရီလဆန်းပိုင်းမှာ မြန်မာနိုင်ငံသို့ ဝင်ရောက်မယ်လို့ သတင်းထုတ်ပြန်မှုတွေ ရှိနေတယ်။ အဲဒီထောက်ပံ့ရေး ရေယာဉ်တွေ ဝင်ရောက်လာမယ့်ကိစ္စက မြန်မာအစိုးရက ခွင့်ပြုပေးထားတဲ့ အခြေအနေ ရှိနေပြီလား။**

**UZH** ： ပထမဆုံးအနေနဲ့ မလေးရှားနိုင်ငံက ထုတ်တဲ့သတင်းတွေမှာ တွေ့ရတာက သူတို့သဘောနဲ့ စေလွှတ်မည့် အနေအထား တွေ့ရပါတယ်။သူတို့သဘောနဲ့ လွှတ်မယ်ဆိုတဲ့ ပုံသဏ္ဍာန်ပြောထားတယ်။ ပြောထားတဲ့အတွက် ပြောထားတဲ့အတိုင်းပဲ ကျွန်တော်တို့က တုံ့ပြန်တာ။ တရားဝင်ခွင့်ပြုချက်တောင်းပြီး ပို့ချင်တာလား။ ပို့ချင်တယ်ဆိုရင် တံခါးဖွင့်ပေးထားတယ်။ အာဆီယံနိုင်ငံတွေကို ရန်ကုန်မှာ လုပ်ခဲ့တဲ့ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေ အစည်းအဝေးမှာ ပြောဆိုထားပြီးဖြစ်တယ်။ လူသားချင်း စာနာထောက်ထားမှု အကူအညီတွေ ပံ့ပိုးပေးဖို့ ပူးပေါင်းဆောင်ရွက်ဖို့ ပြောဆိုထားပြီးဖြစ်တယ်။ နောက်ပိုင်းမှာ အင်ဒိုနီးရှားနိုင်ငံက Indio-X ဆိုတဲ့ အဖွဲ့အစည်းရှိတယ်။ NGO ပေါ့။ အဲဒီ NGO ကပို့ဆောင်ချင်တဲ့ ထောက်ပံ့ကူညီမှုတွေကို ကျွန်တော်တို့က ရခိုင်ပြည်နယ်က သူတို့ပို့ချင်တဲ့ နေရာတွေဖြစ်တဲ့ စစ်တွေဘက်တို့ ဒုက္ခသည်စခန်းတွေကို ပို့ပေးနေပါတယ်။ Indio-X ပစ္စည်းတွေကို ပြည်ထောင်စုအစိုးရရယ်၊ ပြည်နယ်အစိုးရရယ် ညှိနှိုင်းပြီး ပို့ဆောင်ပေးပါတယ်။

**Voice ： မြန်မာပိုင်နက်အတွင်းကို မလေးက ထောက်ပံ့ရေး ရေယာဉ်တွေ ဝင်ရောက်လာမယ်ဆိုရင် ဘယ်လိုတုံ့ပြန်မှာလဲ။ လက်ရှိအခြေအနေအပေါ် မလေးရှားရဲ့သတင်းထုတ်ပြန်ချက်ကို ဘယ်လို ဆောင်ရွက်မှာလဲ။**

**UZH** ： အဲဒီအပေါ်မှာ မေးခွန်းနှစ်ခုရှိတယ်။ ပထမမေးခွန်းက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ အမှန်တကယ်ပေးချင်တာလား။ အမှန်တကယ် ပေးချင်တယ်ဆိုရင် ကျွန်တော်တို့အစိုးရကိုပြောပါ။ အစိုးရထံ ခွင့်ပြုချက်တောင်း။ ကျွန်တော်တို့ ညှိနှိုင်းပေးမယ်။ ညှိနှိုင်းပေးမယ်ဆိုတာ ဒီပစ္စည်းတွေသူတို့သဘောနဲ့ လှူချင်တာလား။ ညှိနှိုင်းစရာတွေက နည်းလမ်းတွေ အများကြီးရှိတယ်။ သူတို့ကူညီချင်တာ ဘာလဲ၊ ကျွန်တော်တို့ဆောင်ရွက်ပေးနိုင်တာ ဘယ်လိုရှိလဲ။ အဲဒီအပေါ် ညှိနှိုင်းပြီး ဆောင်ရွက်ပေးမှာဖြစ်တယ်။ လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ အမှန်တကယ် ပေးချင်တယ်ဆိုရင် တရားဝင်ခွင့်ပြုချက်တောင်း၊ သဘောတူညီချက်တောင်း။ ဒီဘက်က စီစဉ်ပေးတဲ့အတိုင်း ဆောင်ရွက်။ နောက်မေးခွန်းက လူသားချင်းစာနာထောက်ထားမှု အမှန်တကယ် မဟုတ်ဘဲ ပြဿနာရှာချင်တာလား။ ပြဿနာကို မီးထွန်းပြီး ရှာချင်တယ်ဆိုရင် ကျွန်တော်တို့က ပြဿနာရှာတာနဲ့တူညီသော တုံ့ပြန်မှုလုပ်ရမယ်။ သူတို့မှန်းထားတယ်ဆိုတဲ့ နည်းလမ်းသုံးရပ်ရှိတယ်။ သူတို့မှန်းထားတဲ့ ပထမနည်းလမ်းတော့ မရဘူး။ နည်းလမ်းနှစ်နဲ့ သုံးက မလွဲမသွေ ရလိမ့်မယ်။



ဓာတ်ပုံ- မြင့်မိုးညို

**Voice ： ယခုလို ကိစ္စရပ်တွေ မပေါ်ပေါက်ခင်မှာ မလေးဝန်ကြီးချုပ်ကိုယ်တိုင် မြန်မာအရေးနဲ့ ပတ်သက်ပြီး ဝင်ရောက်စွက်ဖက်မှုတွေရှိတော့ မြန်မာနိုင်ငံက ဘယ်လိုတုံ့ပြန်မှုတွေ ရှိနေပြီလဲ။**

**UZH** ： အာဆီယံအပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်ရွက်မှာဖြစ်တယ်။ အစိုးရအပိုင်းက အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေကို ခေါ်ပြီးရှင်းပြလိုက်ပြီ။ အာဆီယံ ၁၀ နိုင်ငံရှိတယ်။ အားလုံးက တညီတညွတ်တည်းထောက်ခံတယ်။ မြန်မာနိုင်ငံရဲ့ဆောင်ရွက်ချက်တွေကို အပြုသဘောဆောင်ပြီး ထောက်ခံတယ်။ ဒီပြဿနာရဲ့ အကျယ်အဝန်းနဲ့ နက်ရှိုင်းမှုကို သူတို့သိတယ်။ အချိန်တိုတိုအတွင်း ပြေလည်အောင် ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ အစိုးရရဲ့ ဆောင်ရွက်ချက်တွေကို သူတို့က လက်ခံတယ်။ အဲမှာ လူသားချင်းဆိုင်ရာ အကူအညီတွေပေးဖို့ အာဆီယံတွေက ဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်မယ်ဆိုပြီး ဆွေးနွေးခဲ့ကြတယ်။

**Voice ： မြန်မာနိုင်ငံအစိုးရရဲ့ ခွင့်ပြုချက်မရှိဘဲ မလေးရှားနိုင်ငံက အဖွဲ့အစည်းတွေက အခုလို ဆောင်ရွက်ချက်တွေအပေါ် မြန်မာနိုင်ငံဆိုင်ရာ မလေးရှား သံအမတ်ကို ခေါ်ယူသတိပေးမှု ပြုလုပ်သွားဖို့ ရှိလား။**

**UZH** ： လက်ရှိအခြေအနေအပေါ်မှာဆိုရင် ဒီအဖွဲ့အစည်းက ဘာအဖွဲ့အစည်းလဲဆိုတော့ ဘာသာရေးအဖွဲ့အစည်းဖြစ်တယ်။ ဘာသာရေးအဖွဲ့အစည်းက အစိုးရကို ကိုယ်စားပြုမှု ရှိ-မရှိ ဆက်စပ် စဉ်းစားတယ်။ ကျွန်တော်တို့ကို တရားဝင်ပြောရင် တရားဝင်ညှိနှိုင်းဆောင်ရွက်ပေးမယ်။ တရားဝင်ခွင့်တောင်းတာ မလုပ်ဘူး ခုနကလို ပြဿနာကို မီးထွန်းရှာမယ်ဆိုရင် တူညီတဲ့ တုံ့ပြန်မှုရှိမယ်။ အခုကိုင်တွယ်နေတဲ့ အစိုးရကို ပြည်သူလူထု အပါအဝင်အားလုံးက လက်ခံတဲ့ အနေအထားကို ရောက်နေတယ်။ အခုလိုအနေအထားကို ပျက်ပြားအောင် သွေးထိုးနှောင့်ယှက်တဲ့ သဘောဖြစ်တဲ့ ဘာသာရေးကို ဗန်းမပြနဲ့။ ဘာသာရေးကို အသုံးမချနဲ့။

**Voice ： မလေးရှားရဲ့ဆောင်ရွက်ချက်တွေအပေါ် ဖြည့်စွက်ပြောဖို့ရှိရင် သိပါရစေ။**

**UZH** ： မြန်မာနိုင်ငံအနေနဲ့ UN အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းတွေရဲ့ ကူညီထောက်ပံ့မှုတွေကို ပူးပေါင်းပြီးဆောင်ရွက်နေတယ်။ လက်ရှိသတင်းတွေလည်း ထုတ်ပြန်ပေးနေတယ်။ အလားတူပဲ အာဆီယံမိတ်ဆွေဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံက Indio-X ဆိုတဲ့အဖွဲ့အစည်းရဲ့ထောက်ပံ့ကူညီမှုတွေ ရခိုင်ပြည်နယ်ရောက်အောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့တယ်။ ကျွန်တော်တို့ပြောချင်တာက တစ်အချက် ဘာသာရေးကို အသုံးမချပါနဲ့။ ဘာသာရေးကို ဗန်းမပြနဲ့။ ဘာသာရေးကို အလွဲသုံးစားမလုပ်နဲ့။ ဘာသာရေးကို အကြောင်းပြုပြီး ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်မှုပျက်ပြားအောင်မလုပ်နဲ့။ ဒါကိုပြောချင်တယ်။ နှစ်အချက်က လူသားချင်းစာနာထောက်ထားမှုတွေ ပေးချင်တယ်ဆိုရင် အမှန်တကယ်ပေးအပ်နိုင်တဲ့ နည်းလမ်းအရ အစိုးရကို တရားဝင်ခွင့်တောင်းပါ။ ခွင့်ပြုချက်ယူ။ သဘောတူညီချက်ယူ။ အစိုးရ စီစဉ်ပေးတဲ့အတိုင်းလုပ် သူတို့ပစ္စည်းတွေ ရောက်သွားစေရပါမယ်။ အချက်သုံးကတော့ ဘာသာရေးအကြောင်းပြုပြီး ပြဿနာကို မီးထွန်းရှာတာမျိုး လုပ်လာမယ်ဆိုရင်တော့ မြန်မာနိုင်ငံက ဘယ်နိုင်ငံမှ လက်မခံသလို မြန်မာနိုင်ငံကလည်း လက်မခံဘူး။ ■

ကျော်စိုးဦး

---

### မျက်နှာဖုံး - အစိုးရ၏ စပါးဝယ်မည့်အစီအစဉ် ရပ်ဆိုင်း မှ အဆက်

စရိတ်ထက် လျော့နည်းနေမယ်ဆိုရင်၊ သူတို့အတွက် အကျိုးအမြတ် မရှိဘူးဆိုရင် ဝယ်ပေးရမယ်လို့ ဥပဒေမှာ ပါပါတယ်။ လက်ရှိဈေးနှုန်း အနေအထားအရ တောင်သူတွေက ထိုက်သင့်တဲ့အကျိုးအမြတ် ရနေပြီဖြစ်တဲ့အတွက်ကြောင့် အခု လောလောဆယ်တော့ ဝယ်ဖို့အစီအစဉ်မရှိသေးပါဘူး” ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောဆိုသည်။

အောက်တိုဘာလအတွင်း မိုးစပါးအသစ်များ စတင်ထွက်ပေါ်ချိန်တွင် စပါးထုတ်လုပ်မှု ကုန်ကျစရိတ်အောက်ပင် ဈေးနိမ့်ခဲ့သည်။ ယင်းကြောင့် တောင်သူများထံမှ စပါး တင်း ၁၀၀ လျှင် ကျပ် လေးသိန်းခန့် ဖြင့် ဝယ်ယူပေးရန် စီးပွား / ကူးသန်း ဝန်ကြီးဌာနက ဆောင်ရွက်ခဲ့သည်။

“ဒါကကောင်းပါတယ်။ တောင်သူတွေလည်း အခုဈေးကောင်းရနေပြီလေ။ ရပ်ဆိုင်းသင့်ပါတယ်” ဟု ဆန်ကုန်သည် ဦးဇော်ခိုင်က ပြောဆိုသည်။

လက်ရှိစပါးဈေးကွက်အတွင်း စပါးဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိပြီး ဆန်ကြမ်းစပါး တင်း ၁၀၀ လျှင် ကျပ် ၅၀၀,၀၀၀ ခန့်နှင့် ပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၇၂၀,၀၀၀ မှ ၇၅၀,၀၀၀ ခန့် ဈေးရှိကြောင်း အဆိုပါဈေးကွက်အတွင်းမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနှင့် နိုဝင်ဘာလအတွင်းက ပြည်ထောင်စုအစိုးရထံမှ ဘတ်ဂျက်တောင်းခံ၍ တောင်သူများထံမှ စပါးဝယ်ယူမည့်အစီအစဉ်ကို လုပ်ဆောင်ခဲ့ရာတွင် နှုတ်သဘောဖြင့်ပင် ဘတ်ဂျက်ခွင့်ပြုချက်ရရှိရန် သဘောတူညီမှုရရှိခဲ့ကာ ရန်ကုန်၊ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စပါးဝယ်ရေးအဖွဲ့များဖွဲ့၍ ဝယ်ယူရန် စီစဉ်ခဲ့သည်။ ■ S-04

---

### မျက်နှာဖုံး - ရည်းစားကို ဆဲသူအား ဓားဖြင့်ထိုးသတ် မှ အဆက်

ထိုးသတ်ခဲ့ခြင်းဖြစ်ကြောင်း ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“နှစ်ယောက်စလုံးက စက်ရုံအလုပ်သမားတွေပါပဲ၊ စက်ရုံအမျိုးသမီးအဆောင်ရှေ့မှာ အလုပ်သမားနှစ်ဦးရန်ဖြစ်နေတယ်ဆိုပြီးကြားလို့ သွားကြည့်ရင်းဓားထိုးခံရတာကိုတွေ့ခဲ့ရတာ၊ မေးကြည့်လိုက်တော့ ကောင်မလေးကိုညစ်ညမ်းစွာဆဲဆိုနေလို့ သူ့ရည်းစားက ဓားနဲ့ထိုးခဲ့တာလို့ အမှုဖွင့်တိုင်ချက်အရသိရတယ်။ ပြစ်မှုကျူးလွန်သူကိုလည်း ချက်ချင်းပဲ ဖမ်းမိခဲ့ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဓားထိုးခံရမှုကြောင့် အသက် ၂၈ နှစ်အရွယ် ကျော်နိုင်ဦး(ခ)ကျော်ကြီးမှာ ရင်ညွန့်သွေးထွက်ဒဏ်ရာ တစ်ချက်ရရှိပြီး သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားသဖြင့် ပြစ်မှုကျူးလွန်သူအား ဒဂုံဆိပ်ကမ်းမြို့မရဲစခန်းက (ပ)၁၃၇၉/၁၆၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် ဖမ်းဆီးစစ်ဆေးနေကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှသိရှိရသည်။ ■ J 16

---

## မီဒီယာသမားများ အကာအကွယ်ပေးနိုင်ရေး သတင်းမီဒီယာကောင်စီနှင့် အထူးကော်မရှင်တွေ့ဆုံ

**နေပြည်တော်၊ ဒီဇင်ဘာ ၂၈**

သတင်းမီဒီယာသမားများ လုပ်ကြံသတ်ဖြတ်ခံရခြင်း၊ ချောင်းမြောင်းရိုက်နှက်မှုများအပြင် ပုဒ်မ ၆၆ (ဃ) ဖြင့် အရေးယူမှုများကြောင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ဆန်းစစ်ရေးကော်မရှင်အဖွဲ့တို့ ဒီဇင်ဘာ ၂၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းတွေ့ဆုံမှုကို လွှတ်တော်ဝန်းအတွင်းရှိ I-1 တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သတင်းမီဒီယာများကို ဥပဒေနှင့် အညီ အကာအကွယ်ပေးနိုင်ရေးအတွက် ပြုပြင်ခြင်းများ ပြုလုပ်ရန် သဘောတူခဲ့ကြောင်း ကောင်စီအဖွဲ့ဝင်များထံမှသိရသည်။

“ဘယ်လိုပြုပြင်မလဲဆိုတာကိုတော့ အသေးစိတ်ပြောဖို့ စောပါသေးတယ်၊ မူအားဖြင့် သဘောတူပါတယ်၊ မီဒီယာတွေကိုပိုပြီးတော့အကာအကွယ်ပေးမယ်၊ အဲ့ဒါကို ဥက္ကဋ္ဌ(သူရဦးရွှေမန်း)တို့ဘက်က သဘောတူပါတယ်” ဟုမြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းက ပြောကြားသည်။

မဏ္ဍိုင်ကြီးလေးရပ်တွင် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာသမားများသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါရှိနေသည့်အတွက် ဥပဒေနှင့်အညီလိုအပ်သည့် အကာအကွယ်များဖြင့် ကူညီပေးသွားမည်ဟု ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆိုသည်။

“လိုအပ်တဲ့ အကူအညီ၊ လိုအပ်တဲ့ ကာကွယ်မှုပေးဖို့လိုတယ်၊ သတင်းမီဒီယာသမားများ လိုအပ်တဲ့ ကာကွယ်မှုတွေကိုလည်းပဲ လိုအပ်တဲ့ဥပဒေတွေ ကူညီသွားမယ်၊ ဒါကိုလည်း သဘောတူညီကြတယ်” ဟု သူရဦးရွှေမန်းက ပြောသည်။

လက်ရှိဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ကို ပြင်ဆင်ရန် လွှတ်တော်သို့တင်ပြထားပြီးဖြစ်ကြောင်း သူရဦးရွှေမန်းက ဆိုသည်။

“မီဒီယာဥပဒေပြင်ဖို့ ကော်မရှင်အားကိုယူရမှာ ဖြစ်ပါတယ်” ဟု ဦးအောင်လှထွန်းက ဆိုသည်။ ■

# ငြိမ်းချမ်းရေးရန်ပုံငွေ အစိုးရနှင့် NRPC မပိုင်ဟု ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

ငြိမ်းချမ်းရေး ရန်ပုံငွေများကို အစိုးရနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC က ပိုင်ဆိုင်ခြင်းမဟုတ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

ဒီဇင်ဘာလ ၂၈ ရက်က ရန်ကုန်မြို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordinating Body for Peace Process Funding-JCB)အစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေး ရန်ပုံငွေများကို နိုင်ငံတကာမှ ထောက်ပံ့သည်ဖြစ်စေ၊ ပြည်တွင်းအလှူရှင်များက ထောက်ပံ့သည်ဖြစ်စေ နိုင်ငံသူနိုင်ငံသားများကို လှူဒါန်းခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးရ တစ်ခုတည်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ပိုင်ဆိုင်ခြင်းမဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသည်။

အဆိုပါရန်ပုံငွေများကို စိစစ်ရာတွင်လည်း မည်သည့်အတွက်ကြောင့် မည်သည့်နေရာတွင် သုံးစွဲရသည်ကို လိုအပ်သလို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရန် လိုအပ်ကြောင်း၊ ရန်ပုံငွေ လုံလောက်မှု မရှိ၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ထိခိုက်မှုမျိုး မဖြစ်စေရန်၊ မလိုအပ်သည့် အပိုကုန်ကျမှုများ မရှိရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့က သဘောတူ ချမှတ်ထားသော ဦးစားပေးကဏ္ဍကြီးများနှင့် ညီညွတ်မှု ရှိရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အပစ်ရပ်ထိုးထားသည့် လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ အပါအဝင် အပစ်ရပ်မထိုးထားသည့် လက်နက်ကိုင်များဘက်မှ 'ဝ' နှင့် မိုင်းလားကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း ယင်းအစည်းအဝေးမှ သိရသည်။

ထို့ပြင် အစည်းအဝေးတွင် ငြိမ်းချမ်းရေး ရန်ပုံငွေနှင့်ပတ်သက်သည့် JCB ၏ ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေကို မည်သို့ခွဲဝေသုံးစွဲမည်ကို အစုအဖွဲ့အလိုက် အလုပ်အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်များက လိုအပ်သည့် ငြိမ်းချမ်းရေးအတွက် ရန်ပုံငွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း အစည်းအဝေး တက်ရောက်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး (KNU)အထွေထွေအတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းက The Voice သို့ပြောကြားသည်။

ငြိမ်းချမ်းရေးရန်ပုံငွေ ခွဲဝေသည့် အလုပ်အဖွဲ့တွင် တိုင်းရင်းသားလက်နက်ကိုင်များ၏အချိုးအစား ပါဝင်မှုကို လက်နက်ကိုင်အချင်းချင်း ဆက်လက်ညှိနှိုင်းရမည်ဖြစ်သောကြောင့် ယင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းမရှိကြောင်း ဖဒိုစောကွယ်ထူးဝင်းက ပြောဆိုသည်။

"ဒီဘဏ္ဍာငွေကို ငြိမ်းချမ်းရေးကို အထောက်အကူပြုတဲ့ လုပ်ငန်းမှန်သမျှ အသုံးချသွားမှာဖြစ်တယ်။ စနစ်တကျ ထိထိရောက်ရောက် အသုံးချနိုင်ဖို့ Guide Line သေသေချာချာ ပြန်ရေးဆွဲရမယ် ဆိုတာတော့ မူအရ ဆွေးနွေးကြတယ်" ဟု ၎င်းကဆိုသည်။

ငြိမ်းချမ်းရေး ရန်ပုံငွေများကို အသုံးပြုရာတွင် ဦးစားပေး ခေါင်းစဉ်ကြီးများအဖြစ် အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) စသည်တို့တွင် အသုံးပြုသွားရန် မူဝါဒချထားကြောင်း ယင်းအစည်းအဝေးမှ သိရသည်။

ငြိမ်းချမ်းရေးရန်ပုံငွေ ခွဲဝေရေးနှင့်ပတ်သက်၍ မျှတမှု ရှိစေရေးအတွက် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်များ စုပေါင်းကော်မတီတစ်ရပ်ကို ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက်က တရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အစိုးရဘက်မှ ကော်မတီဝင် ရှစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ ရှစ်ဦး စုစုပေါင်း ၁၆ ဦးနှင့် အကြံပေးနှစ်ဦး ကော်မတီတွင် ပါဝင်မည်ဖြစ်ပြီး အပစ်ရပ်စာချုပ်လက်မှတ် မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များလည်း ပါဝင်ကြောင်း ယင်းကော်မတီထံမှသိရသည်။

မြန်မာနိုင်ငံတွင် ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် ကုလသမဂ္ဂမှ ပံ့ပိုးကူညီပေးရန် ငြိမ်းချမ်းရေး ရန်ပုံငွေအဖွဲ့ (Joint Peace Fund) ကို တည်ထောင်ထားပြီး လာမည့် ခြောက်နှစ်တာကာလအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်းတစ်ရာကျော် ပေးအပ်ရန် ကတိကဝတ်ပြုပြီးဖြစ်ကြောင်း ယင်းအဖွဲ့အစည်း၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ကြေညာထားသည်။

လက်ရှိအချိန်အထိ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ဖင်လန်၊ အီတလီ၊ ဆွစ်ဇာလန်၊ ယူကေနှင့် အမေရိကန် ပြည်ထောင်စုတို့မှ ရန်ပုံငွေများ ထည့်ဝင်ရန် ကတိပြုထားကြောင်း သိရသည်။ ■

J-08



ဓာတ်ပုံ-မောင်သန့်

အရေးပေါ်လူနာဌာနဖွင့်ထားပေးမည့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး

# နှစ်သစ်ကူးည မန္တလေးဆေးရုံကြီး အရေးပေါ်ဌာနဖွင့်ထားမည်

**မန္တလေး၊ ဒီဇင်ဘာ ၂၈**

မန္တလေးမြို့ပေါ်၌ နှစ်သစ်ကူးည (ဒီဇင်ဘာလ ၃၁ ရက်) တွင် အရေးပေါ်လူနာဌာန ဖွင့်ထားပေးမည်ဖြစ်ပြီး ဆေးကုသမှုပေးနိုင်ရန် ဆရာဝန် ၃၀ ဦးနှင့် သူနာပြု ၄၀ ဦး တာဝန်ချထားကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးဌာနထံမှ သိရသည်။

အရေးပေါ်လူနာများ ရောက်ရှိလာပါက အလျင်အမြန်ကုသပေးနိုင်ရေးအတွက် လူနာတင်လှည်း ၄၀၊ လက်တွန်းလှည်း ၂၀ နှင့် ဆေးဝါးများ၊ ဓာတ်မှန်၊ ဓာတ်ခွဲစက်ကဲ့သို့သော ရောဂါရှာဖွေရေးစက်များကိုလည်း ပြင်ဆင်ထားကြောင်း၊ ယင်းညအတွင်း အရေးပေါ်ဌာန၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဌာန၊ အရိုးနှင့် ထိခိုက်ဒဏ်ရာ ကုသရေးဌာန၊ မျက်နှာနှင့် မေးရိုးအထူးကုဌာနနှင့် ခွဲစိတ်ကုသဌာနတို့ ဖွင့်ထားပေးမည်ဖြစ်ကြောင်း ယင်းဆေးရုံ ဆေးလူမှုဆက်ဆံရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောကြားသည်။

"အဲဒီညမှာက စည်းကမ်းတကျ ပျော်ပါးကြတဲ့သူတွေရှိသလို သောက်စားမူးယစ်ပြီး ထိခိုက်ဒဏ်ရာရတဲ့ လူတွေလည်း နှစ်စဉ်ရှိတယ်။ အဲဒီလိုလူနာတွေကို ကုသပေးနိုင်ဖို့ အသင့်ပြင်ဆင်ထားတာပါ" ဟု ၎င်းကရှင်းပြသည်။

နှစ်သစ်ကူးညတွင် ယာဉ်တိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ အရက်အလွန်အကျွံ သောက်စားမှုကြောင့် အမူးလွန်နေသည့် လူနာများ နှစ်စဉ်ရောက်ရှိလာတတ်ကြောင်း၊ ထိခိုက်ရှနာဖြစ်ခဲ့သူများ၊ ဦးခေါင်းထိခိုက်မှုများကို ကုသနိုင်ရေးအတွက်ပါ ပြင်ဆင်ထားကြောင်း ဦးမင်းလွင်က ဆက်လက်ပြောဆိုသည်။

မန္တလေးမြို့ခံ လူမှုကူညီရေး အသင်းများအနေနှင့် ယခင်နှစ် နှစ်သစ်ကူးညက မန္တလေးဆေးရုံကြီးသို့ပို့ဆောင်ပေးခဲ့ရသည့်လူနာ ၁၅၀ ခန့်ရှိခဲ့ကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးထံမှ သိရသည်။

"ကျွန်တော်တို့ လူမှုရေးအသင်းအနေနဲ့ နှစ်သစ်ကူးညမှာဆိုရင် အရင်နေ့တွေထက် လေး၊ ငါးဆလောက်ပိုပြီး ကူညီရတယ်။ ပုံမှန်မှာက တစ်ရက်ကို နှစ်ခေါက်လောက်ပို့ပေးရတယ်ဆိုရင် နှစ်သစ်ကူးနေ့မှာ ရှစ်ခေါက် ကိုးခေါက်လောက်အထိ သွားရတယ်" ဟု မဏ္ဍိစလ လူမှုကူညီရေးအသင်းမှ ရုံးအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ဆိုင်ကယ်မြို့တော်အဖြစ် ထင်ရှားသည့် မန္တလေးမြို့တော်၌ ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းသောကြောင့် ယာဉ်မတော်တဆမှု လစဉ်မြင့်တက်လျက်ရှိရာ ၂၀၁၅ ခုနှစ် ခရစ္စမတ်နေ့ညက မန္တလေးဆေးရုံကြီးသို့ အရေးပေါ်လူနာ ၂၀ ဦး ရောက်ရှိခဲ့ပြီး နှစ်သစ်ကူးညတွင် လူနာ ၄၀ ခန့် ရောက်ရှိခဲ့ကြောင်း၊ ယခုနှစ် ခရစ္စမတ်ညတွင် လူနာ ၂၇ ဦး ဆေးရုံတက်ကုသခဲ့ကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး စာရင်းများအရ သိရသည်။ ■

M-04

# တော်ဝင်စင်တာမှ အရောင်းဝန်ထမ်းအမျိုးသမီးစားထိုးခံရမှု ကျူးလွန်သူကို အမိန့်ချ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

တော်ဝင်စင်တာ ပထမထပ်ရှိ အသက် ၂၀ အရွယ် မျက်မှန်ဆိုင်အရောင်းဝန်ထမ်းအမျိုးသမီးကို ဓားထိုးမှုကျူးလွန်သည်ဟုဆိုသော အသက် ၂၃ နှစ်အရွယ် လွှမ်းနိုင်ဝင်း(ခ)နိုင်ဝင်း(ခ)မှတ်ကြီးကို ဒဂုံမြို့နယ် တရားရုံးက အလုပ်နှင့်ထောင်ဒဏ် ၄ နှစ်ကျခံစေရန် ဒီဇင်ဘာလ ၂၈ ရက်နေ့မွန်းလွဲပိုင်းက အမိန့်ချမှတ်ခဲ့သည်။

ဒဂုံမြို့နယ် ပြည်လမ်းမပေါ်ရှိ တော်ဝင်စင်တာပထမထပ်တွင် ဖေဖော်ဝါရီလ ၁၉ ရက်နေ့က မျက်မှန်ဆိုင်အရောင်းဝန်ထမ်းအမျိုးသမီးကို လွှမ်းနိုင်ဝင်း (ခ) နိုင်ဝင်း (ခ)မှတ်ကြီးကိုသွားရောက်တွေ့ဆုံစဉ် စကားများရန်ဖြစ်ပြီး အသင့်ပါလာသော ခေါက်ဓားဖြင့် ဆင့်ထိုးခဲ့ရာအမျိုးသမီး၏ ဘယ်ပါး၊ လက်မောင်း၊ လက်ဖျံနှင့်ရင်အုံတို့တွင် ထိုးသွင်းပြတ်ရှဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တင်ပို့ကုသခဲ့ရကြောင်း ဒဂုံမြို့နယ်ရဲတပ်ဖွဲ့ထံမှသိရှိရသည်။

"သက်သေတွေစစ်ဆေးတဲ့အခါမှာ တရားလိုဘက် ဦးစားပေးစစ်တာလည်း မဟုတ်သလို စွပ်စွဲခံရသူဘက်ကိုလည်း အမှန်တရားအတိုင်း ပေါ်ပေါက်အောင် စစ်ဆေးပေးတာ၊ အခုအမှုမှာ ကျူးလွန်သူကိုယ်တိုင်က အမှားသိပြီး မြောက်ဥက္ကလာပရဲစခန်းမှာ အဖမ်းခံဖြောင့်ချက်ပေးခဲ့တယ်၊ လူငယ်တစ်ယောက်အနေနဲ့နောက်နောင် ဒီလိုမဖြစ်အောင် ထိန်းသိမ်းသွားလိမ့်မယ်လို့ တရားရုံးကနေသုံးသပ် အမိန့်ချခဲ့တာပါ" ဟု ဒဂုံမြို့နယ်တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထောင်ဒဏ်ချမှတ်ခံရသည့် လွှမ်းနိုင်ဝင်း(ခ)နိုင်ဝင်း(ခ)မှတ်ကြီးကို ဓားထိုးခံရသူအမျိုးသမီး၏ အစ်မဖြစ်သူဒေါ်ဖြူသီက တရားစွဲဆိုထားသည့် ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်နှင့် ဒဂုံမြို့မရဲစခန်းမှူး ဒုရဲမှူးတင့်ဆွေကတရားစွဲဆိုထားသည့် လက်နက်ကိုင်ဆောင်မှုဥပဒေပုဒ်မ ၁၉(င)အရအလုပ်နှင့်ထောင်ဒဏ် ၁ နှစ်ကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ချုပ်ရက်များကို ထုတ်နုတ်ခံစားခွင့်ပြုခဲ့ကြောင်း ယင်းမြို့နယ်တရားရုံးထံမှ သိရှိရသည်။

အလားတူ နိုဝင်ဘာလ ၁၁ ရက်နေ့က စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဒဂုံစင်တာတွင် ဖန်စီဆိုင်အရောင်းဝန်ထမ်းအမျိုးသမီးကို ကတ်ကြေးဖြင့်ထိုးခဲ့သော အသက် ၂၄ နှစ်အရွယ် ကိုနေဒွေးကို ရာဇသတ်ကြီးပုဒ်မ ၃၂၆/ ၃၀၇ အရအလုပ်နှင့်ထောင်ဒဏ် ၁၄ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း ယင်းမြို့နယ်တရားရုံးထံမှ သိရှိရသည်။ ■ J 16


အကြွေးရှင်များသိစေရန်

ဦးအိုက်စန် AIDS ရောဂါဝေဒနာဖြင့် မကြာမီ သေဆုံးတော့မည် ဖြစ်ပါ၍ အကြွေးရရန် ကျန်ရှိသော ကုန်သည်များ အမြန်ဆုံးစာရင်းရှင်းပေးမည်။ အချိန်မီ လာရောက်ထုတ်ယူကြပါရန် အသိပေးအပ်ပါသည် ခင်ဗျား- - -

လေးစားစွာဖြင့်

ဦးအိုက်စန်

မြန်မာပြည်မှာ ဆန်းရှိုင်း

သားရေစစ်စစ်ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်

# E D I T O R I A L

# အိမ်ရာစီမံကိန်းများက ပြောသောစကား

ရန်ကုန်မြို့တော်တစ်ဝန်းတွင် တည်ဆောက်ဆဲ၊ တည်ဆောက်ရန်ဟန်ပြင်ဆဲ၊ တည်ဆောက်ပြီးစီးထားသော အိမ်ရာစီမံကိန်း အားလုံးနီးပါးမှာ ဝင်ငွေနိမ့် ပြည်သူများနှင့် များစွာအလှမ်းဝေးသည့် တန်ဖိုးကြီးအိမ်ရာများဖြစ်နေခြင်းမှာ ဆင်းရဲတွင်းနက်နေဆဲ နိုင်ငံတစ်ခုနှင့် များစွာ မဆီမလျော်ရှိလှသည်။

ယင်းအချက်သည် တစ်နေ့ရရှိသော ဝင်ငွေကိုအချိုးကျကြည့်ပါက နေစရာနှင့် စားစရာအတွက် ၈၀ ရာခိုင်နှုန်းခန့် သုံးစွဲနေရပြီး ကျန်နှစ်ဆယ် ရာခိုင်နှုန်းကို သွားလာစရိတ်နှင့် အခြားသော လူမှုရေး၊ ကျန်းမာရေးတို့အတွက် ဖျစ်ညှစ်သုံးစွဲနေရသည့် လူတန်းစား ၉၅ ရာခိုင်နှုန်းခန့် ရှိနေသော ရန်ကုန်မြို့တော်အတွက်လည်း များစွာ အကျည်းတန်လှသည်။

အာဏာရှင်စနစ်တစ်လျှောက် အာဏာရှိသူများနှင့် အလွန်းသင့်သူများ၊ အာဏာရှိသူများကို ကော်မရှင်ပေး၊ ရှယ်ယာခွဲပေးထားသူများ၊ အာဏာရှိသူများကို တပည့်ခံကာ ဆရာလုပ်နေသူများ ကြီးစိုးထားခဲ့သော မြန်မာ့စီးပွားရေးလောကတွင် အိမ်၊ ခြံ၊ မြေဈေးကွက်ကို ချုပ်ကိုင်ထားသူအများစုမှာလည်း ထိုသူများပင်ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်မြို့တော်အတွင်း အများပြည်သူပိုင်နေရာများ၊ နိုင်ငံတော်ပိုင်နေရာများ၊ ထိန်းသိမ်းကာကွယ်အပ်သည့် အထိမ်းအမှတ်နေရာများ၊ စည်ပင်ပိုင် ပန်းခြံ ကစားကွင်း မြေနေရာများအားလုံးတွင် တည်ဆောက်သမျှ အိမ်ရာအားလုံးမှာ အိုးပိုင်၊ အိမ်ပိုင်ဖြင့် ချမ်းသာကြွယ်ဝပြီးသား လူတန်းစားတစ်ရပ်အတွက် ငွေကြေးနေရာ ဖြန့်ခွဲချထားရေးအတွက်သာ ရည်ရွယ်ခဲ့သည်။

ရန်ကုန်မြို့တော်တွင် လာရောက် အခြေချနေထိုင်ကာ သမ္မာအာဇီဝ ကျကျ ရိုးသားစွာ လုပ်ကိုင်စားသောက်နေပြီး မိမိတို့လုပ်ကိုင်ဆောင်ရွက်သည့် အတိုင်းအတာပမာဏအတိုင်း နိုင်ငံတော်ကို မလိမ်မညာ အခွန်ပုံမှန် ထမ်းဆောင်နေကြသူ အများစုမှာ အိုးပိုင်၊ အိမ်ပိုင် မရှိကြဘဲ အိတ်ပိတ်တင်ဒါ၊ လိုင်စင်၊ ပါမစ် စီးပွားရေးမျိုးဖြင့် ချမ်းသာနေကြသူ အိမ်၊ ခြံ၊ မြေပေါင်းများစွာ ပိုင်ဆိုင်ထားသူများထံမှ မတန်တဆ ဈေးပေး၍ ငှားရမ်းနေထိုင်နေကြရသည်။

အာဏာရှင်ခေတ်တစ်လျှောက်ကမူ သိန်းထောင်ဂဏန်းတန်ကြေးရှိသော အိမ်ရာစီမံကိန်းတစ်ခုကို နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်တစ်ဦးဦး တက်ရောက်ချီးမြှင့်ခြင်း၊ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ခြင်းတို့သည် အပေးအယူသဘောများစွာပါဝင်နေပြီး ဆင်းရဲသော သာမန်ပြည်သူများကို ကြီးစွာ မထေမဲ့မြင်ပြုခဲ့ခြင်းဖြစ်သည်။

ယနေ့ကဲ့သို့ပြည်သူလူထုက ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များနှင့် အရပ်သားအများစုပါဝင်သော အစိုးရအဖွဲ့တာဝန်ယူထားသည့် ကာလမျိုးတွင် သာမန်လူများ မကပ်နိုင်ဘဲ အိမ်တစ်လုံးထက်မက ပိုရှိသူများသာ ဝယ်နိုင်သည့် အိမ်ရာများ ဆက်လက်တည်ဆောက်နေခြင်း၊ ယင်းသို့ တည်ဆောက်သော အိမ်ရာစီမံကိန်းများကို နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များ တက်ရောက်ချီးမြှင့်ပေးခြင်းတို့ ရှိနေပါက ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ အိမ်ရာမဲ့များ၊ အိမ်ငှားနေထိုင်ကြရသူ သာမန်ပြည်သူများ၏ ဘဝကို ကိုယ်ချင်းမစာနာသည့်သဘောသက်ရောက်သွားနိုင်ပေသည်။

ထိုအတွက် သာမန်လူများနှင့် ဆင်းရဲသော ပြည်သူများ နှစ်ရှည်အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်မည့် အရည်အသွေးရှိသော တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများစွာ အလျင်အမြန် ဖော်ထုတ်ခြင်း၊ ထိုသို့ အိမ်ရာများ ဖော်ထုတ်နိုင်ရန် အခွန်နှင့် သွင်းကုန် ဆိုင်ရာမူဝါဒများ လျှော့ပေါ့ပြင်ဆင်ပေးခြင်း၊ နိုင်ငံတကာမှ ဘဏ်ချေးငွေရရှိရန် ထောက်ခံပေးခြင်းကဲ့သို့ လိုအပ်သည့် ထောက်ပံ့ကူညီမှုများပေးခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာ မကုန်ကျဘဲ ကူညီပေးခြင်းကသာ အခြေခံပြည်သူများကို စာနာနားလည်ရာရောက်ကြောင်း သိစေအပ်ပေသည်။

**အယ်ဒီတာ ( ၂၈ - ၁၂ - ၂၀၁၆ )**

# ကျောက်မဲတွင် တပ်မတော်နှင့် TNLA တိုက်ပွဲဖြစ်

**လားရှိုး၊ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ တော့စန်ကျေးရွာတွင် ဒီဇင်ဘာလ ၂၇ ရက်နေ့က တပ်မတော် စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် တော့စန်ရွာအနီးအရောက်တွင် TNLA တပ်ဖွဲ့နှင့်တိုက်ပွဲဖြစ်ခဲ့ရာ လက်နက်ကြီးကျရောက်မှုကြောင့် ဒေသခံသုံးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း တပ်မတော်ကသတင်းထုတ်ပြန်သည်။

ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်က ကျောက်မဲမြို့နယ် ညောင်မောင်းကျေးရွာ တောင်ဘက် မီတာ ၅၀၀ ခန့်အကွာ ပွိုင့် ၁၂၉၂ ပေါ်မှ TNLA အင်အား ၇၀ခန့်က တပ်မတော်စစ်ကြောင်းကို ချောင်းမြောင်းတိုက်ခိုက်ခဲ့ရာ တပ်မတော်ဘက်မှ တပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယင်းနောက် ညနေ ၅နာရီခွဲတွင် လက်နက်ကိုင်အဖွဲ့များသည် အဆိုပါတောင်ကုန်းနေရာမှ မြောက်ဘက်သို့ ဆုတ်ခွာသွားကြောင်း၊ ၎င်းတို့ဆုတ်ခွာစဉ် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ညောင်မောင်းကျေးရွာအတွင်း လက်နက်ကြီးကျရောက်ခဲ့ရာ နေအိမ် ၇ လုံးပျက်စီးပြီး ဒေသခံသုံးဦးသေဆုံးခဲ့ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဖြစ်စဉ်အတွင်း TNLA တပ်များထံမှ ပွိုင့်၃၀ကာဘိုင်သေနတ်တစ်လက်၊ AK 47 သေနတ်တစ်လက်၊ ကျည်အိမ် ၂ခု၊ ကျည်ဆန် ၂၉၃ တောင့်၊ ကျောပိုးအိတ်တစ်လုံး၊ ပြောက်ကျားဝတ်စုံတစ်ခု၊ Jammer တစ်ခုသိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်က သတင်းထုတ်ပြန်သည်။

လက်နက်ကြီးကျရောက်မှုကြောင့် ဒဏ်ရာရသူများကို ကျောက်မဲပြည်သူ့ဆေးရုံကြီးသို့တင်ပို့ကာ ဆေးကုသမှုခံယူနေကြောင်း ဒေသခံများထံမှ သိရသည်။

TNLA တပ်များက ၎င်းတို့ခြေကုပ်ယူထားရာ ပွိုင့်၁၂၉၂ပေါ်မှဆုတ်ခွာချိန်တွင် တောင်ကုန်းအောက်ဘက်ရှိတပ်မတော်စစ်ကြောင်းများထံ ပစ်ခတ်သွားရာမှ ညောင်မောင်းကျေးရွာအတွင်း နေအိမ်များပေါ်သို့ ကျရောက်ခြင်းဖြစ်ကြောင်း ကျောက်မဲဒေသခံအချို့ထံမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၀ ရက်နေ့ကလည်း ကျောက်မဲခရိုင်အတွင်းရှိ နမ္မတူမြို့နယ် ပန်လုံကျေးရွာတွင် TNLA နှင့် RCSS/SSA တို့တိုက်ပွဲ ပြင်းထန်ခဲ့သဖြင့် ကျေးရွာနေဒေသခံများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

■ **R-07**

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min ,
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe, Si Si Thin Hlaing.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ



ဓာတ်ပုံ- မြင့်မိုးညို

အမေရိကန်၏ အခြေခံအဆောက်အဦများသည် တဖြည်းဖြည်းနှင့် ဆိုးရွားလာနေပြီး အကယ်၍ နိုင်ငံ၏တိုးတက်မှုမရှိသော သယ်ယူပို့ဆောင်မှု၊ ရေနှင့် အခြားသော အခြေခံအဆောက်အဦစနစ်များကို လျင်မြန်စွာပြုပြင်ထိန်းသိမ်းခြင်းမရှိပါက အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ ရှုန်းကန်ရသည့် အခြေအနေ မျိုးကဲ့သို့ ရင်ဆိုင်တွေ့ကြုံရနိုင်သည်။

ကျွန်တော်သည် MBA ကျောင်းသားများအတွက် နိုင်ငံတကာစီးပွားရေး သင်တန်းပို့ချဖို့ မြန်မာနိုင်ငံကို ရောက်ရှိလာခဲ့သူဖြစ်ပြီး အမေရိကန်နှင့် မြန်မာနိုင်ငံတို့၏ စီးပွားရေးပတ်ဝန်းကျင် ကွဲပြားခြားနားမှုတို့အား ရှင်းလင်းသင်ကြား ပြသရပါသည်။

မြန်မာနိုင်ငံရှိ မြို့ကြီးနှစ်မြို့ဖြစ်သော ရန်ကုန်နှင့် မန္တလေးမြို့များ၏ အကွာအဝေးသည် အမေရိကန်နိုင်ငံရှိ လော့စ်အိန်ဂျယ်နှင့် ဆန်ဖရန်စစ္စကိုမြို့နှစ်မြို့၏ အကွာအဝေးနှင့်အတူတူလောက်ပင်ရှိသည်။ နှိုင်းယှဉ်ပြီးဆိုရလျှင် ရန်ကုန်မှ မန္တလေးသို့ သွားရာလမ်းသည် လော့စ်အိန်ဂျယ်မှ ဆန်ဖရန်စစ္စကိုသို့ သွားရာလမ်းလို အဆင်ပြေလွယ်ကူချောမွေ့ပါသည်။ သို့သော် နိုင်ငံ၏ အဓိက ဆိပ်ကမ်းတည်ရှိရာ ရန်ကုန်မြို့၏ အခြေခံအဆောက်အဦများမှာတော့ အလွန်ဆိုးရွားပါသည်။

စင်ကာပူ Straits Times သတင်းစာက မြန်မာနိုင်ငံ၏ အဓိကဆိပ်ကမ်းသည် လွန်ခဲ့သည့်နှစ် ၇၀ ဗြိတိန်ကိုလိုနီအုပ်ချုပ်မှု ကုန်ဆုံးပြီးကတည်းက အနည်းငယ်သာ အပြောင်းအလဲလုပ်ခဲ့သည်ဟု ဆိုသည်။ ဒီနေရာ၌ အဓိကပြောလိုသည်မှာ ရန်ကုန်ဆိပ်ကမ်းသည် နည်းပညာအဟောင်းကိုသာ အသုံးပြုသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ဆိပ်ကမ်းသည် အိုဟောင်းနေပြီဖြစ်သောပစ္စည်းများနှင့် တည်ဆောက်ပုံများကို ထိန်းသိမ်းပြုပြင်ခြင်းမရှိခြင်းကြောင့် ကောင်းမွန်စွာ မလည်ပတ်နိုင်ဖြစ်နေရခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပြုပြင်ရေးစရိတ်သည် ငွေကုန်ကြေးကျများလှပြီး အစိုးရ၏ထောက်ပံ့ငွေများသည်လည်း အနာဂတ်လိုအပ်ချက်ဆိုခြင်းထက် ချက်ချင်းအရေးပေါ်ဆောင်ရွက်ရမည့်နေရာများတွင်သာ ရောက်သွားကြပါသည်။

ရန်ကုန်ကနေ သီလဝါရေနက်ဆိပ်ကမ်းသို့ သွားရာလမ်းသည် အလွန်ပင်ဆိုးရွားပါသည်။ ရန်ကုန်ကနေ နိုင်ငံ၏မြောက်ဘက်ရှိ လူဦးရေ ၁ ဒသမ ၇ သန်းနေထိုင်သော ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားသို့ ကုန်စည်များကိုရထားဖြင့်ပို့ဆောင်လျှင် သုံးရက်တောင်ကြာမြင့်သည်။ တစ်နေ့ကို ကီလိုမီတာ ၅၀၀ နီးပါးသာ သွားနိုင်ပါသည်။

သယ်ယူပို့ဆောင်ရေး အခက်အခဲများအပြင် လျှပ်စစ်စွမ်းအင်ရရှိရေးသည်လည်း နောက်ထပ် စိန်ခေါ်မှုကြီးဖြစ်ပါသည်။ လုံလောက်မှုမရှိသည့် လျှပ်စစ်စွမ်းအင်ပေးအပ်မှုကြောင့် ရန်ကုန်မြို့ရှိ နေရာတိုင်းမှာ လျှပ်စစ်စွမ်းအင်ရရှိအောင် အသေးစား မီးစက်များကို အရန်အဖြစ်ထားရှိ သုံးစွဲကြပါသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးက 'နည်းပညာ အနည်းငယ်သာ သုံးရတဲ့အထည်ချုပ်စက်ရုံတောင် စွမ်းအင်လိုပါတယ်'' ဟု ကျွန်တော့်ကို ပြောပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးမျှော်လင့်ချက်များသည် အချိန်ကြာမြင့်စွာ ဖြည့်ဆည်းဆောင်ရွက်ရမည့် ရုပ်ပိုင်းဆိုင်ရာ အကန့်အသတ်များကို ကျိန်းသေရင်ဆိုင်ကြုံတွေ့ရမည်ဆိုသော စကားရပ်မှာ ဤနေရာတွင် မှန်နေပြီဟု ထင်ပါသည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်း ၅၀ လောက် စီးပွားရေး တုံ့နှေးနေရာကနေ ယခုအခါတွင် ရှင်သန်နိုးထလာပြီဖြစ်သည်။ လွတ်လပ်ရေးရပြီး ၁၄ နှစ်အကြာ ၁၉၆၂ ၌ စစ်တပ်က အာဏာသိမ်းခဲ့သည်။ ဗိုလ်ချုပ်နေဝင်းသည် နိုင်ငံကို ကမ္ဘာနှင့် အဆက်အသွယ်ဖြတ်ပြီး အထီးကျန်ဆန်အောင် လုပ်ခဲ့ပါသည်။ သူနှင့် သူ့ဗိုလ်ချုပ်များသည် အနောက်နိုင်ငံများ၏ စိုးမိုးခြယ်လှယ်မှုကို ရှောင်ရှားလိုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဗဟိုဦးစီးစနစ်နှင့် အမျိုးသားအကျိုးစီးပွားကာကွယ်ရေးစနစ်တို့ကိုသုံးပြီး ဖော်ဆောင်ခဲ့ပါသည်။

သို့သော် ၂၀၁၁ တွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ခဲ့ပြီး စစ်တပ်ကျောထောက်နောက်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက အနိုင်ရခဲ့ကာ နိုင်ငံကို ငါးနှစ်အုပ်ချုပ်ခဲ့ပါသည်၊ ၂၀၁၅ တွင်တော့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) က ရွေးကောက်ပွဲနိုင်ပြီး အစိုးရဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံကနေ စင်ကာပူ၊ ထိုင်း၊ ဗြိတိန်နှင့် အမေရိကန်တို့တွင် သွားရောက် အလုပ်လုပ်ကိုင်နေသူများသည် များမကြာမီက မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြသည်။ ပြန်လာခဲ့သူတစ်ဦးက "ကျွန်တော့်မိခင်နိုင်ငံကို ပြန်လာရမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမဲ့ နိုင်ငံကြီးပွားတိုးတက်အောင် ကောင်းတာ တစ်စုံတစ်ခုတည်ဆောက်နိုင်တဲ့ အခွင့်အလမ်းတွေများစွာရှိနေပါတယ်'' ဟု ဆိုသည်။

အမှန်တကယ်တော့ မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝပြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေသည့် တရုတ်နှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံအကြားတွင် တည်ရှိပါသည်။ မြန်မာနိုင်ငံတွင် ဘယ်အရာမဆို ဖြစ်ထွန်းလာနိုင်ပါသည်။ သို့သော် ယင်းဖြစ်ထွန်းတိုးတက်မှုများသည် စိတ်ရှည်စွာ စောင့်ဆိုင်းနိုင်သူများအတွက်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခင်အစိုးရကတည်းကရှိခဲ့သည့် လာဘ်ပေးလာဘ်ယူမှုများနှင့် နှေးကွေးစွာ အလုပ်လုပ်ကိုင်လျက်ရှိဆဲ ဗျူရိုကရေစီယန္တရားကြောင့်ပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ အဓိက အရေးအကြီးဆုံးကိစ္စမှာ အခြေခံအဆောက်အဦ အားကောင်းခိုင်မာလာဖို့ပင်ဖြစ်သည်။ ဒီအရေးကိစ္စကို နားလည်သဘောပေါက်ခြင်းသည် အမေရိကန်အတွက် သင်ခန်းစာကောင်းများကို ရစေပါသည်။

မြန်မာနိုင်ငံကဲ့သို့ပင် အမေရိကန်တွင်လည်း အခြေခံအဆောက်အဦအပိုင်းကို အလေးထားဆောင်ရွက်ခြင်းမရှိချေ။ အကယ်၍ အခွန်မုဝါဒသည် အခြေခံအဆောက်အဦများကို ထိန်းသိမ်းပြုပြင်ဖို့ဟူသော ရည်ရွယ်ချက်မျိုးမရှိပါက အခြေခံအဆောက်အဦက ထောက်ပံ့မှုဖြင့် ရရှိလာမည့် စီးပွားရေးတိုးတက်မှုသည်လည်း ပျက်စီးသွားမည်ဖြစ်သည်။ ရွေးကောက်ခံသမ္မတ ထရမ့်သည် အခြေခံအဆောက်အဦအတွက် ကန်ဒေါ်လာ တစ်ထရီလီယံ အသုံးပြုသွားမည်ဟုဆိုခဲ့သော်လည်း သမ္မတရာထူးလက် ခံရရှိမည့် နေ့ရက်မတိုင်ခင်ကတည်းကတောင် ပြဿနာများ ဖြစ်ပေါ်နေပြီဖြစ်သည်။ ယင်းအစီအစဉ်ကို အဓိက ငွေကြေးထောက်ပံ့မည့် အစိုးရနှင့် ပုဂ္ဂလိက မိတ်ဖွဲ့ဆောင်ရွက်မှုမှာလည်း အမှားအယွင်းများစွာရှိနေပါသည်။ အခွန်ကောက်ခံမှုမြင့်မားခြင်းကြောင့် လုံလောက်သည့်ဝင်ငွေပြန်မရနိုင်သည့် အခြေခံအဆောက်အဦအပိုင်း တည်ဆောက်မှုများကို ပုဂ္ဂလိကကဏ္ဍအနေနှင့် စိတ်ဝင်စားလိမ့်မည်မဟုတ်ပါ။

ထိုကိစ္စရပ်များကို စဉ်းစားလိုက်တိုင်း ကျွန်တော်သည် မြန်မာနိုင်ငံကို အမှတ်ရစေပါသည်။ အမေရိကန်သည် တစ်ခါတစ်ရံတွင် ၎င်း၏ အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းအလုပ်အား ပစ်ပယ်ထားလေ့ရှိပါသည်။ ကျွန်တော်တို့ ပစ်ပယ်ထားလေလေ မြန်မာနိုင်ငံ၏ အတွေ့အကြုံများကို နောက်တစ်ကြိမ် သင်ယူရလေ ဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံ၏ အတွေ့အကြုံဆိုသည်မှာ အထက်က ကျွန်တော် ပြောခဲ့သလိုပင် "မြန်မာနိုင်ငံမှာ အရာအားလုံးဟာ ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ ဒီဖြစ်လာနိုင်တဲ့အရာများဟာ နောက်ကွယ်ကနေ အခြေခံအဆောက်အဦပိုင်း ဖြည့်ဆည်းနိုင်မှသာ လက်တွေ့အကောင်အထည်ပေါ်လာမှာဖြစ်တဲ့အတွက် စိတ်ရှည်ဖို့နှင့် အကောင်းမြင်ဖို့တွေလိုအပ်ပါတယ်'' ဟူ၍ပင် ဖြစ်ပါသည်။

■ **F-06**

**REF: THE BANGKOK POST**
**DEPRECIATINGINFRASTRUCTURE**
**HURTS US ALL**

# ခနုဖြူ မြို့နယ်တွင် လက်လုပ်လေသေနတ်များကို တစ်လအတွင်း အပ်နှံရန် ကြေညာ

**ပုသိမ်၊ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး၊ ခနုဖြူမြို့နယ်ရှိ ကျေးရွာများတွင် ကိုင်ဆောင်နေသော လက်လုပ်လေသေနတ်များကို ဒီဇင်ဘာလ ၂၇ ရက်နေ့မှစတင်ကာ တစ်လအတွင်း သက်ဆိုင်ရာထံလာရောက် အပ်နှံရန် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့က ကြေညာနေကြောင်း ဒေသခံများထံမှ သိရသည်။

အဆိုပါ မြို့နယ် ကျောင်းစုတိုက်နယ်ရှိရွာ ၁၁ရွာတွင် လက်လုပ်လေသေနတ်များ ကိုင်ဆောင်နေသည်ဟု သတင်းကို အုပ်ချုပ်ရေးနှင့် ရဲတပ်ဖွဲ့တို့က ရရှိထားကြောင်း၊ ယင်းလေသေနတ်များကြောင့် ပြည်သူများအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် စိုးရိမ်ထိတ်လန့်မှု မဖြစ်စေရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထံ လေသေနတ်များကို လာရောက်အပ်နှံရန် အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနေကြောင်း ကျောင်းစုကျေးရွာမှ ရပ်မိရပ်ဖ ဦးကျော်လွင်က ပြောပြသည်။

ဒီဇင်ဘာလ ၂၆ ရက်နေ့က လက်လုပ်လေသေနတ်များ ကိုင်ဆောင်အသုံးပြုနေသည်ဟု သတင်းရရှိသော ခနုဖြူမြို့နယ်ရှိ ကျေးရွာအုပ်စုများတွင် ရဲတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေ စစ်ဆေးခဲ့ကြောင်း၊ ယင်းသို့ရှာဖွေရာတွင် မရမ်းတောကျေးရွာနေသော အသက် ၂၁နှစ်အရွယ် လူငယ်တစ်ဦးနှင့် တော်ကွဲကျေးရွာနေ အသက် ၂၄နှစ်အရွယ် လူငယ်တစ်ဦးတို့ထံမှ လက်လုပ်လေသေနတ်တို့ကို တွေ့ရှိခဲ့ကြောင်း ခနုဖြူမြို့နယ်မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

အဆိုပါ လူငယ်နှစ်ဦးမှာ ကြွက်ပစ်ရန်အတွက် ကိုင်ဆောင်သည်ဟု သိရှိရပြီး လေသေနတ် အသုံးပြုမှုကြောင့် အမှုဖွင့်ထားကြောင်း၊ ယင်းသေနတ်များ ကိုင်ဆောင်ကာ ရာဇဝတ် မှုခင်းများ ကျူးလွန်သည်ကို မတွေ့ရသေးသော်လည်း လူကိုအန္တရာယ်ဖြစ်စေသောကြောင့် လာရောက်အပ်နှံရန် နှိုးဆော်ရခြင်း ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"တစ်လအတွင်း လာအပ်ဖို့ပြောထားပါတယ်၊ သတ်မှတ်ရက်ထက်ကျော်သွားပြီးရင် ရှာတွေ့လိုပဲ ဖြစ်ဖြစ်၊ တိုင်ကြားလို့ပဲဖြစ်ဖြစ် မိရင်တော့ လက်နက်ဥပဒေ ၁၉(စ)နဲ့ အရေးယူမှာပါ'' ဟု ကျောင်းစုနယ်မြေ ရဲစခန်းမှူး ရဲအုပ် ပွဲနိုင်က ပြောကြားသည်။

လက်လုပ်လေသေနတ်များမှာ အရှည် ၂ပေခွဲခန့်ရှိပြီး သေနတ်ပုံစံ ဒင်နှင့်ကိုယ်ထည်ပါရှိပြီး လေထိုးပိုက်(အရှည် ၈လက်မခန့်)ပြောင်း၀ ခဲတံလုံးပတ်ခန့်ရှိသော စက်ဘီး၊ ဆိုင်ကယ် ဘောစ့်များ ထည့်ကာ ပစ်ရကြောင်း၊ ပေ ၁၀၀ အကွာမှ ပစ်လျှင်ပင် သွပ်ပြားနှစ်ထပ် သုံးထပ်ကို ပေါက်ထွက်နိုင်သဖြင့် လူကိုအန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ ကျေးရွာသားများ ပြုလုပ်ကိုင်ဆောင်ကြသည့် ရည်ရွယ်ချက်မှာ ကြွက်နှင့်ငှက်များကို ပစ်ခတ်ရောင်းချရန်ဖြစ်ကြောင်း ခနုဖြူဒေသခံများထံမှ သိရသည်။ ■

မိဘမေတ္တာ (Gas)

# BUSINESS

## News In Brief

### ရင်းနှီးမြှုပ်နှံမှုဥပဒေဟောင်းဖြင့် ခွင့်ပြုမည့်လုပ်ငန်း ၆၀ ကျော်ရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံကော်မရှင်ထံသို့ ဒီဇင်ဘာ ၃၀ ရက်နေ့အထိ လာတင်သည့် လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုဥပဒေဟောင်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ရာ လက်ရှိတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၀ ကျော် လာရောက်တင်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

"မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းတွေလည်းရှိတယ်ဆိုတော့ ၁၀၀ ကျော်လောက်ရှိလိမ့်မယ်" ဟု ယင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်က ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေဟောင်းဖြင့်လုပ်ကိုင်ခွင့်ရသည့် မည်သည့်လုပ်ငန်းမဆို ဝင်ငွေခွန် ငါးနှစ်ကင်းလွတ်ခွင့်ရမည်ဖြစ်ပြီး အကောက်ခွန် သုံးနှစ်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဥပဒေအသစ်တွင်မူ ဝင်ငွေခွန်ကင်းလွတ်ခွင့် သတ်မှတ်ရာတွင် ဇုန်သုံးခုခွဲထားပြီး ခုနစ်နှစ်၊ ငါးနှစ်၊ သုံးနှစ် စသည်ဖြင့် ကွဲပြားသွားမည်ဖြစ်ကြောင်း၊ အကောက်ခွန်ကင်းလွတ်ခွင့်တွင်မူ ပို့ကုန်လုပ်ငန်းများသာ ရရှိမည်ဖြစ်ပြီး အခြားသောလုပ်ငန်းများမှာ အခွန်ကင်းလွတ်ခွင့်ရမည်မဟုတ်ကြောင်း ယင်းဌာနထံမှ သိရသည်။ ■ J-13

### ငါးလုပ်ငန်းကဏ္ဍတိုးတက်ရန် Master Plan ရေးဆွဲမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

ပြည်တွင်းငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ငါးလုပ်ငန်းကဏ္ဍဆိုင်ရာ လိုအပ်ချက်များပါဝင်သည့် Master Plan တစ်ခုရေးဆွဲမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ အလှမွေးငါးလုပ်ငန်းရှင်များအသင်း၊ မွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ငါးပိငါးခြောက် ငံပြာရည်လုပ်ငန်းရှင်များ အသင်းတို့ထံမှ သဘောတူညီချက်ရပါက ငါးကဏ္ဍနှင့်ပတ်သက်သည့် လိုအပ်ချက်များနှင့် လုပ်ဆောင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို ထည့်သွင်းရေးဆွဲမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။ ■J-11



ဓာတ်ပုံ - မြင့်မိုးညို

## ကျပ် ၅၀၀ တန်ထီရောင်းချခွင့် ကိုယ်စားလှယ်ဟောင်းများ အများဆုံးရရှိ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

၂၀၁၇ ခုနှစ် မတ်လတွင် စတင်ရောင်းချမည့် ကျပ် ၅၀၀ တန်ထီ ရောင်းချခွင့်ကို ထီကိုယ်စားလှယ်အဟောင်းများသာ အများဆုံးရရှိကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က ပြောကြားသည်။

အဆိုပါ ကျပ် ၅၀၀ တန်ထီ ရောင်းချခွင့်ကို လာရောက်လျှောက်ထားသူ ဦးရေ နှစ်သောင်းကျော်ရှိသည့်အနက် မှတ်ပုံတင်၊ သန်းခေါင်စာရင်း အငှားများဖြင့် လာရောက်လျှောက်ထားသူ တစ်သောင်းကျော်ကို ပယ်ထုတ်ခဲ့ပြီး ကိုးထောင်နီးပါးကို ပြန်လည်စိစစ်ခဲ့ရာ အယောက်တစ်ထောင်ကျော်သာ ရောင်းချခွင့်ရရှိခဲ့ကြောင်း ၎င်းကရှင်းပြသည်။

"အယောက်တစ်ထောင်ထဲမှာ ထီအုပ်ရေတွေနဲ့ ပတ်သက်ပြီး ဘယ်လိုခွဲဝေပေးမလဲဆိုတာ ဌာနကို တင်ထားတုန်းပါပဲ။ အုပ်ရေတွေနဲ့ပတ်သက်လို့ သူတို့တွေ တင်ထားသလောက်ရချင်မှရမယ်။ လာမယ့်လထဲမှာ ဘယ်သူတွေက ဘယ်လောက် ရောင်းချခွင့်ရမလဲဆိုတာ တရားဝင်ထုတ်ပြန်သွားပါမယ်" ဟု ၎င်းကဆိုသည်။

ရောင်းချခွင့်ပေးရန် စိစစ်ရွေးချယ်ရာတွင်လည်း ကျပ် ၂၀၀ တန်ထီကို ရောင်းချနေသည့် ထီကိုယ်စားလှယ်အဟောင်းများ၊ ငွေဖြူပြနိုင်သည့် သူများ၊ ထီလုပ်ငန်းတွင် အခွန်ဆောင်ထားသည့်သူများနှင့် ထီဆိုင်ခွဲများဖွင့်ပြီး အောင်ဘာလေထီရုံးထံမှ ထီဝယ်၍မရသူများကို ဦးစားပေးရွေးချယ်ခဲ့ကြောင်း ဦးထွန်းထွန်းအောင်က ပြောကြားသည်။

ကျပ် ၅၀၀ တန်ထီကို အက္ခရာအလုံး ၃၀ ထုတ်သွားမည်ဖြစ်ပြီး ထီအုပ်ရေပေါင်း ၂၄ သန်းကျော် ထုတ်နိုင်မည်ဖြစ်ကြောင်း၊ ထီအုပ်ရေထပ်လိုပါက အရန်အက္ခရာငါးလုံးဖြင့် ထပ်မံထုတ်နိုင်မည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲထံမှ သိရသည်။

အုပ်ရေဝယ်ယူမှုပမာဏ များပြားပါက ငွေဖြူငွေမည်းစစ်ဆေးခြင်းကို ခံရမည့်အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တစ်နှစ်စာလုံး လျှောက်လွှာထဲက အုပ်ရေအတိုင်း မပျက်မကွက်ဝယ်ယူရမည်ဖြစ်ပြီး ဝယ်ယူမှုပျက်ကွက်ပါက အာမခံငွေသုံးလစာကို သိမ်းယူမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။ ■ J-13

## နယ်စပ် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ မကြန့်ကြာရန် ဆွေးနွေး

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

နယ်စပ်ဒေသများ ကုန်သွယ်မှု ချောမွေ့စေရန်နှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရန် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့က International Trade Supply Chain Workshop Group ဒုတိယအကြိမ်မြောက်ဆွေးနွေးပွဲကို ကုန်သည်/စက်မှု အသင်းချုပ်၌ ပြုလုပ်ခဲ့ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်းတို့က နယ်စပ်ဒေသတွင် လက်ရှိကြုံတွေ့နေရသည့် ကုန်သွယ်မှုဆိုင်ရာအခက်အခဲများကို တင်ပြခဲ့ကြကြောင်း ကုန်သည်/စက်မှု အသင်းချုပ်ထံမှ သိရသည်။

ADB အနေနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံးကို ပညာပေးခြင်းများနှင့် သင်တန်းပေးခြင်း အစီအစဉ်များကို ၎င်းတို့၏ လေ့လာဆန်းစစ်မှုအပေါ်မူတည်၍ ပြုလုပ်ပေးလျက်ရှိကြောင်း ယင်းအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

"Supply Chain နဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့တာပါ။ လက်ရှိသွားလာရေးမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ တင်ပြခဲ့တာပါ" ဟု မြန်မာနိုင်ငံ ကုန်သေတ္တာတင် မော်တော်ယာဉ်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးက ပြောဆိုသည်။

ကုန်သွယ်မှုဆိုင်ရာ ပြဿနာများကို လျင်မြန်စွာအဖြေထုတ်နိုင်ရန်အတွက် ယင်းဆွေးနွေးပွဲရလဒ်များကို သက်ဆိုင်ရာများသို့ ပြန်လည်တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်သည်/စက်မှု အသင်းချုပ်ထံမှ သိရသည်။ ■ J-11

## ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် ကုမ္ပဏီ ၂၃ ခု အဆိုပြုလွှာတင်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် တင်ဒါအောင်မြင်ထားသည့် တရုတ်နိုင်ငံအခြေစိုက် CITIC Consortium ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်ရန် ပြည်တွင်းကုမ္ပဏီ ၂၃ ခုက အဆိုပြုလွှာတင်ကြောင်း အဆိုပါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

အဆိုပြုလျှောက်လွှာတင်ရန် ယူဆောင်ထားသည့် ကုမ္ပဏီ ၃၀ ခန့်ရှိရာတွင် လတ်တလော ကုမ္ပဏီ ၁၆ ခု ပူးပေါင်းဖွဲ့စည်းထားသော မြန်မာ့ကျောက်ဖြူ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ (MKSH) နှင့် အများပိုင်ကုမ္ပဏီ ၂၂ ခုက အဆိုပြုလွှာတင်ထားပြီး ကျန်ကုမ္ပဏီများက ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့ နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

"အခုက ကုမ္ပဏီ ၂၃ က လျှောက်လွှာပြန်တင်ထားတယ်။ နောက်လျှောက်လွှာယူသွားပြီး ပြန်မတင်သေးတဲ့ ကုမ္ပဏီတွေ ရှိသေးတယ်" ဟု ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးမောင်က ပြောဆိုသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် အိမ်ရာစီမံကိန်းများ ပါဝင်မည်ဖြစ်ပြီး အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော်ရန်အတွက် တင်ဒါတင်သည့် ကုမ္ပဏီမရှိသည့်အတွက် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်ကို ဦးစွာအကောင်အထည်ဖော်မည်ဖြစ်ကြောင်း အဆိုပါစီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

ကျောက်ဖြူမြို့အနီး မြေဧက ၄၀၀၀ အကျယ်ခန့်ရှိသည့်နေရာတွင် ဖော်ဆောင်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းအတွက် တရုတ်ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ကိုင်ရန် ပြည်တွင်း ကုမ္ပဏီများအား တင်ဒါခေါ်ယူခြင်းကို ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာလ ၁ ရက်နေ့က စတင်ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ ■ J-01

## ဒီဇင်ဘာလ ၂၈ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

ဈေးနှုန်း ဆက်တိုက်ကျဆင်းခဲ့သော FMI ၏ ရှယ်ယာဈေးနှုန်းက ကျပ် ၁၄၀၀၀ ဖြင့် ဈေးအပြောင်းအလဲမရှိဘဲ ဈေးငြိမ်လျက်ရှိသည်။ MTSH က ကျပ် ၁၀၀ ကျဆင်းပြီး ကျပ် ၄၄၀၀ သို့ ရောက်ရှိကာ MCB က ကျပ် ၉၁၀၀ ဖြင့် ဈေးငြိမ်လျက်ရှိသည်။

| Name | Opening Price | 11(AM)Price | 1(PM)Pirce | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 14000 | 14000 | 14000 | - | 1785 | 24,990,000 |
| MTSH | 4500 | 4500 | 4400 | -100 | 7500 | 33,220,000 |
| MCB | 9100 | 9100 | 9100 | - | 0 | 0 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — **Source: KBZ Bank**

| 28.12.2016 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး (ကျပ်) | ၁၃၆၈ | ၁၄၁၇ | ၉၃၅ |
| ရောင်းဈေး (ကျပ်) | ၁၃၇၆ | ၁၄၃၅ | ၉၅၀ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 28.12.2016 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ (ကျပ်) | ၆၄၃,၀၀၀ (ဖွင့်) | ၆၄၁,၅၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၁၄၀ (ဖွင့်) | ၁၁၄၀ (ပိတ်) |

# စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများ တိုက်ရိုက်ဖြေကြားမည့် Call Center ဖွင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို တိုက်ရိုက်ဖြေကြားပေးမည့် Call Center ကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် စိုက်ပျိုးရေး ဦးစီးဌာနက ဖွင့်လှစ်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။

"မိုဘိုင်းလ်နည်းစနစ်တွေ ဖွံ့ဖြိုးလာတဲ့အခါမှာ တောင်သူတွေအနေနဲ့ မိုဘိုင်းလ်ဖုန်းကိုအသုံးပြုပြီး သူတို့တွေကြုံနေရတဲ့ အခက်အခဲတွေကို အချိန်နဲ့တစ်ပြေးညီ အမြန်ဆုံးဖြေရှင်းနိုင်ဖို့ရည်ရွယ်ပြီး ဖွင့်လှစ်တာပါ" ဟု ယင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းက ပြောကြားသည်။

အဆိုပါ Call Center ကို နေပြည်တော်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး စိုက်ပျိုးရေးနည်းပညာများနှင့် ပိုးမွှားရောဂါ ကျရောက်လျှင် ကာကွယ်နိုင်မည့်ကိစ္စရပ်များ၊ မြေယာနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ မိုးလေဝသဆိုင်ရာသတင်းများကို ရုံးချိန်အတွင်း တောင်သူများ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်ကာ ပညာရှင်များက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေဆိုပေးမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"ဖုန်းဆက်ရင် ငွေကောက်မယ်၊ မကောက်ဘူးဆိုတာက အခုဆွေးနွေးကြတုန်းပဲ ရှိပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ပြည်ပအကူအညီတွေလည်း တောင်းထားပါတယ်။ ပြည်တွင်းကလည်း ကူညီချင်တယ်လို့ ပြောထားတဲ့သူတွေရှိတယ်။ ဘယ်လောက်ကူညီမယ်ဆိုတာ ဆွေးနွေးတုန်း။ Confirm မလုပ်ရသေးပါဘူး" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဒေါက်တာထွန်းလွင်က ပြောဆိုသည်။

လက်ရှိတွင် အဆိုပါ Call Center ၌ ဖြေကြားပေးမည့် ပြည်တွင်း၊ ပြည်ပမှ ပညာရှင် ၅၀ ဦးနှင့် ဝန်ထမ်းများကို သင်တန်းပေးနေပြီး ယင်းသင်တန်းမှာ လာမည့်နှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ပြီးစီးမည်ဖြစ်သောကြောင့် သင်တန်းပြီးစီးချိန်တွင် Call Center ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ Call Center စတင်ဖွင့်လှစ်မည့်အချိန်တွင် တောင်သူများသိရှိနိုင်ရန် ဖုန်းနံပါတ်များကို တရားဝင်ကြေညာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

■ J-11

# ၄၅ ခုနှစ်မော်ဒယ်လ်အောက်ယာဉ်များ အများပိုင်ယာဉ်လိုင်းတွင် ပြေးဆွဲခွင့်ပြုမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

စနစ်သစ်ဖြင့် ပြောင်းလဲပြေးဆွဲမည့် အများပိုင်ဘတ်စ်ကားယာဉ်လိုင်းကုမ္ပဏီတွင် ၄၅ ခုနှစ်မော်ဒယ်လ်အောက် ယာဉ်များကို ပြေးဆွဲခွင့်ပြုမည်ဖြစ်ကြောင်း အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

"အစက ခွင့်မပြုဘူးလို့ သတ်မှတ်ခဲ့ပေမယ့် လိုအပ်ချက်တစ်ခုအရ ခွင့်ပြုပေးလိုက်တာပါ" ဟု အများပြည်သူသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ဆိုသည်။

အများပိုင်ဘတ်စ်ကားကုမ္ပဏီတွင် ပါဝင်ပြေးဆွဲမည့်၄၅ ခုနှစ်မော်ဒယ်အောက်ယာဉ်များအနေနှင့် အဲယားကွန်းတပ်ဆင်ပြေးဆွဲနိုင်မည့်ယာဉ်ကိုသာ ခွင့်ပြုမည်ဖြစ်ပြီး ယာဉ်အားလုံးကို ခွင့်ပြုလိုက်ခြင်းမဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"အများပိုင်စနစ်ကို အမြန်ဆုံးစချင်ပြီ။ ယာဉ်တွေ မရှိသေးတဲ့ လိုအပ်ချက်ရှိလို့ ဒီယာဉ်တွေနဲ့အရင်ပြေးဆွဲမှာဖြစ်တယ်" ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့အတွင်း အများပိုင်ဘတ်စ်ကားကုမ္ပဏီတွင် ပါဝင်ပြေးဆွဲနိုင်ရန် ယာဉ်အိုယာဉ်ဟောင်းယာဉ် ၄၀၀၀ ကျော်ရှိသည့်အနက် နှစ် ၂၀ ကျော်သက်တမ်းရှိ စီးတီးဘတ်စ်ယာဉ်မှာ ၁၄၀၀ကျော်ခန့်ရှိပြီး မီနီဘတ်စ်ယာဉ်များမှာ ၂၇၀ စီး၊ ဒိုင်နာနှင့် ဘီအမ်ယာဉ်များမှာ ၃၀၀၀ ကျော်ခန့်ရှိကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှု (ဗဟို)ကော်မတီထံမှ သိရသည်။ ■

# ဇွဲကပင်တောင် ကေဘယ်လ်စီမံကိန်း ဇန်နဝါရီလဒုတိယပတ်တွင် စာချုပ်ချုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်တောင်ပေါ်တွင် တည်ဆောက်မည့် ကေဘယ်လ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရန် ကရင်နယ်ခြားစောင့်တပ် (BGF)နှင့် ဇွဲကပင်တောင်ဆရာတော်တို့ ဇန်နဝါရီလ ၁၂ရက်တွင် ရင်းနှီးမြှုပ်နှံမှုစာချုပ်ချုပ်ဆိုရန် စီစဉ်ထားကြောင်း စီမံကိန်းလုပ်ငန်းဖော်ဆောင်ရေးကော်မတီဝင် ဦးဗညားက ပြောကြားသည်။

ကေဘယ်လ်စီမံကိန်းသည် တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်မှ ဇွဲကပင်တောင်ဆံတော်ရှင်စေတီသို့ ပြေးဆွဲမည်ဖြစ်ပြီး အတက်အဆင်းပြုလုပ်ရန် လူ ၂၅ ဦးလိုက်ပါစီးနင်းနိုင်သည့် လူစီးတွဲ နှစ်တွဲထားရှိရန် စီစဉ်ထားကြောင်း ဇွဲကပင်တောင်ဆရာတော် အရှင်ကဝိဇေက မိန့်ကြားသည်။

"စီမံကိန်း စလုပ်ဖို့အတွက် စာချုပ်ချုပ်မယ်။ အဲ့စာချုပ်မှာ လုပ်ငန်း ဘယ်တော့ စလုပ်မယ်၊ ဘယ်သူတွေနဲ့ လုပ်မယ် ဆိုတာပါမယ်။ ဆရာတော်နဲ့ စာချုပ်ပြီးရင် ကျန်တာက ရင်းနှီးမြှုပ်နှံမယ့်အဖွဲ့က ဆက်လုပ်ရမှာ" ဟုဦးဗညားက ဆိုသည်။

အဆိုပါစီမံကိန်းအတွက် စာရွက်စာတမ်းနှင့်ခွင့်ပြုမိန့်များ ဆောင်ရွက်ရန် ဇွဲကပင်တောင်ဆရာတော်က တာဝန်ယူမည်ဟု သဘောတူထားပြီး ကရင်နယ်ခြားစောင့်တပ်က ငွေကြေးရင်းနှီးမြှုပ်နှံမှုကို တာဝန်ယူဆောင်ရွက်ထားကြောင်း၊ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ရန် ပြည်နယ်အစိုးရနှင့် သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းဖော်ဆောင်ရေးကော်မတီထံမှသိရသည်။

"လုပ်ငန်းက တကယ်လုပ်မယ်ဆိုဆယ်လလောက်ပဲ ကြာမယ်လို့သိရတယ်။ စီမံကိန်းကိုတော့ တစ်နှစ်အတွင်း အကောင်အထည်ဖော်ဖို့ ရည်ရွယ်ထားတယ်" ဟု ဇွဲကပင်တောင်ဆရာတော်က မိန့်ဆိုသည်။

ဇွဲကပင်တောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရန် လုပ်ငန်းဆောင်ရွက်ခြင်းကို ဥရောပအခြေစိုက် ကုမ္ပဏီတစ်ခုနှင့်ဆောင်ရွက်ရန် စီစဉ်ထားကြောင်းနှင့်ယင်းစီမံကိန်းအတွက် အခြေခံအဆောက်အဦနှင့် ပစ္စည်းကိရိယာတန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ကုန်ကျနိုင်မည်ဖြစ်ကြောင်း ဦးဗညားက ဆိုသည်။

ကရင်ပြည်နယ် ဘားအံမြို့မှ အရှေ့တောင်ဘက် ၇ မိုင်အကွာရှိ နိုင်ငံကျော် ဇွဲကပင်တောင်သည် ပေ ၂၅၆၀ ကျော်မြင့်သည်။

နယ်ခြားစောင့်တပ်၊ ကေအန်ယူ၊ ကရင်ငြိမ်းချမ်းရေးကော်မတီနှင့် ဒီကေဘီအေ လေးဖွဲ့ပေါင်းထားသည့် ကရင်လက်နက်ကိုင် စည်းလုံးညီညွတ်ရေးကော်မတီက ဒေသဖွံ့ဖြိုးရေးအတွက် အဆိုပါစီမံကိန်းကို ဦးဆောင် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း အဆိုပါကော်မတီဝင် ဗိုလ်မှူးကြီးစောချစ်သူက ပြောကြားထားသည်။

ယခုအခါ မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကျိုက်ထီးရိုးနှင့် ရသေ့တောင်ကို ချိတ်ဆက်မည့် ကေဘယ်လ်ကားစီမံကိန်းတစ်ခုကို Sky Asia ကုမ္ပဏီက Korea နှင့် France Poma ကုမ္ပဏီ၏နည်းပညာများဖြင့် တည်ဆောက်လျက်ရှိပြီး လာမည့် ၂၀၁၇ ခုနှစ် မတ်လတွင် ပြီးစီးရန် လျာထားသည်။

■ J-14

# ကားပါကင်ယာဉ်ရပ်နားခ ကောက်ခံရန် လတ်တလောတွင် ညွှန်ကြားချက် မရဟုဆို

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**



ဓာတ်ပုံ - အောင်နိုင်

ရန်ကုန်မြို့တော်အတွင်း လမ်းမများတွင် ကားပါကင်ယာဉ်ရပ်နားခများ ပြန်လည်ကောက်ခံရန် လတ်တလောတွင် မည်သည့်ညွှန်ကြားချက်မျှ မရှိသေးကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ကားပါကင်ယာဉ်ရပ်နားခများ ပြန်လည်ကောက်ခံမည့်ကိစ္စကို ဒီဇင်ဘာလ ၂၇ ရက်က တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားခဲ့ခြင်းအပေါ် အထက်ပါအတိုင်း ၎င်းက ပြန်လည် ပြောကြားသည်။

"အခုအချိန်အထိတော့ စည်ပင်က တရားဝင်ခွင့်ပြုထားတာမျိုး မရှိသေးပါဘူး။ ပြန်လည်ကောက်ခံမယ့်ကိစ္စကလည်း ညွှန်ကြားချက်ရမှ ဘယ်လိုပုံစံလုပ်မယ်ဆိုတဲ့ အသေးစိတ်ကို ပြောလို့ရမှာပါ" ဟု ၎င်းကဆိုသည်။

ကားပါကင်ယာဉ်ရပ်နားခ ကောက်ခံမည့်ကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်ထံ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ ဒေါ်နီလာကျော်က မည်သည့်မီဒီယာကိုမှ ပြန်လည်ဖြေကြားလေ့ မရှိကြောင်း ၎င်း၏ကိုယ်ရေးအရာရှိ (PA) က ပြန်လည်ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရှိ ကားပါကင် ယာဉ်ရပ်နားခကောက်ခံမှုများကို ၂၀၁၃ ခုနှစ်အထိ ပုဂ္ဂလိကသို့ ကန်ထရိုက်ပေးကာ တစ်နာရီလျှင် ၂၀၀ကျပ်နှုန်း ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

■ J-03



MANDALAY VOICE

# မီးဘေးသင့်မင်္ဂလာဈေး တင်ဒါရွေးချယ်ရေးအဖွဲ့ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဦးဆောင်

**မန္တလေး၊ ဒီဇင်ဘာ ၂၈**




ကိုးလခန့်ကြာချိန်အထိ ပြန်လည်ဆောက်လုပ်နိုင်ခြင်းမရှိသေးသည့် မီးဘေးသင့်မင်္ဂလာဈေး

မီးလောင်ကျွမ်းခဲ့သည့် မန္တလေး မင်္ဂလာဈေး ပြန်လည်တည်ဆောက်ရေး တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ကို မန္တလေးတိုင်း အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင် ဦးဆောင်မည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

မန္တလေးမင်္ဂလာဈေး ပြန်လည်တည်ဆောက်ရန် တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ကို ဒီဇင်ဘာတတိယပတ်က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး လျှပ်စစ် စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်ဦးဆောင်သော အဆိုပါအဖွဲ့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရှင်များနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအပါအဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားကြောင်း အဆိုပါကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

“ဈေးမီးလောင်ခဲ့တာ ကိုးလနီးပါးကြာခဲ့ပြီ။ ရာနှုန်းပြည့် ပြန်ဆောက်ရမှာဆိုပေမယ့် မီးဘေးသင့်ထားတဲ့ဈေးကို မဖျက်ရသေးဘူး။ တင်ဒါစနစ်ကို ဘယ်ပုံစံနဲ့သွားမယ်ဆိုတာကတော့ အသေးစိတ် မပြောနိုင်သေးဘူး” ဟု ၎င်းကဆိုသည်။

မန္တလေးမြို့တော်ရှိ မင်္ဂလာဈေးသည် ယခုနှစ် မတ်လ ၂၂ ရက်နေ့ ညနေပိုင်းက လျှပ်စစ်ဝါယာရှော့ခ်ကြောင့် မီးလောင်ဆုံးရှုံးခဲ့ရပြီး ကိုးလနီးပါးကြာမြင့်သည်အထိ ပြန်လည်တည်ဆောက်နိုင်သေးခြင်းမရှိပေ။

“အမြန်ဆုံး ပြန်ဆောက်ပေးစေချင်ပါတယ်။ အခုအချိန်အထိ တင်ဒါခေါ်ဖို့ ဖွဲ့တုန်းဆိုတော့ ဘယ်တော့ပြန်ဆောက်ပေးမယ်ဆိုတာ ဘယ်သူမှမပြောနိုင် သေးဘူး။ ကိုယ့်နေရာကိုယ် ပြန်ရချင်တယ်” ဟု အဆိုပါဈေးဟောင်းတွင် ရွှေဆိုင်ဖွင့်ခဲ့သူတစ်ဦးက ပြောဆိုသည်။

မီးလောင်ကျွမ်းခဲ့သော မင်္ဂလာဈေးမှ ဈေးသူဈေးသားများ ရောင်းဝယ်နိုင်ရေးအတွက် ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ ဂေါ်ရာအားကစားကွင်း၌ ယာယီဆိုင်ခန်းများ တည်ဆောက်ပေးထားပြီး မင်္ဂလာဈေးသစ် တည်ဆောက်ပြီးမှသာ နေရာပြန်ချပေးမည်ဖြစ်ကြောင်း ယင်းကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနထံမှ သိရသည်။ ■

**M-02**

# မန္တလေးကျောက်စိမ်းဈေးကွက် တရုတ်ဝယ်လက်လျော့ကျ

**မန္တလေး၊ ဒီဇင်ဘာ ၂၈**

မန္တလေးမြို့တော်၌ နေထိုင်သည့် တရုတ်မျိုးနွယ်စုများနှင့် ကျောက်စိမ်းကုန်သည်များ နေရပ်ပြန်သွားကြသောကြောင့် ကျောက်စိမ်းဈေးကွက်အတွင်း ဝယ်လက်လျော့ကျကာ အရောင်းအဝယ်အေးနေကြောင်း မဟာအောင်မြေ ကျောက်ဝိုင်းအတွင်း ကျောက်စိမ်းအရောင်းအဝယ် လုပ်ဆောင်နေသူများထံမှ သိရှိရသည်။

ဇန်နဝါရီလအတွင်း တရုတ်နှစ်သစ်ကူးကာလ ကျရောက်တော့မည်ဖြစ်၍ မန္တလေးမြို့တွင်းနေထိုင်သည့် တရုတ်မျိုးနွယ်စုများနှင့် ကျောက်စိမ်းကုန်သည်များ၊ တရုတ်ပြည်ဘက်မှ ကျောက်စိမ်း ကုန်သည်များ နေရပ်ဒေသသို့ပြန်နေ၍ မန္တလေးကျောက်ဈေးကွက် အေးနေခြင်းဖြစ်သည်။

မဟာအောင်မြေကျောက်ဝိုင်း၏ အဓိကဝယ်လက်ဖြစ်သော တရုတ်နိုင်ငံသားများအနေနှင့် ကျောက်စိမ်းဝယ်ယူမှုနည်းသွားရာ အရောင်းအဝယ်မှာ ယခင်ထက် သုံးဆနီးပါးလျော့ကျသွားကြောင်း မဟာအောင်မြေ ကျောက်ဝိုင်းအဆင့်မြင့်တင်ရေးဥက္ကဋ္ဌ ကျောက်စိမ်းကုန်သည် ဦးသန်းဝင်းက ပြောကြားသည်။

“တရုတ်နှစ်ကူးရှိတော့ တရုတ်ကုန်သည် အဝင်နည်းသွားပြီး ဈေးကွက်အေးသွားတယ်၊ ဈေးကွက်အေးနေတော့ ရောင်းမယ့်သူကလည်း ပစ္စည်းကိုင်ထားသလို ဝယ်မယ့်သူကလည်း ဈေးကွက်စောင့်တာပေ့ါ။ ကျောက်ပွဲစားတွေအနေနဲ့ အရင်က တစ်ပတ်ကို ၁၀ ပွဲလောက်ဈေးညှိပေးရ (ဒေသအခေါ်ပွဲတိုက် ၊ ပွဲရ) တယ်ဆိုရင် အခုနှစ်ပွဲလောက်ပဲရတော့တယ်” ဟု ၎င်းက ရှင်းပြသည်။

လက်ရှိအချိန်တွင် ကျောက်စိမ်းဈေးကွက်အေးနေသောကြောင့် တစ်ရက်တာအသုံးစရိတ် ကာမိစေရန် ကျပ်ငါးသိန်းဝန်းကျင်နှင့် ကျပ် ၁၀ သိန်းဝန်းကျင်ရှိကျောက်များကိုသာ ဈေးညှိပေးနေရကြောင်း မဟာအောင်မြေကျောက်ဝိုင်းအတွင်းမှ ကျောက်ပွဲစား ဦးစည်သူက ပြောဆိုသည်။

ကျောက်စိမ်းဈေးကွက်အနေနှင့် ၂၀၁၃ ခုနှစ်ဝန်းကျင်မှစ၍ ဈေးကွက်ပျက်နေရာ လက်ရှိအချိန်အထိ ပြန်မကောင်းသေးကြောင်း မန္တလေးမြို့ခံ ကျောက်မျက်ကုန်သည်များ အသိုင်းအဝိုင်းထံမှ သိရသည်။ ■

**M-03**




မဟာအောင်မြေကျောက်ဝိုင်းအတွင်း ကျောက်စိမ်းအရောင်းအဝယ်လုပ်ဆောင်နေသူများကိုတွေ့ရစဉ်

# တရားမဝင်နည်းဖြင့်ငါးဖမ်းသူ ယခင်နှစ်ထက် နှစ်ဆနီးပါးမြင့်တက်

**မန္တလေး၊ ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်နည်းဖြင့် ငါးဖမ်းဆီးမှု ယခင်နှစ်ထက် နှစ်ဆနီးပါးမြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဝင်းက ပြောကြားသည်။

မန္တလေးတိုင်းအတွင်း တရားမဝင် နည်းဖြင့် ငါးဖမ်းသူများကို ဖမ်းဆီးရမိမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုလာခြင်းနှင့်ပတ်သက်၍ ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တရားမဝင်နည်းဖြင့် ငါးဖမ်းသူများကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်တွင် ရှစ်ကြိမ်ရှိခဲ့ပြီး တရားစွဲဆိုမှု တစ်ကြိမ်၊ ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် ၁၆ ကြိမ်၊ တရားစွဲဆိုမှုနှစ်ကြိမ်နှင့် ၂၀၁၆ -၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ ၂၆ ကြိမ်၊ တရားစွဲဆိုမှု ခြောက်ကြိမ်ရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန မှတ်တမ်းများအရသိရသည်။

“ဖမ်းဆီးရမိမှုတွေက ပိုပြီးတိုးလာ တယ်။ ခိုးဖမ်းတယ်ဆိုတော့ အခွန်မဆောင်ရဘူးပေ့ါ။ ပြီးခဲ့တဲ့ရက်ပိုင်းက ငါးခိုးဖမ်းတဲ့သူကို ထောင်နှစ်လပဲ ချလိုက်တာ။ ပြစ်ဒဏ်နည်းတဲ့အတွက် အယူခံဝင်ထားတယ်။ လှေငါးစီးတစ်အုပ်ဆိုရင် အနည်းဆုံး လူ ၁၀ ယောက်၊ ၁၅ ယောက်လောက်ပါတယ်။ အတင့်ရဲလာတယ်” ဟု ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဝင်းက ထပ်လောင်းပြောဆိုသည်။

တရားမဝင်နည်းလမ်းများဖြင့် ငါးခိုးဖမ်းပါက အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ်သုံးနှစ်ဖြစ်စေ၊ ဒဏ်ငွေနှစ် သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်ကြောင်း ရေချိုငါးလုပ်ငန်းဥပဒေတွင် ဖော်ပြထားသည်။

တရားမဝင်ငါးဖမ်းဆီးမှုများကို မြင်းခြံ၊ ငါန်းဇွန်၊ ညောင်ဦး၊ စဉ့်ကူးနှင့် မတ္တရာမြို့နယ်အတွင်း ဖမ်းဆီးကြသည် ကို တွေ့ရကြောင်း၊ တရားမဝင်ငါးဖမ်းဆီးမှုများ လျော့နည်းလာစေရန် ငါးလုပ်ငန်း ဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ စိမ်းရောင်စို (Activities) စသည်တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့များက စဉ့်ကူး မြို့နယ်အတွင်း အသိပညာပေးဟောပြောခြင်း၊ ဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများကို ဒီဇင်ဘာလတတိယပတ်မှစ၍ လုပ်ဆောင်နေကြောင်း မန္တလေးတိုင်းငါးလုပ်ငန်း ဦးစီးဌာနထံမှ သိရသည်။ ■ **M-05**

# မန္တလေးမြို့ အဓိကဝင်ပေါက်လေးခု၌ စစ်ဆေးမည်

မန္တလေး၊ ဒီဇင်ဘာ ၂၈

မန္တလေးမြို့တော်လုံခြုံရေးအတွက် နှစ်သစ်ကူးနေ့တွင် အဓိကဝင်ပေါက်လေးခုမှနေ၍ ဝင်ထွက်သွားလာမှုများကို ရဲတပ်ဖွဲ့က တင်းတင်းကျပ်ကျပ် စစ်ဆေးမည်ဖြစ်သည်။

"နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုတွေလည်း ရှိနေတဲ့အတွက် မြို့တော်ထဲမှာ မလိုလားအပ်တဲ့ အကြမ်းဖက်မှုတွေ ဖြစ်မလာဖို့ကြိုတင်ကာကွယ်တာ အကောင်းဆုံးပဲ။ ဒါ့ကြောင့် ဝင်ပေါက်တွေမှာ စစ်ဆေးမှုတွေ လုပ်ရတာ" ဟု မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးစိန်ထွန်းက ပြောကြားသည်။

မန္တလေးမြို့တော်သို့ ဝင်ရောက်ရာ အဓိကဝင်ပေါက်ကြီးများဖြစ်သည့် ရွှေကျင်စစ်ဆေးရေးဂိတ်၊ ရတနာပုံတံတား၊ မြစ်ငယ်တံတားနှင့် ၁၆ မိုင်ဂိတ်တို့တွင် အဓိကထားစစ်ဆေးသွားမည်ဟု ၎င်းကဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင်လည်း ရဲတပ်ဖွဲ့အင်အား ၈၀ ရာခိုင်နှုန်းခန့်ဖြင့် လုံခြုံရေးအင်အားတိုးမြှင့်ကာ လှည့်ကင်း၊ ပတ်ကင်းများဆောင်ရွက်ရန် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးက စီစဉ်ထားသည်။

"မြို့နယ်တိုင်းမှာလည်း ရှောင်တခင် ရှာဖွေစစ်ဆေးတာတွေလုပ်မယ်။ လူစည်ကားရာတွေမှာလည်း ကင်းမျိုးစုံနဲ့ လုံခြုံရေးယူမယ်။ နောက်တစ်ချက်က ကျုံးပတ်လည်အတွက် ရဲတပ်ဖွဲ့ဝင်အင်အား ၂၀၀ လောက် တာဝန်ချထားမယ်" ဟု ဒုရဲမှူးကြီးစိန်ထွန်းက ဆက်လက်ပြောကြားသည်။

နှစ်သစ်ကူးညတွင် အရက်ဆိုင်၊ ဘီယာဆိုင်များကိုလည်း သတ်မှတ်ဆိုင်ပိတ်ချိန်များအတိုင်းပိတ်ရန် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းစစ်ဆေးမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်အချို့ထံမှ သိရသည်။

"နှစ်သစ်ကူးဆိုတာက လူငယ်တွေအတွက် ပျော်စရာပွဲတော်ဖြစ်ပါတယ်။ ဒီလိုပွဲတော်မှာ အေးအေးချမ်းချမ်း ပျော်ရွှင်သင့်တာပေါ့။ အဲဒီလိုမဟုတ်ဘဲ ပြဿနာရှာမယ်ဆိုရင် မကောင်းဘူးဗျ။ အားလုံးနှစ်နာကြရတယ်" ဟု မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက်တွင် နေထိုင်သည့် အသက် ၂၅ နှစ်အရွယ် ဦးအောင်ဟိန်းက ပြောဆိုသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ယခင်နှစ်များကလည်း နှစ်သစ်ကူးညတွင် ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်မဆင်မခြင်မောင်းနှင်ခြင်းများကြောင့်ထိခိုက်၊ ဒဏ်ရာရသူများရှိခဲ့ကြောင်း မန္တလေးမြို့ခံများထံမှ သိရသည်။

M-04

# ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့ ခံဝန်လက်မှတ်ထိုးရမည်

မန္တလေး၊ ဒီဇင်ဘာ ၂၈

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ထီးလိုမင်းလိုဘုရားကို ဘက်စုံပြုပြင်ခွင့်ပြုခဲ့သော ယင်းဘုရားဂေါပက အဖွဲ့ဝင်များကို ဥပဒေကြောင်းအရအရေးယူမည်မဟုတ်သော်လည်း ခံဝန်ကတိလက်မှတ်ထိုးရမည်ဖြစ်ကြောင်း ပဏ္ဏာမစုံစမ်းစစ်ဆေးရေး အဖွဲ့ထံမှ သိရသည်။

နိုင်ငံတော်သမ္မတဟောင်း ဦးသိန်းစိန် နာယကတာဝန်ယူထားသည့် ရွှေပြည်တော်ဆုံမှတ်ပရဟိတအသင်းကို ဘက်စုံပြုပြင်ခွင့် ပေးခဲ့၍ ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့ဝင်များ ခံဝန်ကတိလက်မှတ်ထိုးရခြင်းဖြစ်သည်။



ရွှေပြည်တော်ဆုံမှတ်ပရဟိတအသင်းက အလုံးစုံပြုပြင်ရန် ပြင်ဆင်ခဲ့သော ထီးလိုမင်းလိုဘုရား

ယင်းသို့ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သက်၍ အဖွဲ့ဝင်ငါးဦးပါ ပဏ္ဏာမစုံစမ်းစစ်ဆေးရေးအဖွဲ့က နိုဝင်ဘာလတတိယပတ်အတွင်းကစ၍ စစ်ဆေးခဲ့ပြီး ဒီဇင်ဘာပထမပတ်အတွင်း စုံစမ်းစစ်ဆေးမှုများ အဆုံးသတ်ခဲ့ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များကို ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်) ရုံးချုပ်သို့ တင်ပြခဲ့ရာ စစ်ဆေးရေးအဖွဲ့၏ အကြံပြုချက်အတိုင်း ခံဝန်ကတိလက်မှတ်ရေးထိုးစေရန် ဒီဇင်ဘာလ ၂၇ ရက်နေ့က အကြောင်းပြန်ခဲ့ကြောင်း စစ်ဆေးရေး အဖွဲ့ခေါင်းဆောင် ဦးမြင့်သန်းက ပြောကြားသည်။

"ဂေါပကအဖွဲ့အနေနဲ့ အလှူငွေရလိုမှုပေါ်မူတည်ပြီး ဆောင်ရွက်ခြင်းသာဖြစ်တယ်။ အခြားဘုရားတွေက ဂေါပကအဖွဲ့တွေလည်း အခုလိုမဖြစ်အောင် သတိပေးမှတ်တမ်းတင်သင့်တယ်ဆိုပြီး စစ်ဆေးရေးအဖွဲ့က အကြံပြုလိုက်တယ်။ ဒါ့ကြောင့် ခံဝန်လက်မှတ်ပဲ ထိုးခိုင်းတာ" ဟု ၎င်းကဆက်လက်ပြောဆိုသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပုဂံဒေသရှိထီးလိုမင်းလိုဘုရားကို ပြုပြင်ရန်ဟုဆိုကာ ရွှေပြည်တော်ဆုံမှတ်ပရဟိတအသင်းက ဗီနိုင်းများချိတ်၍ ဆောင်ရွက်ခဲ့သောကြောင့် ပုဂံရှေးဟောင်း သုတေသနဌာနခွဲမှညွှန်ကြားရေးမှူးနှင့်အဖွဲ့က ဗီနိုင်းများကို နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဖယ်ရှားခဲ့ရသည်။

ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအသင်းကိုပြင်ဆင်ခွင့်ပြုခဲ့ခြင်းသည် ဘုရားဘဏ္ဍာငွေမကုန်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်၍ စေတနာအမှားသာဖြစ်ကြောင်း ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့အတွင်းရေးမှူး ဦးတင်လှဦးက ပြောကြားသည်။

ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနအနေနှင့် ငလျင်လှုပ်ပြီးချိန်မှစ၍ UNESCO ၏ အကြံပြုချက်အတိုင်း ပြည်တွင်း၊ ပြည်ပပညာရှင်များပါဝင်သောအဖွဲ့များဖြင့် ပျက်စီးခဲ့သည့်ဘုရားများကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ထိခိုက်ပျက်စီးမှု ပမာဏနှင့် တန်ဖိုးပေါ်မူတည်၍ ပထမဦးစားပေး ၃၆ ဆူ၊ ဒုတိယဦးစားပေး ၅၃ ဆူနှင့် တတိယဦးစားပေးအဆူ ၃၀၀ ဟု ခွဲခြားထားပြီးဖြစ်သည်။

ပထမနှင့်ဒုတိယဦးစားပေး ပြုပြင်ရမည့် ဘုရား ၈၉ ဆူသည် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကြံပြုချက်အတိုင်း အချိန်ယူ၍ ပြုပြင်ထိန်းသိမ်းရမည်ဖြစ်၍ ၂၀၁၇ ခုနှစ်မှသာဆောင်ရွက်ရန် UNESCO နှင့် ညှိနှိုင်းထားကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ■

M-05

# ကရုဏာပါရမီ ကုသိုလ်ဖြစ်ဆေးခန်း ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီး

မန္တလေး၊ ဒီဇင်ဘာ ၂၈

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လွန်ကျော်စံပြကျေးရွာ၌ လမ်းပြကြယ်လူမှုကူညီရေးအသင်းဝင် လူငယ်များက မတည်ဆောက်လုပ်လျက်ရှိသည့် ကရုဏာပါရမီကုသိုလ်ဖြစ်ဆေးခန်း ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း အဆိုပါဆေးခန်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ထံမှ သိရသည်။

အဆိုပါဆေးခန်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်နိုင်ရန်စီစဉ်ထားကြောင်း၊ ပေ ၁၀၀ x ပေ ၇၀ ရှိ ယင်းဆေးခန်းကို ကျပ်သိန်းသုံးရာကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ခုခန့်မှ ဒေသခံများကို အကျိုးပြုနိုင်ရန် ရည်ရွယ်ထားကြောင်း လမ်းပြကြယ်လူမှုကူညီရေးအသင်း ဦးဆောင်နာယက အရှင်ကိတ္တိသာရ (ပါရမီရှင်၊ လွန်ကျော်) က The Voice သို့မိန့်ကြားသည်။

"ဦးပဉ္ဇင်းတို့ရွာက စံပြကျေးရွာ ဆိုပေမယ့် အစိုးရတိုက်နယ်ဆေးရုံမရှိသေးဘူး။ ကိုယ်ဝန်ဆောင် မိခင်တွေနဲ့ မြွေကိုက်လူနာအတွက် ကျောက်ဆည်၊ မန္တလေးဆေးရုံတွေအထိ ပို့ပေးရတဲ့အခါ အသက်အန္တရာယ်စိုးရိမ်ရတယ်။ ဒါကြောင့် ဒီဆေးခန်းကိုတည်ဆောက်ဖို့ ကြိုးစားခဲ့ကြတာ" ဟု ဆရာတော်က မိန့်ဆိုသည်။

ကရုဏာပါရမီကုသိုလ်ဖြစ် ဆေးခန်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကစ၍ တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ကုသပေးရန် ရည်မှန်းထားပြီး မွေးလူနာ၊ မြွေကိုက်လူနာနှင့် သွားဘက်ဆိုင်ရာ၊ အထွေထွေရောဂါများကို ကုသိုလ်ဖြစ်ကုသပေးမည်ဖြစ်ကြောင်း ယင်းဆေးခန်း စီမံကိန်းအရ သိရသည်။

"ကျွန်မတို့ရွာအနေနဲ့ ဘာရောဂါဖြစ်ဖြစ် နီးစပ်ရာဆေးခန်း၊ ဆေးရုံတွေကို သွားရတယ်။ အခုဒီဆေးခန်းဖွင့်ရင် အဆင်ပြေပြီ။ ရွာပေါင်း ၁၂ ရွာလောက် အားကိုးရမယ့် ဆေးခန်းဖြစ်လာမယ်လို့ ယုံကြည်ထားကြတယ်" ဟု လွန်ကျော်စံပြကျေးရွာနေ အသက် ၃၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးက ဆိုသည်။

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လွန်ကျော်စံပြကျေးရွာရှိ လမ်းပြကြယ်လူမှုကူညီရေးအသင်းတွင် အသင်းဝင်အင်အား ၁၈၀ ဦးနီးပါးရှိပြီး လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများကို သီးခြားရန်ပုံငွေထူထောင်ကာ ကူညီပေးနေခြင်းဖြစ်သည်။ ■ M-02



လမ်းပြကြယ်လူမှုကူညီရေးအသင်းက ဆောက်လုပ်ထားသည့် ကရုဏာပါရမီ ကုသိုလ်ဖြစ်ဆေးခန်း

## BOOK GUIDE

# ၂၀၁၃ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ၊

## ၂၀၁၃ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့် နည်းဥပဒေများ

### ကျော်မောင်မောင်



အစိုးရသစ်လက်ထက်တွင် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကို ရန်ကုန်သားတို့ ထင်ရှားစွာမြင်တွေ့နိုင်ခဲ့ကြပါသည်။ ပလက်ဖောင်းဖျောက်ထားသောနေရာများကို ပလက်ဖောင်းများ ပြန်လည်ဖော်ဆောင်ပေး သည်။ လမ်းမကြီးများပေါ်သို့ ကျူးကျော်ထားသည့် ကားရပ်နားစခန်းများ၊ အဆောက်အအုံများ၊ အဖီအဆွယ်များကို ဖျက်ခိုင်း ဖယ်ခိုင်းသည်။ နောက်ဆုံးတိုက်ပွဲ ဆင်နွှဲနေရသည်မှာ လမ်းဘေးကျူးကျော်ဈေးသားများကို ဖယ်ရှားရေးဖြစ်သည်။

ယခင်ကုန်သည်ကြီးများဟိုတယ်၊ ယခုဆူးလေ ရှန်ဂရီလာ ဟိုတယ်ရှေ့တွင် ကားရပ်နားစခန်းကြီးကို ကျူးကျော်ဆောက်ထားသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အစိုးရသစ်တက်လာပြီး ၆ လအတွင်း ရန်ကုန် မြို့တော်ဝန်က စာထုတ်ပြီး ဖယ်ရှားခိုင်းသည်။ ထို့ပြင် လမ်းဘေးဈေးသည်များကို ဖယ်ရှားမည်ဆိုသည့် သတင်းတွေ အသိပေးချက်တွေ ထွက်လာသည်။

ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော်ဝန်တို့၏ ဆောင်ရွက်နေမှုများသည် အလွတ်သဘောဆောင်ရွက် နေခြင်းမဟုတ်။ ယခင်အစိုးရလက်ထက်ကတည်းက ထုတ်ပြန်ထားသည့် စည်ပင်သာယာရေး ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဤစာအုပ်က သက်သေပြနိုင်ပါသည်။

ဤစာအုပ်ထဲတွင် ၁၉၉၀၊ ၁၉၉၉၊ ၂၀၀၁၊ ၂၀၁၁၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်များတွင် ထုတ်ပြန်ခဲ့သော စည်ပင်သာယာရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပြင်ဆင်သည့်ဥပဒေများကို၊ အမိန့်ကြော်ငြာစာများကို ပေါင်းစုထည့်သွင်းပေးထားသည်။

၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ကတည်းက ထုတ်ပြန်ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်သည်။ စည်ပင်သာယာရေးဥပဒေဆိုသည်ကို လူတိုင်း ရှိမှန်းပင်မသိ။ စိတ်လည်းဝင်စားကြဟန်မတူ။ ယခုအခါ လမ်းဘေးအဖမ်းအဆီးများ၊ ကုန်တင်ကားအတား အဆီးများ၊ ကျူးကျော်အဆောက်အအုံအဖယ်အရှေ့များကို ဥပဒေအရ အရေးယူလာသည့် အခါမှ ဤဥပဒေ သည် ရှိမှန်း၊ စိတ်ဝင်စားရမှန်းသိလာကြသည်။

စင်ကာပူနိုင်ငံကို Fine City ဟုခေါ်လေ့ရှိသည်။ စည်းမဲ့ကမ်းမဲ့လုပ်ဆောင်မှုများအတွက် သတ်မှတ်ထားသည့် ပြစ်မှုပြစ်ဒဏ်တွေရှိသည်။ လက်တွေ့လည်း အရေးယူသည်။ အမှိုက်အိတ်စည်းမဲ့ပစ်သူများကို CCTV ကတစ်ဆင့် စောင့်ဖမ်းသည်။ တစ်ကြိမ်၊ နှစ်ကြိမ်အထိ သတိပေးသည်။ သုံးကြိမ်မြောက်တွင် အရေးယူသည်။ သူတို့အရေးယူပုံမှာ တစ်ပတ်တွင် တစ်ရက် လမ်းသန့်ရှင်းရေးကို တစ်ဦးတည်း လုပ်ပေးရသည်။ ပါးစပ်ကလည်း စည်းကမ်းမဲ့ အမှိုက်ပစ်မိကြောင်း အော်ရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နောက်လာမည့် နှစ် ၂၀ တွင် မြန်မာနိုင်ငံကို စင်ကာပူနိုင်ငံအား ကျော်တက်ရန် ကြိုးပမ်းအားခဲနေသည်။ ထို့ပြင် ရန်ကုန်တွင်လုပ်ဆောင်နေသော စီမံကိန်းများ အောင်မြင်ခြင်းသည် တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်းခန့် အောင်မြင်ခြင်းဟုလည်း အလေးထား ဆောင်ရွက်ခိုင်းနေသည်။

စင်ကာပူကို သာချင်လျှင် စင်ကာပူထက် စည်းကမ်းရှိစေရန်၊ နေပြ၊ ထိုင်ပြ၊ လုပ်ပြ၊ ကိုင်ပြနိုင်ရမည်။ စင်ကာပူ တိုးတက်မှုသည် စည်းကမ်းတွင် အခြေခံထားကြောင်း မျက်ကွယ်ပြု၍ မရနိုင်ပေ။

စင်ကာပူတွင်စည်းကမ်းအတိုင်း အရေးယူဆောင်ရွက်နေသည်ဆိုသဖြင့် မြန်မာနိုင်ငံတွင်ရော စည်းကမ်း ဥပဒေများ မရှိဘူးလားဟု မေးစရာရှိပါသည်။ သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေများ ရှိပြီးသားဖြစ်ပါသည်။ အစိုးရဟောင်းလက်ထက်တွင် ဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ပေးထား သော်လည်း အရေးယူ ဆောင်ရွက်မှုများ အားနည်းလှသည်။ ထို့ပြင် စည်ပင်ဝန်ထမ်းများနှင့် လမ်းဘေးဈေးသည်များ၊ ကျူးကျော်သူများဆိုသည်မှာ ကြောင်နှင့်ကြွက်လို လိုက်တမ်းပြေးတမ်း ကစားပြီး ပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။

အစိုးရသစ်လက်ထက်တွင် အရေးယူကိုင်တွယ်ဆောင်ရွက်မှုများကို တိကျစွာ လုပ်လာသည်။ ပဋိပက္ခတွေဖြစ် သည်။ အစိုးရတိုင်း လမ်းဘေးပြဿနာ၊ ကျူးကျော်ပြဿနာများကို အမုန်းခံရင်ဆိုင်ဖြေရှင်းကြရသည်သာ ဖြစ်သည်။ ၁၉၅၈ ခုနှစ်ကလည်း ဗိုလ်မှူးကြီးထွန်းစိန်ဆိုသူသည် ရန်ကုန်မြို့တော်ဝန်ဖြစ်လာသည်။ ကျူးကျော်တွေကို အမုန်းခံပြီး ရှင်းရသည်။ မြို့တော်ကို ချွေးဖြင့်ဆေးမည်ဆိုပြီး အမုန်းခံလုပ်ခဲ့သူလည်းဖြစ်သည်။ ရန်ကုန်မြို့လယ်ရှိ စစ်ဘေးရှောင်ကျူးကျော်များကို မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သာကေတသို့ မြို့ကွက်သစ်များ ရိုက်ပြီးပို့သည်။ သူ့ကိုဆဲကြဆိုကြ အော်ကြဟစ်ကြသည်။ ခုတော့ သူ့ကို ကျေးဇူးတင်ရမှန်းပင် မသိကြတော့။

'၂၀၁၃ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ၊ ၂၀၁၃ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေနှင့် နည်းဥပဒေများ' စာအုပ်တွင် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေများကိုလည်း ဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ်က ထုတ်ပြန်ထား သည့် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၄ သည် စည်ပင်သာယာရေးကော်မတီကို မည်သို့ ရွေးကောက်တင်မြှောက်ရမည်နည်းဆိုသည့် ဗဟုသုတများ ရရှိစေနိုင်မည်ဖြစ်သည်။

ဥပဒေများသည် အဆင့်ဆင့် သတ်မှတ်ပြဋ္ဌာန်းထားပြီးသားဖြစ်ပါသည်။ ဥပဒေကို မသိလို့ဟုပြောကာ ခြွင်းချက်ဖြင့် ခွင့်လွှတ်ရန် တောင်းဆိုခွင့်မရှိပါ။ ရန်ကုန်မြို့တော်ကြီးကို ခေတ်မီကမ္ဘာ့မြို့တော်အဆင့် ဖြစ်မြောက်လာစေရန် ကြိုးပမ်းနေမှုတွင် စည်ပင်က အဖွဲ့များသာ ဥပဒေကိုသိနေရုံဖြင့်မပြီးပါ။ ပြည်သူများ ဥပဒေကိုသိရန် ပြစ်မှု ပြစ်ဒဏ်များကို နားလည်ထားရန်လည်းလိုပါသည်။ ထို့ကြောင့် ဤစာအုပ်ထွက်ပေါ်လာခြင်းသည် ပြည်သူပြည်သားတစ်ယောက် သိသင့်သိထိုက် နားလည်ထားထိုက်သည့် ဥပဒေအသိတရားများ တိုးတက်မြင့်မားလာစေရန် အကူအညီပေးရာရောက်သည်ဟုဆိုချင်သည်။

ရန်ကုန်မြို့အပါအဝင် အခြားမြို့တိုင်းရှိ စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူများအနေနှင့် နိုင်ငံသားကောင်းတစ်ယောက်ပီသစွာ မည်သို့နေထိုင်ရမည်ကို ဤစာအုပ်ပါ ဥပဒေနှင့် လမ်းညွှန်မှုများက အထောက်အကူ ပြုနိုင်ပါလိမ့်မည်။

ဥပဒေဆိုသည်မှာ ထုတ်ပြန်နေရုံနှင့်မပြီး ပြည်သူများ သိရှိနိုင်စေရန် ပညာပေးဖို့လည်း လိုပါသည်။ ဥပဒေကို သိရှိနားလည်လိုက်လျှင် ကျူးလွန်မှုများကို ထိန်းသိမ်းသွားကြမည်ဖြစ်ပါသည်။ ပြည်သူများ အသိပညာဖြစ်စေရန် ထုတ်ဝေပေးသူများကို ကျေးဇူးတင်မိသည်။

■ စာကြမ်းပိုး

## ကုသိုလ်လမ်းညွှန်

ဒီတစ်ပတ်တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့လမ်းညွှန်နေကျအတိုင်း ညွှန်ပေးချင်တာက တတ်အားသရွေ့ ကျန်းမာရေး အလှူဒါနပြုနိုင်ဖို့ပါ။ အသက် ၁၀ နှစ်အရွယ်ရှိတဲ့ ကလေးငယ် စီစီလျာက ရောဂါဝေဒနာကိုအသက်အရွယ်နဲ့မလိုက်အောင် ခံစားနေရတာဖြစ်ပြီး နေ့ ည မအိပ်ရဘဲ မျက်လုံးရဲ့ဝေဒနာကို ခံစားနေရတာဖြစ်ပါတယ်။ မိဘတွေက ခရုတောင် ရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်မှာ နေထိုင်တာဖြစ်ပြီး တောင်သူအလုပ်သမားတွေမို့ကလေးငယ်ကိုဆေးကုသဖို့ ငွေကြေးအခက်အခဲ ကြုံတွေ့နေရတာဖြစ်ပါတယ်။ ကလေးငယ်က ပလက်ဝပြည်သူ့ဆေးရုံမှာ ဆေးကုသမှုခံယူနေတာဖြစ်ပြီး ရောဂါအခြေအနေက ဆိုးလာတာမို့ ကလေးငယ်အတွက် ငွေကြေးအလှူဒါနပြုချင်ရင် ဖုန်း ၀၉-၄၀ ၂၇၇၇၉၁၆ ကိုဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### SD ကတ် ထပ်စိုက်အသုံးပြုချင်သူတွေအတွက် SD ကတ် SimAdapter

ကိုယ့်ရဲ့ဖုန်းက ဆင်းမ်ကတ် ၂ ကတ်စိုက်လိုက်တာနဲ့ SD ကတ်ထပ်စိုက် ပြီးအသုံးပြုလို့မရတဲ့သူတွေအတွက် SD ကတ် SimAdapter ကို ညွှန်းချင်ပါ တယ်။ ဒီပစ္စည်းက Samsung, Huawei နဲ့ Mi ဖုန်း အစရှိတဲ့ဖုန်းတွေမှာ ဆင်းမ် ကတ် ၂ ခု စိုက်တာနဲ့ SD ကတ် ထပ်စိုက်မရတာပဲဖြစ်ဖြစ်၊ SD ကတ်ထည့်ဖို့ နေရာမပါတာပဲဖြစ်ဖြစ် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ပုံမှန် Sim ကတ်ထည့်တဲ့ နေရာမှာ SD ကတ် Adapter ကိုထည့်ပြီး အပေါ်ကနေမှ ဆင်းမ်ကတ်ကိုထည့်ပြီးအသုံးပြုနိုင်မှာဖြစ်ပါတယ်။ Internal Memory များတဲ့သူတွေနဲ့ Memory နည်းတဲ့သူတွေ အသုံးပြုနိုင်မှာဖြစ်တယ်လို့ ရောင်းချသူက ဆိုပါ တယ်။ ရန်ကုန်မြို့တွင်း ပစ္စည်းမှာယူသူတွေကို အိမ်တိုင်ရာရောက်ပို့ဆောင်ပေးပြီး ဈေးနှုန်းက ၁၄၉၀၀ ကျပ်ဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် ၀၉-၇၉၉၆၉၆၅၀၃ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက ...
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




ဒီနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ဟာ ဆိုဗီယက်ယူနီယံပြိုကွဲခဲ့တာ ၂၅ တင်းတင်းပြည့်ခဲ့ပါပြီ။ ဒီအဖြစ်အပျက်ကို ရုရှားရဲ့လက်ရှိသမ္မတ ဗလာဒီမာပူတင်က '၂၀ ရာစုရဲ့ အကြီးမားဆုံး ပထဝီနိုင်ငံရေးဆိုင်ရာ ရုတ်တရက်ကပ်ဘေးသင့်မှုကြီးတစ်ရပ်' လို့ ကင်ပွန်းတပ်ခဲ့ပါတယ်။ ဒါပေမဲ့ အနောက်နိုင်ငံတွေကတော့ ဒီအဖြစ်အပျက်ကြီးဟာ ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားစစ်ပွဲခြိမ်းခြောက်မှုကို အဆုံးသတ်ပေးလိုက်တဲ့ သမိုင်းဝင်အောင်ပွဲလို့ ကြွေးကြော်ခဲ့ကြတယ်။

အဲဒီအချိန်က အဲဒီပြိုကွဲမှုအပေါ် တရုတ်ပြည်က ပညာတတ်များရဲ့ ထင်မြင်ယူဆချက်များ၊ ဆွေးနွေးငြင်းခုံချက်များ အမြောက်အမြားလည်း ထွက်ပေါ်လာခဲ့ပါတယ်။

၁၉၉၁ ခုနှစ်မှာ လူထုအုံကြွမှုကြီးကနေစခဲ့တဲ့ ဆိုဗီယက်ယူနီယံပြိုကွဲမှုဟာ ကွန်မြူနစ်အိုင်ဒီယော်လော်ဂျီရဲ့ ကျဆုံးမှုသင်္ကေတတစ်ရပ်လည်း ဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံဟာ ကမ္ဘာပေါ်မှာရှိတဲ့ ကွန်မြူနစ်နိုင်ငံအစိုးရအတော်များများရဲ့စံပြပုံစံတစ်ရပ်ဖြစ်ခဲ့သလို ကမ္ဘာ့ပထမဦးဆုံးနဲ့ အရှည်ကြာဆုံး ဆိုရှယ်လစ်တည်ဆောက်ရေး အတွေ့အကြုံတွေရှိတဲ့ တိုင်းပြည်ဖြစ်ပြီး တရုတ်ပြည်ရဲ့ခေတ်သစ်နိုင်ငံရေးသမိုင်းနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွေအပေါ်မှာလည်း နက်နက်ရှိုင်းရှိုင်း ဩဇာသက်ရောက်မှုရှိခဲ့တယ်။ ဒါ့ကြောင့်တရုတ်ကွန်မြူနစ်ပါတီအနေနဲ့အလားတူကံကြမ္မာဆိုးကို လွှဲရှောင်ပြီး ရှင်သန်ကျန်ရစ်ဖို့က အရေးကြီးပြဿနာတစ်ရပ် ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့စွဲပါ The Diplomat မှာ ဖော်ပြခဲ့တဲ့ What China Learned from the Soviet Union's Fall ဆောင်းပါးမှာ A. Greer Meisels က အဲဒီကိစ္စနဲ့ပတ်သက်တဲ့တရုတ်ပြည်ထဲက အမြင်အမျိုးမျိုးကို နိဂုံးချုပ်ကြည့်ရင် 'အပြစ်တင်ခြင်းသုံးရပ်' ကို တွေ့ရတယ်လို့ ဆိုပါတယ်။ အဲဒါတွေက လူကိုအပြစ်တင်ခြင်း၊ စနစ်ကိုအပြစ်တင်ခြင်းနဲ့ အနောက်(ကမ္ဘာ)ကို အပြစ်တင်ခြင်းတွေပါပဲတဲ့။

## လူကိုအပြစ်တင်ခြင်း

၁၉၉၀ ခုနှစ်များနဲ့ ယနေ့အချိန်အထိ တရုတ်ပြည်ကလူတော်တော်များများက ဆိုဗီယက်ယူနီယံပြိုကွဲသွားမှု အစ-အဆုံးဟာ မီခေးလ် ဂိုဘာချော့ဗ် တစ်ဦးတည်းရဲ့ အမှားကြောင့်လို့ အပြစ်တင်ကြပါတယ်။ ဒီအမြင်ဟာ တရုတ်ကွန်မြူနစ်ပါတီထဲက လက်ဝဲရေးရိုးစွဲဝါဒီများရဲ့အမြင်ကို ရောင်ပြန်ဟပ်တာလို့ ယူဆရပါတယ်။ ဂိုဘာချော့ဗ်ရဲ့ပြုပြင်ပြောင်းလဲရေးကြိုးပမ်းချက်တွေ အရှိန်မြင့်မားလာစဉ်တုံးက "တရုတ်ကွန်မြူနစ်ပါတီနဲ့ တရုတ်ပြည်တွင်းမှာ ဂိုဘာချော့ဗ်ရဲ့ 'ပြန်လည်ပြင်ဆင်ရေးဝါဒ' ကို ဆန့်ကျင်တိုက်ပွဲဆင်ရမယ်" လို့ ပြောဆိုကြသူတွေ ရှိခဲ့ပါတယ်။ ၁၉၄၉ ခုနှစ် တရုတ်ပြည်လွတ်မြောက်ပြီးတဲ့နောက်ပိုင်းကာလမှာ 'Revisionist' ပြန်လည်ပြင်ဆင်ရေးသမားလို့ အစွပ်စွဲခံရတာဟာ 'ကြောက်စရာကြီး' ပါပဲ။ ၂၀၁၁ ခုနှစ် မတ်လ ၁ ရက်နေ့က Chinese Academy of Social Sciences (CASS) တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီက စာအုပ်တစ်အုပ် ထုတ်ဝေပါတယ်။ အဲဒီစာအုပ်ကို 'အန္တရာယ်ကိုရင်ဆိုင်ရန် အချိန်မီကြိုတင်ပြင်ဆင်ခြင်း : အနှစ် ၂၀ မြောက် ရုရှားကွန်မြူနစ်ပါတီ ပြိုကွဲခြင်းအပေါ် ပြန်လည်သုံးသပ်ချက်များ' လို့ အမည်ပေးထားပါတယ်။ ဒီအထဲမှာ ဆိုဗီယက် ကွန်မြူနစ်ပါတီ (CPSU) ပြိုကွဲပျက်စီးသွားတာရဲ့အခြေခံအကြောင်းရင်းဟာ ဆိုဗီယက် ဆိုရှယ်လစ်စနစ်ကြောင့်မဟုတ်ဘဲ အဲဒီတုန်းက သမ္မတ ဂိုဘာချော့ဗ်ခေါင်းဆောင်တဲ့ ရုရှားကွန်မြူနစ်တွေရဲ့အဂတိလိုက်စားမှုတွေကြောင့်ဖြစ်တယ်လို့ ဆိုထားပါတယ်။

အဂတိလိုက် ခြစားမှုရဲ့ဆိုးကျိုးတွေကို ထင်ထင်ရှားရှားမြင်တွေ့လာနေရတဲ့ ကနေ့တရုတ်ပြည်မှာ တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ စိတ်ထဲက တကယ်မပါတောင် စကားအားဖြင့်တော့ ဒီကြောက်စရာကောင်းလှတဲ့ ရန်သူကို ဆန့်ကျင်တိုက်ပွဲဆင်ရမယ်လို့ မုချပြောကိုပြောရမှာပါပဲတဲ့။

## စနစ်ကို အပြစ်တင်ခြင်း

ဒုတိယ ဩဇာသက်ရောက်မှုအရှိဆုံးအုပ်စုကတော့ ပြိုကွဲမှုဟာ စနစ်ရဲ့အားနည်းချက်ကြောင့်လို့ ဆိုသူတွေပါ။ သူတို့က ပိုပြီးလစ်ဘရယ်ကျတဲ့သဘောရှိပြီး ပြုပြင်ပြောင်းလဲရေးအမြင်ရှိတဲ့ပုဂ္ဂိုလ်တွေ များပါတယ်။ အဲဒီအမြင်က ဒီပြိုကွဲမှုဟာ ဆိုရှယ်လစ်စနစ်ရဲ့ ပင်ကိုချို့ယွင်းအားနည်းချက်တွေကြောင့်မဟုတ်ဘဲ ဆိုဗီယက်ယူနီယံမှာ ဘယ်လိုကျင့်သုံးခဲ့တယ်ဆိုတာနဲ့သာ သက်ဆိုင်တယ်လို့ဆိုကြတယ်။ ဒီပုဂ္ဂိုလ်တွေက စီးပွားရေးနှေးကွေးတုံ့ဆိုင်းနေခဲ့တာ၊ စီမံခန့်ခွဲမှုလွဲမှားတာ၊ တရားသေဝါဒကျင့်သုံးမှုနဲ့ ဗျူရိုကရေစီကြိုးနီစနစ်ရဲ့တင်းတောင့်ပြီး Flexible မဖြစ်တာ စတဲ့ပြည်တွင်းက အပြစ်အနာအဆာတွေကို လက်ညှိုးထိုးပါတယ်။ တကယ်တော့ ဒါတွေက ဂိုဘာချော့ဗ်လက်ထက်ကျမှ ရုတ်တရက်ပေါ်လာတာမဟုတ်ပါဘူး။ အရှေ့ဥရောပနဲ့ ဆိုဗီယက်ယူနီယံတစ်ဝန်းလုံးမှာ တစ်ချိန်လုံး ကင်ဆာရောဂါမြစ်ပွားနာလို ပျံ့နှံ့နေခဲ့တာကြာပါပြီ။ ပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်ရှိတဲ့ တရုတ်ကွန်မြူနစ်ပါတီဝင်တွေထဲမှာ ဒီလို'စနစ်ကိုအပြစ်တင်'တဲ့ အမြင်ဘာကြောင့်ရှိရတာလဲဆိုတာ ကောင်းကောင်းမှန်းဆလို့ရပါတယ်။ အားလုံးခြုံကြည့်လိုက်တဲ့အခါ တိန့်ရှောင်ဖိန်ရဲ့ (Reforms) ပြုပြင်ပြောင်းလဲရေးအများအပြားဟာ ဒီလိုအသေကျ၊ ရပ်တန့်နေတဲ့ စဉ်းစားတွေးခေါ်မှုတွေကို ဆန့်ကျင်တိုက်ဖျက်ဖို့ ကြိုးပမ်းခြင်းပဲဖြစ်ပါတယ်။

## အနောက်ကို အပြစ်တင်ခြင်း

အနောက်ကို အပြစ်တင်တဲ့အုပ်စုကတော့ အထက်ကအုပ်စုနှစ်ခုနဲ့ ခြားနားပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က အမေရိကန်ပြည်ထောင်စုရဲ့ပေါ်လစီတွေနဲ့ ဒေသတွင်းဩဇာလွှမ်းမိုးလာမှုတွေကို ကြောက်ရွံ့တာက အခြေခံအချက်ဖြစ်လို့ပါပဲ။ အဲဒီအုပ်စုအပေါ် လွှမ်းမိုးနေတဲ့အချက်က အမေရိကန်အနေနဲ့ သူ့ရဲ့ပါဝါကိုအသုံးချပြီး တရုတ်ပြည်ကိုဖိအားပေးလာကာ အုပ်ချုပ်ရေးပုံစံအပြောင်းအလဲလုပ်မှာကို စိုးရိမ်တာပါ။ ပြည်သူ့နေ့စဉ်လို၊ ဟောင်ကောင်ထုတ် ဝမ်ဝေ့ပေါက်လိုသတင်းစာများမှာ ဖော်ပြလေ့ရှိတာက တရုတ်ကွန်မြူနစ်ပါတီအနေနဲ့ အနောက်အုပ်စုရဲ့ရန်လိုတဲ့ ဩဇာကြီးထွားလာမှုနဲ့ တစ်နေ့တခြားထွက်ပြူလာနေတဲ့ ပါတီတွင်း မစည်းမလုံးဖြစ်လာနေတာကို စိုးရိမ်လာနေတာပါ။ ဒီလို စိတ်ခံစားချက်တွေက အခုထက်တိုင် ပဲ့တင်ရိုက်ခတ်နေဆဲဖြစ်ပြီး အမေရိကန်ဗိုလ်ကျစိုးမိုးရေးဝါဒကိုဆန့်ကျင်တဲ့ ဒေါသတကြီးငြင်းခုံမှုတွေကို တရုတ်စာနယ်ဇင်းတချို့မှာ အယ်ဒီတာ့အာဘော်နဲ့ ဆန့်ကျင်ဘက် ဝေဖန်ချက်တွေအဖြစ် တွေ့မြင်ရလေ့ရှိပါတယ်။

## ဆိုဗီယက်ယူနီယံရဲ့ယနေ့ဟာ ကျွန်တော်တို့ရဲ့မနက်ဖြန်လား

ဒီအပြစ်တင်ခြင်းသုံးရပ် ဆိုတာက တရုတ်ကွန်မြူနစ်ပါတီရဲ့ ပေါ်လစီမိတ်ကာတွေအပေါ်ကိုဘယ်လောက်အတိုင်းအတာအထိဩဇာသက်ရောက်မှုရှိတယ်ဆိုတာက ပိုပြီးစိတ်ဝင်စားဖို့ကောင်းတယ်။ တိန့်ရှောင်ဖိန်ရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေ ကြေညာလိုက်နိုင်တာက တရုတ်ကွန်မြူနစ်ပါတီ ထိပ်ပိုင်းခေါင်းဆောင်တွေအထဲမှာ အဲဒီတုန်းက ဗဟိုကော်မတီရဲ့ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ချင်ယွင်ခေါင်းဆောင်တဲ့ ရှေးရိုးစွဲလက်ဝဲသမားကြီးများအုပ်စုအပေါ်ကို တိန့်ရှောင်ဖိန်တို့အုပ်စုက အပေါ်စီးရသွားပြီဆိုတာ ပြလိုက်တာပါပဲ။ ဒီလို အုပ်စုဂိုဏ်းဂဏ အောင်ပွဲအပြင် တကယ့်ပေါ်လစီအပြောင်းအလဲ ဒါမှမဟုတ် ပေါ်လစီထိန်းညှိမှုတွေ ဖြစ်ခဲ့တာဟာ ဆိုဗီယက်ယူနီယံပြိုကွဲမှုကြောင့်လို့ ဆိုရပါလိမ့်မယ်။ အဲဒီအထဲက တချို့ကိုပြောရမယ်ဆိုရင် ဆိုဗီယက်ပုံစံဖြစ်တဲ့ လူမျိုးပေါင်းစုံ နိုင်ငံတည်ဆောက်ရေး (ဆိုဗီယက်ပြည်ထောင်စုစနစ်) ဆိုတာကို 'မတူညီကွဲပြားမှုတွေရှိတဲ့ တစ်ပြည်ထောင်အမျိုးသားနိုင်ငံ' (one nation with diversity) ပေါ်လစီနဲ့ အစားထိုးတာပါ။ ***

ဒါ့အပြင် နောက်ထပ်အစားထိုးချက်တစ်ခုက တရုတ်ပြည် ကွန်မြူနစ်ပါတီရဲ့တရားဝင်အသိအမှတ်ပြုခံရမှုကို ခိုင်မာစေဖို့ မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး ပညာပေးလှုပ်ရှားမှုကို ဖော်ဆောင်ခဲ့တာပဲ ဖြစ်ပါတယ်။ 'အနောက်ကိုအပြစ်တင်' တဲ့အုပ်စုရဲ့ဝေဖန်သံတွေ တိတ်ဆိတ်သွားစေခဲ့တာက လူမှုဖူလုံရေးပေါ်လစီတွေကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်တယ်။ ပင်စင်လစာတွေ၊ အနိမ့်ဆုံးလူနေမှုဘဝအာမခံချက်တွေ၊ 'ဆိုရှယ်လစ်ကျေးလက်ဒေသသစ်' စနစ်ဖော်ဆောင်တာတွေ၊ ကျန်းမာရေးအာမခံစနစ်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုကောင်းမွန်အောင် ဆောင်ရွက်မှု စတာတွေအားလုံးဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ဆိုရှယ်လစ်ကြွေးကြော်ချက်တွေကို အနောက်အရင်းရှင်စနစ်နဲ့ ယှဉ်ပြိုင်နိုင်ဖို့ ရည်ရွယ်အားဖြည့်ထားချက်တွေပဲ ဖြစ်တယ်။ တရုတ်ကွန်မြူနစ်ပါတီက ဆိုဗီယက်ပြည်ထောင်စုပြိုကွဲမှုကိုတုံ့ပြန်ပုံနဲ့ ဒီသင်ခန်းစာတွေကို သူတို့ဘယ်လိုခံယူသလဲဆိုတာကို နားလည်အောင် ကြိုးစားကြည့်တဲ့အခါ တွေ့ရှိရတာက၊ တရုတ်ကွန်မြူနစ်တွေအနေနဲ့ ပေါ်လစီချမှတ်ရာမှာ ပြင်လွယ်ပြောင်းလွယ်ရှိတဲ့ပုံစံကတစ်ဆင့် စဉ်ဆက်မပြတ် သင်ယူလေ့လာတဲ့ဖြစ်စဉ်ကနေ ပြဿနာတွေကိုအဖြေရှာဟန်တူပါတယ်။ တရုတ်ပြည်ရဲ့အရေးအကြီးဆုံး သင်ခန်းစာကတော့ မာ့က်စ်-လီနင်ဝါဒ၊ ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ ရှေးရိုးစွဲကွန်မြူနစ်ဝါဒတို့အပေါ် လူအတော်များများက အယုံအကြည်ကင်းမဲ့လာတဲ့ခုလိုအချိန်မှာ လိုက်လျောညီထွေရှိတဲ့ အာဏာပိုင်အုပ်ချုပ်နည်းစနစ် ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို ရှာဖွေတာပါပဲတဲ့။

အထက်ပါသဘောထားအမြင်တွေက National Interest စင်တာရဲ့ တရုတ်နဲ့ ပစိဖိတ်ရေးရာသုတေသနဌာန တွဲဖက်ညွှန်ကြားရေးမှူး A.Greer Meisels ရဲ့အမြင်တွေပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ တရုတ်ပြည်ကို ဒီလိုပြိုကွဲမသွားအောင် ချက်ချင်းအားဖြင့် ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာ ကောင်းကောင်းသင်ခန်းစာရသွားဖွယ်ရှိတာက ဆိုဗီယက်အတွေ့အကြုံထက် မြန်မာအတွေ့အကြုံဖြစ်ဖို့ပိုများတယ်ဆိုတဲ့ ကျွန်တော့်ထင်မြင်ချက်ကို ပြောပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆိုဗီယက်ယူနီယံပြိုကွဲတာက ၁၉၉၁ ခုနှစ်ပါ။ တရုတ်ပြည်မှာ အဲဒီလို တစ်ပြည်လုံးနီးပါး လူထုအုံကြွမှုဖြစ်ခဲ့တာက ၁၉၈၉ ခုနှစ်ကပါ။ ဒါကြောင့် တရုတ်ပြည်ရဲ့ ၁၉၈၉ ခုနှစ် လူထုအုံကြွမှုဟာ ဆိုဗီယက်ယူနီယံမှာဖြစ်တာထက် နှစ်နှစ်ကျော်စောပါတယ်။

တရုတ်ပြည်ထက် ၁ နှစ်လောက်စောတဲ့ လူထုအုံကြွမှုကတော့ မြန်မာပြည်က ရှစ်လေးလုံး လူထုအုံကြွမှုကြီးပဲ ဖြစ်ပါတယ်။ အဲဒီရှစ်လေးလုံး လူထုအုံကြွမှုကြီးဖြစ်ပေါ်ခဲ့ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ပြိုကျသွားပါတယ်။ တပ်မတော်က အုံကြွခဲ့တဲ့လူထုကို အကြမ်းဖက် နှိမ်နင်းခဲ့ပေမယ့် မြန်မာ့ဆိုရှယ်လစ်တစ်ပါတီစနစ်ကိုရော၊ အုပ်ချုပ်ခဲ့တဲ့အစိုးရကိုပါ မကယ်တင်နိုင်ခဲ့တော့ပါ။

၁၉၈၉ ခုနှစ်ကျတော့ တရုတ်ပြည်မှာ တရုတ်ကျောင်းသားတွေခေါင်းဆောင်တဲ့ လူထုအုံကြွမှုကြီးတစ်ခု တီယန်မန်ရင်ပြင်မှာ ဖြစ်ပွားခဲ့တယ်။ ဒီလူထုအုံကြွမှုဟာ ၁၉၈၉ ခုနှစ် ဧပြီလ ၁၅ ရက်ကနေ ဇွန်လ ၄ ရက် နေ့အထိ

စာမျက်နှာ 23 သို့

**ဒုတိယဩဇာသက်ရောက်မှုအရှိဆုံး အုပ်စုကတော့ ပြိုကွဲမှုဟာ စနစ်ရဲ့ အားနည်းချက်ကြောင့်လို့ ဆိုသူတွေပါ။ သူတို့က ပိုပြီးလစ်ဘရယ်ကျတဲ့သဘောရှိပြီး ပြုပြင်ပြောင်းလဲရေးအမြင်ရှိတဲ့ပုဂ္ဂိုလ်တွေ များပါတယ်။ အဲဒီအမြင်က ဒီပြိုကွဲမှုဟာ ဆိုရှယ်လစ်စနစ်ရဲ့ ပင်ကိုချို့ယွင်းအားနည်းချက် တွေကြောင့်မဟုတ်ဘဲ ဆိုဗီယက်ယူနီယံမှာ ဘယ်လိုကျင့်သုံးခဲ့တယ်ဆိုတာနဲ့သာ သက်ဆိုင်တယ်လို့ ဆိုကြတယ်။**

၂၀၁၆ ခုနှစ်ကုန်ဆုံးတော့မည် ဖြစ်သည်။ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ ကမ္ဘာကြီးဖြင့် အဆက်ပြတ် အထီးကျန် တံခါးပိတ်နေခဲ့ခြင်း၊ အမျိုးသားသွေးစည်းညီညွတ်မှု မရှိခဲ့ရခြင်းတို့ ကြောင့် ခေတ်မီဖွံ့ဖြိုးရေးတို့ ဝေးကွာခဲ့ရသည်။ ၂၀၁၀ အလွန်ကာလတွင် ခေတ်ပြောင်း စနစ်ပြောင်း၍ တံခါးဖွင့်ခဲ့သော်လည်း နိုင်ငံတကာအလယ်၌ ဝင်ဆံ့နိုင်ရန် စိန်ခေါ်မှုများ များစွာရှိနေပါသေးသည်။ ထိုအလှမ်းကွာဟမှုကို အမြန်ဆုံး အမီလိုက်နိုင်ရေးအတွက် လိုအပ်သောတံတားမှာ ပညာရေးကလွဲ၍ အခြားမရှိပါဟုဆိုလျှင် ယခုအခါ ငြင်းချက်ထုတ်ကြလိမ့် မည် မဟုတ်ပေ။ ထိုသို့ဆိုသလိုပင် ‘ပညာ’ ဟူသောစကားလုံး ရေပန်း စားပုံကလည်း ဘယ်ခေတ်ဘယ်ကာလများနှင့်မျှ မတူလောက်အောင် ဖြစ်နေပါသည်။ ပညာအဖွဲ့အစည်း၊ ပညာခေတ်၊ ပညာစီးပွားရေး၊ ပညာအလုပ်သမား စသဖြင့် စကားလုံးအားလုံးလိုလို လောက်၏ရှေ့တွင် နာမဝိသေသနအဖြစ် ပညာက နေရာယူထားပြန်သည်။ တစ်ဖက်တွင်လည်း ပညာနှင့်အလုပ်အကိုင်အချိုး၊ ပညာနှင့်ဝင်ငွေအချိုးတို့မှာ ကပ်လျက်တည်ပြီး ခွဲမရအောင် ဖြစ်လာသည်။ ပညာကိုသာ အခြေခံကျကျ အဆင့်မမြှင့်နိုင်ပါက တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝများတွင် အလုပ်အကိုင်ကောင်းများ၊ ဝင်ငွေကောင်းများနှင့် အလှမ်းကွာနေမည်မှာ အသေအချာပင် ဖြစ်လာသည်။

**ဆိုရှယ်လစ်အစွဲသန်နေသည့် ပညာရေးစနစ်ပြောင်းလဲဖို့ ခေါင်းဆောင်များက တာဝန်ယူကြရပါမည်။ တစ်ဦးတစ်ယောက်ချင်းဘဝများ အရည်အသွေး မြင့်မားရေးမှာ မိမိဘာသာမိမိ ကြိုးပမ်းရမှာ ဖြစ်ပါသည်။ ထိုအရည်အသွေး တည်ဆောက်ရေးမှာ မျိုးဆက်သစ်များအတွက် သမိုင်းကပေးအပ်သည့် တာဝန်ပင် ဖြစ်ပါလိမ့်မည်။**

ထိပ်တန်းနိုင်ငံ အမေရိကတွင် သာမန်ပညာရည်မျှသာ ရှိသည့် လူငယ်များ၏ဝင်ငွေလစာမှာ ၁၉၇၀ နှစ်များလောက်မှစ၍ ၂၀ ရာခိုင်နှုန်း ကျဆင်းနေသည်။ ဆန့်ကျင်ဘက်ဆိုသလို အဆင့်မြင့်ပညာတတ်များ လစာမှာ ၃၀ ရာခိုင်နှုန်းခန့် မှန်မှန်တိုးမြင့်လာနေသည်။

စာရေးသူတို့နိုင်ငံတွင်လည်း အနှစ်သာရအရ ခြားနားနေနိုင်သော်လည်း အပြင်ပန်းအရ ဤသဏ္ဌာန်မှာ တဖြည်းဖြည်း ပုံပေါ်လာနေသည်။ ကုမ္ပဏီများ၏ အခြေခံအကျဆုံးလုပ်ငန်းရာထူးများအတွက်ပင် အထက်တန်းအဆင့်အောင်မြင်ပြီးသူ၊ ဘွဲ့ရပြီးသူဖြစ်ရမည်ဟု သတ်မှတ်ချက်ထားလာကြသည်။ ထိုသည်နှင့်အမျှ ပညာသင်စရိတ်များကလည်း တောက်လျှောက် တရိပ်ရိပ် မြင့်တက်လာနေသည်။

တစ်ပြိုင်နက်တည်းမှာပင် ကမ္ဘာကြီး၏ ဦးဆောင်မှုတွင်လည်း အပြောင်းအလဲများ ဖြစ်ထွန်းလာနေသည်။ ဥရောပဦးဆောင်မှု၊ အမေရိကဦးဆောင်မှုတို့ နေညိုလာချိန်တွင် အာရှဦးဆောင်မှု အလှည့်ရောက်ပြီဟု ပညာရှင်များက ဟောကိန်းထုတ်လာကြသည်။ ၂၁ ရာစုကို အာရှရာစုဟုလည်း သမုတ်လာကြသည်။ အာရှရာစုတွင်မှ တရုတ်နှင့်အိန္ဒိယတို့ကို အမှတ်ပေးလာကြသည်။

ဤတွင် ထူးခြားသည်မှာ ကမ္ဘာကြီးက အလေးထားရသည့် တရုတ်ရော အိန္ဒိယပါ စာရေးသူတို့နိုင်ငံနှင့် နယ်နိမိတ်များစွာ ထိစပ်နေသည့် နိုင်ငံများ ဖြစ်နေသည်။ လွတ်လပ်ရေး ရယူခဲ့ကြသည့်အချိန်များမှာလည်း မတိမ်းမယိမ်းသာ ရှိနေသည်။ မြန်မာနိုင်ငံအတွက် နိုင်ငံတကာမှ ဂရုမူကြသည့် နိုင်ငံကြီးနှစ်နိုင်ငံကို လေ့လာကြည့်ရန် အထူးလိုလာသည်။

### နဂါးနှင့်ကျားတို့၏ ခြေရာ

အိန္ဒိယနှင့်တရုတ်တို့မှာ ဖွံ့ဖြိုးရေးလှေကားသို့ တက်လှမ်းနိုင်ကြခြင်း တူသော်ငြား လျှောက်လှမ်းသည့်ခြေလှမ်းမှာ ထပ်တူညီကြသည် မဟုတ်ပေ။ အိန္ဒိယမှာ အားကောင်းလှသည့် ပညာရေးကြောင့် ခေတ်မီနိုင်ငံတော်အဖြစ် တက်လှမ်းနိုင်ခဲ့သည်ဖြစ်ပြီး တရုတ်နဂါးမှာ ဈေးကွက်စီးပွားရေး၊ ကွန်မြူနစ်ယဉ်ကျေးမှုတို့ အကျိုးဆက်များကြောင့် ဖွံ့ဖြိုးရေးကို




ခြေဦးတည်လာခဲ့ရသည်။ ထိုမှ ပညာရေးအဆင့်မီဖို့ ကြိုးစားလာကြခြင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရေးတွင် အရေးကြီးလှသော အကြောင်းတရား သုံးပါးရှိသည်ဟု လေ့လာသူတို့က ဆန်းစစ်တွေ့ရှိခဲ့ကြသည်။

၂၀ ရာစု ကုန်ခါနီးတွင် အမေရိက၌ အိုင်တီလုပ်ငန်းများ အဆမတန် စန်းပွင့်လာသည်။ ထိုအိုင်တီလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ စုပြုံတိုးလာကြရာမှ နောက်ဆုံးတွင် ဈေးကွက်တစ်ခုလုံး တစ်စတစ်စ ပျက်စီးလာကာ အမြတ်နှုန်းများလည်း တရိပ်ရိပ် ကျဆင်းလာသည်။ ဤအနေအထားမှ လွတ်မြောက်ရေးအတွက် ထုတ်လုပ်ရေးစရိတ် အကုန်အကျလျှော့ချနိုင်ရေးအတွက် ကြိုးစားကြရာမှ ပညာရေးအရင်းအမြစ်အားကောင်းလှသည့် အိန္ဒိယကို တွေ့ရှိလာကြသည်။

ဒုတိယအကြောင်းမှာ ဝန်ကြီးချုပ် ‘ဂျဝါဟာလာနေရူး’ပင် ဖြစ်သည်။

အစဉ်အလာအရ အိန္ဒိယ ကျားတို့မှာ စီးပွားရေးမျက်နှာစာ၌ ဆိုရှယ်လစ်အစွဲသန်လှသော်လည်း နေရူးမှာ နိုင်ငံရေးစနစ်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို လက်မလွှတ်ခဲ့ခြင်းပင် ဖြစ်သည်။

တတိယအားကောင်းချက်မှာ ပညာရေးဘက်တွင် ကိုလိုနီပညာရေးကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ခြင်းဟု ဆိုနိုင်ပါလိမ့်မည်။

၁၉၅၁ ခုနှစ်တွင်ပင် အိန္ဒိယနည်းပညာတက္ကသိုလ်ပေါင်း ၇ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ဆက်တိုက်ဆိုသလို အိန္ဒိယ စီမံခန့်ခွဲမှုတက္ကသိုလ် ၆ ခု တည်ထောင်နိုင်ခဲ့သည်။

တရုတ်တို့၏ နိုင်ငံတကာ၌ ဆူပါပါဝါအဖြစ် တက်လှမ်းခြင်းက တစ်မျိုးတစ်မည်သာ ဖြစ်သည်။ ၁၉၈၀ ဝန်းကျင် စီးပွားရေးပြုပြင်ပြီးနောက် ရင်းနှီးမြှုပ်နှံမှုက အားကောင်းမောင်းသန် ဝင်လာသည်။ ထိုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် အရိုးစွဲနေသည့် ကွန်မြူနစ်ယဉ်ကျေးမှု ပေါင်းစပ်မိပြီး စီးပွားရေးမှာ တစ်ဟုန်ထိုး ဖွံ့ဖြိုးလာသည်။ သို့သော် ရေရှည် ဖွံ့ဖြိုးမှုအတွက် ဤပုံစံမှာ အလုပ်ဖြစ်မည်မဟုတ်ဟု တရုတ်ခေါင်းဆောင်တို့က ရှုမြင်လာကြသည်။ သို့အတွက် အလွတ်ကျက်၊ အာဂုံဆောင်၊ ဆရာကိုအကြွင်းမဲ့ နာခံကြ ဟူသည့် ကွန်မြူနစ်ပညာရေးမှ တီထွင်ဆန်းစစ်သော ပညာရေးဆီသို့ တက်ရောက်နိုင်ရန် ရည်ရွယ်လာကြသည်။ သို့အတွက် နိုင်ငံခြားတက္ကသိုလ်များကို လက်ရာမပျက် တရုတ်နိုင်ငံတွင် ဖွင့်လှစ်စေပြီး ပညာရေးကို တွန်းတင်ဖို့ ပြင်ဆင်လာကြသည်။

### အတ္တာဟိ အတ္တနော နာထော

တရုတ်နှင့်အိန္ဒိယတို့၏ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးကို လေ့လာကြည့်ပါက ပညာရေးတိုးတက်မှုဖြင့် ထဲထဲဝင်ဝင် ပတ်သက်နေသည်ကို အထင်အရှား တွေ့ရှိရပါသည်။ သို့ဆိုလျှင် ၂၀၁၀ အလွန်မှစတင်သည့် မြန်မာနိုင်ငံ၏ ပညာရေးသည်ရော မည်သည့်အနေအထားမျိုးရှိသနည်း လေ့လာဆန်းစစ်ရန် လိုလာသည်။ အမှန်တော့ မြန်မာ့ပညာရေးသည်လည်း အိန္ဒိယနည်းတူ ကိုလိုနီပညာရေးအမွေကို ဆက်ခံရသည်သာ ဖြစ်သည်။

သို့သော်လည်း ခေါင်းဆောင်များမှာ အိန္ဒိယဝန်ကြီးချုပ်လို အမြင်မကျယ်ခဲ့ကြပေ။ ယင်းအချိန် ယင်းအခါက အညွန့်ဝေနေခဲ့သော ဈေးကွက်စီးပွားရေးကို ပယ်ဖျက်ခဲ့ရုံသာမက ပညာရေးကိုလည်း ဆိုရှယ်လစ်ဇာတ်သွင်းခဲ့ကြသည်။ ဒီမိုကရေစီ ပညာရေးအနှစ်သာရမှာ ပညာရေးကို အပေါ်အထပ်သို့တင်ပြီး လူထုကို အဆင့်ပညာသို့ ဆွဲတင်သည်။ ဆိုရှယ်လစ်ပညာရေးဆိုသည်မှာ ပျံ့နှံ့ရေးကိုသာ လက်ကိုင်ထားပြီး ပညာအားလူထုဆီသို့ ဆွဲချတတ်သည့်သဘောရှိသောကြောင့် ပညာရေးမှာ နိမ့်ကျဖို့သာ ရှိတတ်သည်။

လွတ်လပ်ရေးခေတ်ဦးက ခေါင်းဆောင်များသည် ယင်းတရားနှစ်ခုအနက် ပညာပျံ့နှံ့ရေးကိုသာ ရွေးချယ်ခဲ့ကြသည်။

ဆိုရှယ်လစ်ပညာရေး၏ ဆိုးမွေမှာ ဤမျှဖြင့်မရပ်ချေ။ ယဉ်ကျေးမှုမျက်နှာများဆီသို့ပါ ကူးစက်သွားပြန်သည်။ ဆိုရှယ်လစ်ယဉ်ကျေးမှုရေပြင်ထက်၌ တစ်ဦးတစ်ယောက်၏ ဘဝများက ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့ရသည်။

ယင်းတစ်ဦးချင်း၏ ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ခြင်းကိုပင် မကောင်းမှုဟု ထင်ယောင်မှားလာကြတော့သည်။ ပုဂ္ဂလိက ဘဝများသည် လူထုတစ်ရပ်လုံး၊ ပြည်သူတစ်လွှာလုံး၊ နိုင်ငံသားအားလုံး စသည့်ထုထည်များ စုပေါင်းဘဝများအောက်၌ နစ်မြုပ်သွားခဲ့ရသည်။

သို့ကြောင့် ဘုရားဟောဖြစ်ခဲ့သည့် အတ္တာဟိ အတ္တနော နာထော (မိမိကိုယ်သာ ကိုးကွယ်ရာ) အမွန်အမြတ်တရားသည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည့်တိုင် မှေးမှိန်လာခဲ့ရသည်။

ထိုထက်ဆိုးသည်မှာ စစ်ပွဲများ၊ တော်လှန်ရေး၊ စီးပွားရေး နိမ့်ပါးမှုများကို ကြုံခဲ့ရသည့် မျိုးဆက်ဟောင်းများ ခံယူချက်များကလည်း ပညာရေးအပေါ် ပုံဖျက်ကာ မျိုးဆက်များအား ပုံသွင်းပြန်သည်။

မနုဿဗေဒပညာရှင်များက မတည်ငြိမ်မှုများ၊ ပြိုကွဲမှုများကို အန်တုဖြတ်ကျော်ခဲ့ရသည့် မျိုးဆက်များတွင် အထင်အရှား လက္ခဏာနှစ်ပါး ရှိသည်ဟု ဆိုကြပါသည်။ ပထမမှာ သူတစ်ပါးအပေါ် အားကိုးမှီခိုလွန်းခြင်း ဖြစ်သည်။ တစ်ပြိုင်တည်း သူတစ်ပါးအပေါ် အရိပ်မိုးပေးချင်စိတ်ကဲလွန်းလှသည်။

ထိုကြောင့် မြန်မာ့မျိုးဆက်သစ်တို့မှာ မှားယွင်းသည့် ပညာရေးစနစ်နှင့် မျိုးဆက်ဟောင်း ကိုင်စွဲထားသည့် လက္ခဏာနှစ်ပါးတို့၏ ဒဏ်သင့်မှုများကို မလွဲသာ မရှောင်သာ လွှမ်းမိုးခြင်း ခံခဲ့ရပါတော့သည်။ မြန်မာ့ပညာရေးကို ပြုပြင်မည်ဆိုလျှင် ဆိုခဲ့ပါ အစွန်းနှစ်ပါးမှ ကင်းလွတ်အောင် ကြံဆခြင်းသည်သာ ပဓာနအကျဆုံး ဖြစ်လိမ့်မည်ဟု သဘောရမိပါသည်။

### နိဂုံး

မျက်မှောက်ခေတ်သည် စစ်အေးကာလများဆီကလို နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံတစ်နိုင်ငံအား နယ်နိမိတ်သိမ်းပိုက် ကျွန်ပြုသည့်မျိုး မရှိသလောက် ရှားသွားပြီ ဖြစ်ပါသည်။ ယင်းအစား စီးပွားရေးအရဖြစ်စေ ယဉ်ကျေးမှုအရဖြစ်စေ လွှမ်းမိုးမှုရယူပြီး ခေတ်သစ်ပုံစံ ကျွန်ပြုလာကြသည်။ ထို မသိမသာ နိုင်ငံကြီးတစ်နိုင်ငံမှ လွှမ်းမိုးလာမှုကို တုံ့ပြန်ရေးတွင်လည်း အကြမ်းပတမ်း နည်းလမ်းများဖြင့် ရင်ဆိုင်နိုင်တော့မည် မဟုတ်ပေ။ ပညာဖြင့်သာ ကာကွယ်တားဆီးနိုင်တော့မည် ဖြစ်သည်။ ထိုထက် ပိုသည်မှာ အင်အားကြီးနိုင်ငံနှစ်ခုနှင့် အိမ်နီးနားချင်း တော်နေရသည့် စာရေးသူတို့ နိုင်ငံအတွက် ပညာရေးမှာ ပို၍ပို၍ပင် အရေးကြီးပါသည်။ ဖျတ်ခနဲ ဆရာကျော်ဝင်း ဘာသာပြန်ခဲ့သည့် စာစုတစ်ခုကိုလည်း အမှတ်ရလာသည်။

နာမည်ကြီးနေသော ဂျာနယ်လစ် တောမတ်ဖရိုင်းမင်း၏ စကား ဖြစ်ပါသည်။

“အခု ကျွန်တော်တို့ သားသမီးတွေ စာမဖတ်ဘဲ အပျင်းထူနေရင် ကျွန်တော်တို့ ခုလို ဆုံးမရတော့မယ်။ သားတို့ သမီးတို့ စာကြိုးစား၊ တရုတ်ကြီးတွေ ကုလားကြီးတွေက မင်းတို့အလုပ် လာလုလိမ့်မယ်လို့”။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြားတွင် ပထဝီအရ တည်နေသည့် မြန်မာနိုင်ငံသည်လည်း ပညာရေးကို အသေအချာ မြှင့်တင်ရပါလိမ့်မည်။

အဘယ်သို့ မြှင့်တင်ကြမည်နည်း။

ဆိုရှယ်လစ်အစွဲသန်နေသည့်ပညာရေးစနစ်ပြောင်းလဲဖို့ခေါင်းဆောင်များက တာဝန်ယူကြရပါမည်။

တစ်ဦးတစ်ယောက်ချင်းဘဝများ အရည်အသွေး မြင့်မားရေးမှာ မိမိဘာသာမိမိ ကြိုးပမ်းရမှာ ဖြစ်ပါသည်။ ထိုအရည်အသွေး တည်ဆောက်ရေးမှာ မျိုးဆက်သစ်များအတွက် သမိုင်းကပေးအပ်သည့် တာဝန်ပင် ဖြစ်ပါလိမ့်မည်။ ဤအတွက် ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့သည့် တရား ရှိပါသည်။

အတ္တာဟိ အတ္တနော နာထော (မိမိကိုယ်သာ ကိုးကွယ်ရာ) မဟုတ်ပါလား။ ၂၀၁၇ နှစ်သစ်တွင် ပညာဖြင့် ခေတ်မီနိုင်ငံတော်သစ်ဆီသို့ တက်လှမ်းနိုင်ကြပါစေသတည်း။ ။

**နိုင်စိုး**

# ကျောင်းသားများ၏ ပါဝင်လုပ်ဆောင်မှု အကဲဖြတ်သည့်စနစ် YUFL ပြင်ဆင်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

သင်ခန်းစာများလေ့လာသင်ယူမှုနှင့်ပတ်သက်၍ ကျောင်းသားများ၏ ပါဝင်လုပ်ဆောင်မှု အကဲဖြတ်သည့်စနစ် (Credit Unit) ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း ယင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပြောကြားသည်။

Credit Unit ဆိုသည်မှာ တစ်ယူနစ်အတွက် သတ်မှတ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူသည် သင်ခန်းစာများနှင့်ပတ်သက်၍ ပြည့်စုံစွာ နားလည်မှု၊ လေ့ကျင့်မှု၊ ကျွမ်းကျင်တတ်မြောက်မှုကို တစ်နည်းနည်းဖြင့်ပြသနိုင်ခြင်းဖြစ်သည်။ သို့မဟုတ်တစ်ခုခုလုပ်ပြနိုင်ခြင်းကိုဆိုသည်။

ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင် ပထမဘွဲ့ (ဘွဲ့ကြို) အတွက် ပညာသင်နှစ်တစ်နှစ်လျှင် Credit Unit ၄၈ ယူနစ်ရှိပြီး မဟာဘွဲ့အတွက် ၃၂ ယူနစ်ရှိသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပညာသင်နှစ်တစ်နှစ်အတွက် ၄၀ ယူနစ်ရှိမည်ဖြစ်သည်။ တစ်ယူနစ်ရရန် ကျောင်းသား၊ ကျောင်းသူများ၏ဆောင်ရွက်ချက်ကို အပိုင်းလေးပိုင်းဖြင့် တိုင်းတာမည်ဖြစ်သည်။ တိုင်းတာရာတွင် 'A+' မှ 'B+' ရရှိသူများသည် တစ်ယူနစ်ရရှိမည်ဖြစ်သည်။

'B' ရရှိသူများကို ဆရာ၊ ဆရာမများက ကျေနပ်မှုမရှိလျှင် စီမံချက်ပြုလုပ်ခြင်း၊ တင်ပြဆွေးနွေးခြင်း ပြန်လည်ပြုလုပ်ခိုင်းမည်ဖြစ်သည်။ 'C' ရရှိသူများကိုမူ ကျေနပ်လောက်သည့် လုပ်ဆောင်မှုမရှိဟု သတ်မှတ်သောကြောင့် ကျောင်းသားတစ်ဦး၏ လေ့လာမှုစံနှုန်းမပြည့်မီသူ ဖြစ်ကြောင်း သတ်မှတ်မည်ဖြစ်သည်။

အပိုင်း (၁) ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းအထက် ကျောင်းတက်ရာခိုင်နှုန်းအမြင့်ဆုံးကျောင်းသားကို 'A+'၊ ဒုတိယအမြင့်ဆုံးကို 'A'၊ တတိယအမြင့်ဆုံးကို 'B+' အဖြစ် အဆင့် သတ်မှတ်မည်ဖြစ်သည်။ 'B+' သည် ကျောင်းခေါ်ချိန် ၇၅ရာခိုင်နှုန်းတိတိပြည့်သည်နှင့်ညီသည်။

သတ်မှတ်ကာလ တစ်ယူနစ်အတွင်း ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းအောက် နည်းသူများကို 'B' အဖြစ် သတ်မှတ်မည်ဖြစ်ပြီး ကျောင်းခေါ်ချိန်ပြည့်မီရန် သတိပေးမည်ဖြစ်သည်။ ထိုအဆင့်အောက် နည်းသူများကို (C) အဖြစ် သတ်မှတ်မည်ဖြစ်သည်။

အပိုင်း (၂) အတန်းတွင်း သင်ခန်းစာ လုပ်ဆောင်မှုဖြစ်သည်။ စာသင်ခန်းအတွင်း ဆရာနှင့်ဖြစ်စေ၊ ကျောင်းသား၊ ကျောင်းသူအချင်းချင်းဖြစ်စေ ဘာသာရပ်ဆိုင်ရာနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ လေ့ကျင့်မှုများ လုပ်ရမည်ဖြစ်သည်။

ယင်းစနစ်နှင့်ပတ်သက်၍ "ကြောက်စရာသတ္တဝါမဟုတ်ပါဘူး။ စာမေးပွဲချဖို့လည်းမဟုတ်ပါဘူး။ ဒါပေမဲ့ ကျောင်းသားတွေရဲ့စာပေလေ့လာမှု နဲ့ပတ်သက်ရင် သူဟာဘာကောင်လဲဆိုတာကောင်းကောင်းဖော်ထုတ်နိုင်မှာပါ" ဟုဒေါက်တာကြည်ရွှင်ကပြောကြားသည်။

ထိုစနစ်ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ယခုပညာသင်နှစ်မှစ၍ လေ့ကျင့်ပြုလုပ်နေခြင်းဖြစ်ပြီး ကျောင်းသားများနှင့် ရင်းနှီးမှုရှိစေရန်၊ ဆရာများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် တစ်နှစ်ခန့်အချိန်ယူ လေ့ကျင့်ရမည်ဖြစ်ကြောင်း ၎င်းက ခန့်မှန်းသည်။

အပိုင်း (၃) စီမံချက်ပြုလုပ်ခြင်း၊ စာစဉ်ရေးသားခြင်း၊ တင်ပြဆွေးနွေးခြင်း ပြုလုပ်ရမည်ဖြစ်သည်။ ယင်းအချက်သည် တစ်ယူနစ်ရရှိရန် မဖြစ်မနေလုပ်ရမည်ဖြစ်သည်။ စမ်းသပ်ကာလဖြစ်သော တစ်နှစ်အတွင်း အကြိမ်မည်မျှလုပ်ရမည်ကို တိတိကျကျ မသတ်မှတ်သေးပေ။

သို့သော် အနည်းဆုံး ပညာသင်နှစ်ဝက် ကာလတစ်ခုတွင် အကြိမ် (၂၀) ခန့် ပြုလုပ်ရမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု Spoon River College မှ ရူပဗေဒဘာသာရပ် ပါမောက္ခဒေါက်တာဝင်းသာထွေးက "အတန်းတက်မှုဆိုတဲ့ဟာက ဘယ်လောက်မှ အရေးပါတာမဟုတ်ဘူး" ဟု မှတ်ချက်ပြုသည်။

Spoon River College ၌ ရူပဗေဒဘာသာရပ်သင်ကြားရာတွင် စာသင်ကြားချိန်တစ်ချိန်တွင် လက်တွေ့သုံးနာရီ၊ စာသင်ကြားချိန်သုံးနာရီ သတ်မှတ်ပြီး တစ်ယူနစ်အတွက် အတန်းတွင်း စစ်ဆေးမှု၊ အမှတ်ပေးမှု ၃၅ ရာခိုင်နှုန်း၊ အတန်းတက်သည့်အတွက် ၅ ရာခိုင်နှုန်း၊ အိမ်စာ၊ လက်တွေ့နှင့်ပတ်သက်ပြီး ၂၀ ရာခိုင်နှုန်း၊ ဉာဏ်စမ်းအတွက် ၁၀ ရာခိုင်နှုန်း စသည်ဖြင့်ခွဲခြားသတ်မှတ်ထားကြောင်း ၎င်းကရှင်းပြသည်။

အပိုင်း (၄) ကျောင်းသား၊ ကျောင်းသူများမိမိဆန္ဒဖြင့် တက်တက်ကြွကြွ သင်ယူမှု မည်သည့်အခြေအနေရှိသည်ကို ကြည့်ရှုမည်ဖြစ်သည်။

ဆရာများသင်ကြားမှုအထက် ၎င်းတို့၏ သင်ယူလေ့လာမှု ပိုများပြီးအပြန်အလှန်၊ အချေအတင် ဆွေးနွေးနိုင်မှုကို အကဲဖြတ်မည်သည်။

ထိုစနစ်သည် နိုင်ငံတကာ တက္ကသိုလ်များတွင် သင်ခန်းစာများနှင့် ပတ်သက်၍ ကျောင်းသားများ၏ သင်ယူလေ့လာမှုဖြစ်စဉ် အကဲဖြတ်ရန် မရှိမဖြစ် အဓိကအရေးပါသည့် တက္ကသိုလ်၏ ပင်မကျောရိုးတစ်ခုဖြစ်သည်။ သို့သော် ယင်းစနစ်သည် နိုင်ငံတကာအဆင့်မီရန် လိုအပ်သည်။

ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မပေါင်းစပ်မီက ပညာရေးဝန်ကြီးဌာနအောက် တက္ကသိုလ်အချို့တွင် ထိုစနစ်ပြုလုပ်သော်လည်း အများစုမှာ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်၊ မပြည့်ကိုသာ အဓိကတွက်ချက်ကြသည်။

ထို့ကြောင့် ကျောင်းသားအများစုသည် ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မီလျှင် စာမေးပွဲဖြေဆိုရန်နှင့် အောင်မြင်ရန်ရာနှုန်းပြည့် သေချာလုနီးရှိပြီဟုသော အတွေးအခေါ်ရှိလာပြီး ယင်းအချက်သည်ပင် ပညာရေးစနစ် မထိရောက်ခြင်းကို ညွှန်းဆိုကြောင်း ဒေါက်တာကြည်ရွှင်က ပြောဆိုသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ကိုရီးယားဘာသာစကားအထူးပြု တတိယနှစ်ကျောင်းသားတစ်ဦးက "လုံးဝကောင်းတဲ့စနစ်တစ်ခုလို့ ကျွန်တော်ယူဆတယ်။ ကျောင်းသားတစ်ယောက်ချင်းစီရဲ့ အရည်အချင်းကို မြှင့်တင်ပေးတာပဲ" ဟု မှတ်ချက်ပြုသည်။

ထိုစနစ်အောင်မြင်ပါက ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်အနေနှင့် ပညာရေးမြှင့်တင်မှု နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းရာတွင် ကျောင်းသားဖလှယ်ခြင်း၊ ကျောင်း သားများကိုယ်တိုင် နိုင်ငံတကာ တက္ကသိုလ်များသို့ဆက်လက်တက်ရောက်ခြင်းတို့အတွက် လက်ခံနိုင်ဖွယ်အချက်ဖြစ်ကြောင်း ထင်မြင်ချက်ပေးသည်။ ■

# စာမေးပွဲစည်းကမ်းများ ရန်ကုန်နှင့် နေပြည်တော်တွင်ဆွေးနွေးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

မတ်လအတွင်းပြုလုပ်မည့် တက္ကသိုလ်ဝင်တန်း (ဆယ်တန်း) စာမေးပွဲတွင် လိုက်နာရမည့် စည်းကမ်းချက်များအကြောင်း ရန်ကုန်နှင့် နေပြည်တော်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံမှ သိရှိရသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက် ကြီးကြပ်ရေးမှူးများနှင့် စာမေးပွဲဖြေဆိုသူများလိုက်နာရန် စည်းကမ်းအကြောင်း ဆွေးနွေးမည်ဖြစ်သည်။

ရန်ကုန်တွင် အလုံမြို့နယ် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီလ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီ၊ ရခိုင်၊ ကရင်နှင့် မွန်ပြည်နယ်တို့မှ ကိုယ်စားလှယ် ၈၅၀ ခန့် တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

နေပြည်တော်တွင် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာလ ၂၉ ရက်မှ ၃၁ ရက်အထိ နေပြည်တော်၊ မကွေး၊ ကယား၊ ရှမ်း (တောင်ပိုင်း)၊ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့် ပဲခူးတိုင်းမှ ကိုယ်စားလှယ် ၆၅၀ ခန့်တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

ယခုပညာသင်နှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲကို မတ်လ ၈ ရက်မှ ၁၇ ရက်အထိ စစ်ဆေးမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူ ၇၇၀,၀၀၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်ထားသည်။

မတ်လ ၈ ရက်တွင် မြန်မာစာ၊ မတ်လ ၉ ရက်တွင် အင်္ဂလိပ်စာ၊ မတ်လ ၁၀ ရက်တွင် သင်္ချာ၊ မတ်လ ၁၁ ရက် တွင် စိတ်ကြိုက်မြန်မာစာ ဖြေဆိုရမည် ဖြစ်ပြီး မတ်လ ၁၂ ရက် တနင်္ဂနွေနေ့တွင် စာမေးပွဲရပ်နားမည်ဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

ထို့နောက် မတ်လ ၁၃ ရက်တွင် ဓာတုဗေဒ၊ မတ်လ ၁၄ ရက်တွင် ရူပဗေဒ၊ မတ်လ ၁၅ ရက်တွင် ဇီဝဗေဒ၊ ဘောဂဗေဒ၊ မတ်လ ၁၆ ရက်တွင် ပထဝီဝင်နှင့် မတ်လ ၁၇ ရက်တွင် သမိုင်းဘာသာရပ်များကို နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဖြေဆိုရမည်ဖြစ်သည်။ ■

The VOICE Daily

CARTOON



**The Voice Daily**
လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များအဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# မူလတန်းပညာသင်ကြားခဲ့သူ ထက်ဝက်ခန့်

## စာရေး စာဖတ်မတတ်ဘဲ ကျောင်းထွက်ခဲ့ရဟုဆို

**အင်္ဂလန်၊ ဒီဇင်ဘာ ၂၈**

ဗြိတိန်နိုင်ငံ မူလတန်းတွင် ပညာသင်ကြားခဲ့သူ ထက်ဝက်ခန့်သည် စာရေးစာဖတ် မတတ်ဘဲ အတန်းတက်ခြင်းများ ပြုလုပ်ခြင်းခံနေကြရကြောင်း၊ မူလတန်းတက်သည့် ၅ ရာခိုင်နှုန်းခန့်သာ အထက်တန်းပညာရေးကို ဆက်သင်နိုင်မည့် အဆင့်မီကြောင်း သုတေသီများ၏ သုံးသပ်ချက်ကို The Independent သတင်းတွင် ဖော်ပြထားသည်။

အင်္ဂလန်ရှိ နာမည်ကြီး မူတန်းကျောင်းပေါင်း ၆၆၅ ကျောင်းကို လေ့လာသုံးသပ်ပြီးနောက် စစ်တမ်းတစ်စောင်ထုတ်ပြန်ခဲ့ရာ ယခုနှစ်တွင် အစိုးရအကောင်အထည်ဖော်နေသည့် ပညာရေးအဆင့်သည် အနိမ့်ဆုံးဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

အင်္ဂလန်နိုင်ငံ ပညာရေးဝန်ကြီး နစ်ဂစ်က ပညာရေးနှင့် ပတ်သက်ပြီး မျှော်လင့်စရာ မြင့်မားလာပြီဟု ပြောကြားခဲ့သော်လည်း ယခုနှစ်တွင် အစိုးရပညာရေးမျှော်မှန်းချက်ထက် ၄၇ ရာခိုင်နှုန်း ကျဆင်းလျက်ရှိသည်ဟု GOV.UK ၏စစ်တမ်းတွင် ဖော်ပြထားသည်။

အင်္ဂလန်ရှိကျောင်းများတွင် မူလတန်းပညာကို တက်ရောက်သင်ယူနေသည့် ကလေးပေါင်း ၂ သိန်းခန့်အနက်မှ ၆၅ ရာခိုင်နှုန်းခန့်သည်သာ အရေး၊ အဖတ်၊ အတွက် ကောင်းကောင်းတတ်ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

လန်ဒန်တွင် နေထိုင်သူများလောက်သာ ပညာကောင်းကောင်းတတ်ပြီး အခြားကျေးလက်ပိုင်းတွင် နေထိုင်သူများအနေနှင့် စာကောင်းစွာ မတတ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

လန်ဒန်ကျေးလက်ဒေသပေါင်း ၃၅ ခုတွင် စစ်တမ်းများကောက်ယူခဲ့ရာတွင် မူလတန်းပညာရေး တတ်မြောက်မှု အဆင့်များသည့် မယုံကြည်နိုင်အောင် ကျဆင်းနေရသည်ဟု စစ်တမ်းတွင် ဖော်ပြထားသည်။

ယခုနှစ်တွင် SAT အဆင့်စာမေးပွဲဖြင့် စစ်ဆေးခြင်းကို ပြုလုပ်မည်ဖြစ်ပြီး၊ ၂၀၁၄ ခုနှစ် ကတည်းက ပြဋ္ဌာန်းထားသော သင်္ချာသင်ရိုးများကို မူလတန်းတွင် စတင်သင်ကြားမည်ဟု ပညာရေးဝန်ကြီး နစ်ဂစ်ကပြောကြားသည်။

ယခုနှစ်တွင် ပြဋ္ဌာန်းမည်ဆိုသည့် SAT သင်ရိုးသစ်များသည် တင်းကျပ်လွန်းသောကြောင့် မူလတန်းကျောင်းသားများကို အလယ်တန်းအတွက် အသင့်ဖြစ်ရန် သင်ကြားပေးနိုင်ရန်မှာ အခက်အခဲများ ရှိနိုင်ကြောင်း ဆရာများကလည်း ဝေဖန်ထောက်ပြထားသည်။

■ E01



Dan Kenyon

# အမုန်းတရားများ လွှင့်ပစ်

ဆရာမက ကျောင်းသားများကိုဂိမ်းတစ်ခု ကစားခိုင်းရန် စဉ်းစားလိုက်သည်။ သူက ကျောင်းသားများကို ပလတ်စတစ်အိတ်များဖြင့် အာလူးများယူလာခဲ့ရန် ပြောလိုက်သည်။

"ဆရာမတို့ အာလူးတွေနဲ့ ကစားကြမယ်"

ဆရာမက အာလူးကို ရိုးရိုး ယူခိုင်းသည်မဟုတ် ညွှန်ကြားချက် ထပ်ထုတ်လိုက်သည်။

"သားတို့ သမီးတို့ယူလာမယ့် အာလူးတွေဟာ သားတို့ မုန်းတဲ့သူတွေဖြစ်ရမယ်။ အာလူးတစ်လုံးဟာ မုန်းတဲ့သူ တစ်ဦးပေါ့။ တစ်ယောက်တည်း မုန်းရင် တစ်လုံး၊ နှစ်ယောက်မုန်းရင် နှစ်လုံးပေါ့" ဟု မှာလိုက်သည်။

အာလူးများကို လာအပ်ရမည့်နေ့ရောက်လာသည်။ အာလူးများကို ကလေးတွေက ပလတ်စတစ်အိတ်ထဲ ထည့်လာကြသည်။ အချို့က နှစ်လုံး၊ အချို့က သုံးလုံး၊ ငါးလုံးအထိ ထည့်လာသူများပင်ပါသည်။

အတန်းထဲတွင် နာမည်ကိုယ်စီ ရေးထိုးသည့် အိတ်များကို ဆရာမက တစ်နေရာတွင် ထားခိုင်းထားပြီး ပစ်ထားခဲ့သည်။ တစ်ပတ်ခန့်ကြာသွားသည်။ အာလူးအိတ်တွေကို ဖွင့်ထားသောကြောင့် အနံ့တွေ ထွက်လာသည်။ ဆရာမက ထိုအတိုင်းထားရန် ကလေးတွေကို ပြောထားသည်။ အားလူတွေ ပုပ်လာပြီး အနံ့တွေ ပိုထွက်လာသည်။

နောက်တစ်နေ့တွင် ဆရာမက -

"အတန်းထဲမှာ အာလူးပုပ်အနံ့တွေ နံနေတာ သားတို့ သမီးတို့ ဘယ်လို ခံစားရသလဲ"

"အနံ့တွေကဆိုးတယ်။ မခံနိုင်ဘူး။ လွှင့်ပစ်လိုက်ရင်ကောင်းမယ်" စသည်ဖြင့် ကလေးတွေက ပြောလာကြသည်။ ဆရာမက

"ဒါပဲပေါ့။ ဒီအာလူးတွေက သားတို့ သမီးတို့ အမုန်းတွေနဲ့ ယူလာတာ။ အိတ်တွေထဲမှာ မင်းတို့အမုန်းတွေ ရှိနေတယ်။ မင်းတို့ မုန်းနေတဲ့ အာလူးတွေရှိနေတယ်။ မင်းတို့ အတန်းထဲကအားလုံးရဲ့နှလုံးသားတွေက ဖြူနေတယ်။ ဒီအခန်းထဲမှာရှိတဲ့ အားလုံး နှလုံးသားတွေဖြူတယ်။ ဒါကြောင့် အိတ်တွေထဲက အမုန်းတရားတွေရဲ့ ပုပ်သိုးလာတဲ့ အနံ့အသက်တွေကို မခံနိုင်ကြဘူး။ ဒါဆိုရင် ဆရာမတို့ဘာလုပ်သင့်တယ်ထင်သလဲ"

"အာလူးတွေဖယ်ပစ်။ အမုန်းတွေ ဖယ်ပစ်"

"ဟုတ်တယ်။ ဆရာမတို့ စကတည်းက အမုန်းတရားတွေကို အကြာကြီး မထည့်ထားသင့်ဘူး။ အမုန်းတရားတွေကို အကြာကြီးထည့်ထားရင် ပုပ်သွားတတ်တယ်။ ဆရာမတို့သင်ခန်းစာယူသင့်တယ်။ ဒီနေ့ကစပြီး အမုန်းတရားတွေကို သိမ်းမထားဘူး"

"ဟုတ်တယ် အမုန်းတရားတွေကို လွှင့်ပစ်ရမယ်"

■ E01

(Effeact of Hatred)



Chronicle

# ကျောင်းများတွင် ကွန်ပျူတာပရိုဂရမ်ရေးနည်း

## သင်ကြားရန် IBM ကုမ္ပဏီပူးပေါင်းမည်

**ဝါရှင်တန်၊ ဒီဇင်ဘာ ၂၈**

အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၁၈၀ ရှိ ကျောင်းသားကျောင်းသူပေါင်း သန်း ၁၀၀ ခန့်ကို ကွန်ပျူတာပရိုဂရမ် ကုတ်ရေးနည်းသင်တန်းများ သင်ကြားပေးရန် ကမ္ဘာကျော် ကွန်ပျူတာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် IBM သည် ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း USA Today သတင်းတွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှ ၁၁ ရက်နေ့အထိကို နှစ်စဉ် ကွန်ပျူတာသိပ္ပံပညာရေး လုပ်ရှားမှုရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီး HOC (Hour of Code) သင်တန်းများကို ပေးသွားရန် စီစဉ်ထားကြောင်း ယင်းသတင်းကဆိုသည်။

၂၁ ရာစုသည် ပညာရေးတွင် နည်းပညာကိုတတ်မြောက်ရန်ဆိုခြင်းထက် နည်းပညာကို ဖန်တီးတတ်စေရန် လေ့ကျင့်သင်ကြားပေးသင့်ကြောင်း၊ ကွန်ပျူတာသိပ္ပံပညာရပ်သည် ကမ္ဘာကြီး၏ လုပ်ငန်းအရပ်ရပ်ကို ပြုပြင်ပြောင်းလဲပေးနိုင်မည့်တစ်ခုတည်းသော ပညာရပ်ဖြစ်သည်ကိုသဘောပေါက်လာစေရန် သင်ကြားပေးရန်လိုအပ်လာကြောင်း IBM မှ တာဝန်ရှိသူများက ပြောကြားသည်။

ကွန်ပျူတာပညာရပ်အခြေခံများ တတ်မြောက်ထားသူသည် တီထွင်ဖန်တီးစိတ်နှင့် ပြဿနာများကို ဖြေရှင်းနိုင်စွမ်းများ အလိုအလျောက်တိုးတက်လာပြီးဖြစ်ကြောင်း၊ အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းများအတွက် ကွန်ပျူတာပညာရေးတွင် ကုတ်ရေးနည်းသင်တန်းများကို ကျောင်းများကစပြီး သင်ကြားသင့်ကြောင်း USA Today တွင် ရေးသားထားသည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံတစ်ဝန်းလုံးတွင် ကွန်ပျူတာနှင့် ပတ်သက်သည့် လုပ်ငန်းပေါင်း ငါးသိန်းကျော်ရှိကြောင်း၊ ကွန်ပျူတာနှင့် ဘွဲ့ရကျောင်းပြီးသူများမှာလည်း ဒုတိယလစာအများဆုံး ခံစားနေကြရသည့်စာရင်းတွင် ပါဝင်နေကြောင်း၊ အချိန်ပြည့်လုပ်သားများအဖြစ် ခန့်အပ်ခြင်းခံရမှုတွင်လည်း ဘွဲ့ရပြီး ၆ လအတွင်း ၇၆ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့ကြောင်း ပညာရှင်များက ထောက်ပြထားသည်။

ဒီဇင်ဘာ HOC ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် Scott အထက်တန်းကျောင်းတွင် ကွန်ပျူတာပရိုဂရမ်ရေးနည်း အထူးသင်တန်းများကို တတိယတန်းအဆင့်က စတင်သင်ကြားပေးခဲ့ပြီး၊ STEM ပညာရေးအကောင်အထည်ပေါ်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကာ၊ ကွန်ပျူတာကုတ်ရေးပြီး စက်ရုပ်များကို ခိုင်းစေနိုင်ရေး ဆရာများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း USA Today သတင်းတွင် ဖော်ပြထားသည်။

■ E01



# သမ္မတအိုဘားမား၏ ပညာရေးအမွေ

သမ္မတအိုဘားမား၏ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ သူ့ခေတ်တွင် ပညာရေးကို စိတ်ဝင်စားစွာဖြင့် လုပ်ဆောင်ခဲ့မှုများကို ပြန်လည် သုံးသပ်ကြည့်မိပါသည်။ သူလည်းပညာရေးကို မျှော်လင့်ချက်များစွာဖြင့် မူဝါဒများချမှတ် လုပ်ဆောင်ခဲ့သူဖြစ်ကြောင်း တွေ့ရသည်။ သို့သော်သူမကြာမီ အနားယူသည့်အခါ ရီပတ်ဘလစ်ကန်တို့၏ လက်ထဲတွင် သူဖော်ဆောင်ခဲ့ သည့် မူဝါဒများကို ထားရစ်ခဲ့ရပေတော့မည်။ သူမျှော်မှန်းခဲ့ကာ ချမှတ်ခဲ့သော ပညာရေးလမ်းစဉ်များကို နောက်တက်မည့်သမ္မတက လိုက်ပြီးအကောင်အထည်ဖော်နိုင်မည်လား ပညာရေးသမားတွေ စဉ်းစားနေကြရပြီဖြစ်သည်။

သမ္မတအိုဘားမားသည် အရည်အသွေးမြင့်ကျောင်းများပေါ်ထွန်းရေး၊ လူတစ်ဦးချင်း အောင်မြင်မှုမှသည် အမျိုးသားအကျိုး စီးပွားဆိုသည့်ပညာရေးစနစ်မျိုးကို အထူးအလေးထားသူဖြစ်သည်။ ပညာရေးဆိုသည်မှာ ဘဝအခွင့်အလမ်းများနှင့် ဆက်နွှယ်နေကြောင်း သူကခံယူထားသည်။

အမေရိကန်ပြည်ထောင်စု အလုပ်အကိုင် အခွင့်အလမ်းများကို ပြန်လည်သုံးသပ်ရာတွင် သူ့လက်ထက်က အထက်တန်း အောင်လက်မှတ်ရပြီးသူများ၏ လစာသည် ၁၁ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်မားတိုးတက်စေရန် လုပ်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။ သက်ဆိုင်သည့် နယ်ပယ်ဆိုင်ရာ လက်မှတ်ရများအနေဖြင့် လစာ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိခဲ့ပြီး၊ ပညာရပ်ဆိုင်ရာ ဘွဲ့ဒီဂရီတစ်ခုခုကို ရရှိလိုက်ပါက ၆၃ ဒသမ ၅ ရာခိုင်နှုန်း အထိ လစာများတိုးမြှင့်ရခဲ့ကြောင်း အမေရိကန်အလုပ်သမားဌာန၏ အစီရင်ခံစာတွင် တွေ့ရသည်။

အိုဘားမားက -

"မစ်ရှဲနဲ့ ကျွန်တော်က ဒီလိုဘဝမျိုးကို မိဘတွေကြောင့်လည်းမဟုတ်၊ ချမ်းသာလို့လည်း ရောက်လာကြတာမဟုတ်ပါဘူး။ ကျွန်တော်တို့ အဆက်အသွယ်ကောင်းလို့သာ ပညာတတ်တွေဖြစ်လာကြတာ။ ကျွန်တော်တို့ ကျောင်းကောင်းကောင်းတွေမှာ နေထိုင်ခဲ့ရတယ်။ အလုပ်တွေရခဲ့တယ်။ ကြိုးစားပြီး ဒီဘဝမျိုး ရောက်လာခဲ့ ကြရတာဖြစ်ပါတယ်" ဟုရှင်းပြသည်။ သူက ပညာ၏ တန်ဖိုးလေးစားစရာကောင်းပုံကို ရှင်းပြခဲ့ခြင်းဖြစ်သည်။

သမ္မတအိုဘားမားလက်ထက်တွင် ပညာရေးဆိုင်ရာ ထင်ရှားသည့် နယ်ပယ်သုံးခုကို လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။

(၁) ကျောင်းပြီးလျှင် အလုပ်ရရှိနိုင်မည့် အလုပ်နှင့်ပညာရေးကို ဆက်စပ်ပေးသည့်အစီအစဉ်၊

(၂) ကောလိပ်တက်ရသည့် စရိတ်များကို အတတ်နိုင်ဆုံး လျှော့ချပေးပြီး၊ ပညာသင်စရိတ်ထောက်ပံ့မှုများ ပေးနိုင်ရေးအတွက် အခွန်များကို တိုးမြှင့်စည်းကြပ်ကောက်ခံပေးခဲ့ခြင်း၊

(၃) ပညာရေးအဆင့်အတန်း မြှင့်တင်ခြင်း၊ ဆရာ့အရည်အသွေးနှင့် ဆရာ့အတတ်ပညာများကို မြှင့်တင်ပေး ခြင်းတို့ဖြစ်သည်။

၂၀၀၉ ခုနှစ်က သမ္မတအိုဘားမား စတင်တာဝန်ယူခဲ့ရသည်။ ထိုအချိန်တွင် တိုင်းပြည်စီးပွားရေးကကျဆင်းနေချိန် ဖြစ်သည်။ စီးပွားရေးမကောင်းချိန်တွင် ပညာရေးကို တိုးမြှင့်အောင် လုပ်ဆောင်ဖို့ကလည်း သူ့အတွက်သေရေး ရှင်ရေးဖြစ်နေသည်။ သူက ကွန်ဂရက်ကို ပညာရေးအတွက် ဒေါ်လာ ဘီလီယံ ၁၀၀ သုံးစွဲနိုင်အောင် စည်းရုံးလုပ်ဆောင်ပေးနိုင်ခဲ့သည်။ သူ အထောက်အပံ့ကောင်းခဲ့သဖြင့် စီးပွားပျက်ကပ်ဆိုက်နေချိန်မှာပင် အလုပ်အကိုင်အခွင့်အလမ်းများကိုရရှိစေမည့် ပညာရေးများကို လေ့လာဆည်းပူးသင်ကြားခွင့်များ ရရှိခဲ့ကြသည်။

ပညာရေးမြင့်မားရေးနှင့် ဆရာ၊ ဆရာမများ ဘဝမြင့်မားရေးဆိုသည်မှာ တော်ရုံသမ္မတများ စဉ်းစားနိုင်ခဲ့ကြသည် မဟုတ်ပါ။ အိုဘားမားသည် အမျိုးသားပညာရေးအဆင့်အတန်း မြင့်မားရေးကို လုပ်ဆောင်မည်ဟု စိတ်ဆုံးဖြတ်ထားပြီးဖြစ်သည်။ သူ့ယခင် သမ္မတ


UPI

များဖြစ်သော ဘုရှ်နှင့် ကလင်တန်တို့လက်ထက်ကတည်းက အကောင်အထည်မဖော်နိုင်ခဲ့သည့် ပညာရေးလမ်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ပေးသည်။ သူဦးတည်ထားသည့် ပညာရေးနှင့် ဆရာများ အရည်အသွေး မြင့်မားစေရေးတို့ကိုလည်း စိတ်ထဲတွင်အမြဲထားရှိသည်။

ပညာရေးအဆင့်မြင့်မားရေးအတွက် အိုဘားမားသည် ဒေါ်လာ ၄ ဘီလီယံခန့် အသုံးပြုပြီး ဆက်တိုက်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ STEM ဆိုသည့် သိပ္ပံအခြေခံပညာရေးကို အကောင်အထည်ဖော်သည်။ ဆရာတွေကို သင်တန်းတွေပေးသည်။ အရေးကြီးသည့် ပြည်နယ်များအတွက် ပညာရေးအသုံးစရိတ်များ အမြန်ဆုံးချပေးပြီး သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သင်္ချာပညာများ အလေးပေးသင်ကြားရန် တိုက်တွန်းသည်။ ကမ္ဘာ့အဆင့်မီပညာရေးဖြစ်ရန် နိုင်ငံတကာနှင့် လိုက်ပြိုင်ခိုင်းသည်။

ပညာရေးဆိုင်ရာ ပေါ်လစီများကို အိုဘားမားသည် သူ့ယခင်သမ္မတများထက် အကောင်အထည်အဖော်နိုင်ဆုံး သမ္မတတစ်ဦးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သူက အမေရိကပညာရေးကို ကွန်ပျူတာသိပ္ပံဆိုသည့် လမ်းကြောင်း ပေါ်ရောက်အောင် တွန်းတင်ခဲ့သည်။ ကွန်ပျူတာပညာသည် အနာဂတ်ပညာရေးဖြစ်သည်။ ထိုလမ်းကြောင်းကို တိုးတက်မြင့်မားအောင် လုပ်နိုင်သူသည် ကမ္ဘာကိုလွှမ်းမိုးနိုင်မည်၊ စီးပွားရေးကို စိုးမိုးနိုင်မည်ဟု သူက ခံယူထား သည်။

နောက်တက်လာမည့် သမ္မတသစ်က သိပ္ပံနှင့်နည်းပညာများ၊ လေ့လာစူးစမ်းမှုများ၊ တီထွင်မှုများကို သိပ် အထင်မကြီးသည့် သမ္မတတစ်ဦးဖြစ်လာပေလိမ့်မည်။ သမ္မတအိုဘားမားသည် သူ့ယခင် သမ္မတဟောင်းများ ချမှတ်သွားသည့် ပညာရေး ပေါ်လစီများကို ဖျက်ဆီးခြင်းမလုပ်ဘဲ တိုးတက်မြင့်မားအောင် ကြံဆောင်ပြသွား သည်။ ပညာမြင့်မှ ဘဝမြင့်မည်ဟု သူက ခံယူထားသည်။ နည်းပညာသည်သာ ဘဝကို ကယ်တင်လွတ်မြောက်နိုင်မည်ဟု လက်ခံပြီး အမျိုးသားပညာရေးကို အိုင်တီပညာရေးဖြစ်အောင် လုပ်သည်။ ထရမ့်ခေတ် ပညာရေးကား အားရဖွယ်ကောင်းချင်မှ ကောင်းလာလိမ့်မည်ဟု သုံးသပ်နေကြသည်။ ■ **E01**

**(Ref: President Obama and His Legacy on Education, David J. Berney and Morgen Black-Smith, The Legal Intelligencer)**

# အထက်တန်းကျောင်းတက်ရင်း ဓာတ်ပုံပညာသင်သူ


Amanda Thompson

သူအမည်က အက်ရှ်လေဒီဖရန့်ဖြစ်သည်။ Chiles အထက်တန်းကျောင်း 12th-grade တွင် ပညာသင်ကြားနေသည်။ သူမက ဓာတ်ပုံဝါသနာကြီးသည်။ Lively Technical Center တွင်ဖွင့်လှစ်ထားသည့် ဓာတ်ပုံသင်တန်းကို ကျောင်းတစ်ဖက်ပြေးတက်နေရသည်။ ထိုသင်တန်းကို တက္ကသိုလ်တွင်ဖွင့်လှစ်ထားခြင်းဖြစ်ပြီး သင်တန်းရှိကြောင်း သိရသဖြင့် ခွင့်တောင်းကာ လာတက်နေခြင်းဖြစ်သည်။

အက်ရှ်လေက Lively သင်တန်းတွင် သင်ကြားပေးသည့် TV production သင်တန်းကို ပိုပြီးစိတ်ဝင်စားသည်။ သူက အထက်တန်းတက်ကတည်းကလည်း ကင်မရာတစ်လုံးနှင့် အလုပ်ရှုပ်နေတတ်သည်။ ကင်မရာတစ်လုံးနှင့် ပုံတွေလှည့်ရိုက်သည်။ ကွန်ပျူတာဂရပ်ဖစ်များဖြင့် ပုံများကို ပြန်လည်တည်းဖြတ်ပြုပြင်ခြင်းများကို သူလုပ်ကိုင်လာခဲ့သည်မှာ သုံးနှစ်ခန့်ရှိနေပြီ။ ဆော့ဖ်ဝဲတွေသုံးပြီး အထူးပြုလုပ်ချက်တွေထည့်ကာ အမျိုးမျိုး စမ်းသပ်နေခြင်းဖြစ်သည်။ အက်ရှ်လေက -

"ကျွန်မက စီးပွားဖြစ် ဓာတ်ပုံလုပ်ငန်းကိုလုပ်ချင်တာ။ Lively ကို တက်ရတာကလည်း ကျွန်မတီထွင်ဖန်တီးမှု တွေကို ပိုပြီး ထိရောက်စေချင်လို့ပါ။ သင်တန်းတက်ခွင့်ရလို့ အရမ်းကို ဝမ်းသာမိတယ်" ဟုလည်းဆိုသည်။

Lively Technical Center ကို ပညာရေးအတွက် အထောက်အကူဖြစ်စေရန် ၁၉၃၇ ခုနှစ်လောက်ကတည်းက ဖွင့်ထားသည်ဟုဆိုနိုင်သည်။ Leon County School တွင်ပညာရေးကိုအထောက်အကူပြုနိုင်ပြီး အလုပ်တစ်ဖက် ပညာရေးကိုဆက်စေနိုင်ရန် နှစ်ပေါင်းများစွာ ဓာတ်ပုံပညာများကို သင်ကြားပေးခဲ့သည်။ ယခုတော့ ထိုသင်တန်းတွင် အချက်အပြုတ်ဆိုင်ရာ ပညာရပ်၊ ဒစ်ဂျစ်တယ်ဒီဇိုင်းနှင့် မာလ်တီမီဒီယာ ဒီဇိုင်းများကို သင်ကြားနေသည်။ အသက်မွေးကျောင်းပညာရပ်များကို သင်ကြားပေးနေပြီး အထက်တန်းကျောင်းသားများ ဘဝအတွက် ပညာ သင်ကြားပေးနေသည့် သင်တန်းဖြစ်သည်။

Lively သင်တန်းတွင် အထက်တန်းကျောင်းသားများသာမက ဘွဲ့ရပြီးသူများလည်း လာတက်ကြသည်။ ကွန်ပျူတာသင်တန်းများလည်း ဖွင့်ပေးထားသည်။ အသက် ၆၂ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးလည်း လာတက်နေသည်။

ဓာတ်ပုံသင်တန်းပေးနေသည့် ဒါလိန်း အယ်လ်မီဒါက -

"အမေရိကမှာတော့ ဒီလို ဓာတ်ပုံနဲ့ ကင်မရာသင်တန်းကို ပေးနေတယ်လို့ မကြားမိဘူး။ အော်လန်ဒိုမှာ သင်တန်းတစ်ခုရှိတယ်လို့တော့ကြားတယ်။ ဒီလို စီးပွားဖြစ် လုပ်စားနိုင်အောင် ပေးတဲ့ သင်တန်းမျိုး မဟုတ်ဘူး" ဟုဆိုသည်။

Lively ဓာတ်ပုံသင်တန်းကို ကျောင်းသားများ စိတ်ဝင်စားကြသည်။ သူတို့က ဓာတ်ပုံပညာကို သင်ပေးသည့်အပြင် သင်တန်းမပြီးသေးမီလည်း ပညာရှင်များထံ တပည့်ခံပြီး လက်တွေ့လိုက်လုပ်နိုင်စေရန် လွှတ်ပေးတတ် သည်။ သင်တန်းပြီးသူများထဲတွင် လုပ်ငန်းခွင်လက်တွေ့ဝင်သွားသူများ၊ တက္ကသိုလ်ကောလိပ် ဆက်တက်လျှင်လည်း ပညာရပ်နှင့် ပတ်သက်ပြီး ဆက်လက်လေ့လာ ပညာရှာသူများ ပေါ်များလာသည်။

အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားခွင့်ရရေးကို လမ်းကြောင်းဖွင့်ပေးထားခြင်းသည် အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ဘဝအခွင့်အလမ်းများကို ဖော်ဆောင်ပေးရာရောက်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်ကြီးတွင် ခေတ်နှင့်အညီဖြစ်စေမည့် ပညာရပ်များကို သင်ကြားလေ့ကျင့် ပေးနေသည့် အသက်မွေးသင်တန်း ဖွင့်ပေးနိုင်မှုကို အလေးထားသင်ကြားပေးနေကြသည်။

ကလေးများ၏ဘဝကို မြှင့်တင်ပေးလိုလျှင် သူတို့ဝါသနာပါမှုများကိုလည်း မြေတောင်မြှောက်ပေးရန်လိုပါသည်။ မျိုးစေ့မှန်မှ အပင်သန်သည်ဆိုစေ၊ သန်စွမ်းလာသည့် အပင်လေးကိုလည်း ရေလောင်းမြေတောင်မြှောက်ပေးရန် လိုအပ်ပါသေးသည်။ အထက်တန်းကျောင်းသားများဘဝကတည်းက ရေလောင်းပေါင်းသင်မြေတောင် မြှောက်ပေးမည့် သင်တန်း ပရိုဂရမ်လေးများဖြင့် ကလေးများဘဝကို မြှင့်တင်ပေးသင့်ပါသည်။

■ **E01**

**(Ref: Students find focus at Lively photo program, Amanda Karioth Thompson, Council on Culture & Arts)**

# ဆရာများ၏ ရင်ဖွင့်သံ (သုတေသန)

နေဇာကျော်

အဆင့်မြင့်ပညာပိုင်းတွင် သုတေသနသည် 'အသက်' ဟု ပြောဆိုကြသည်။ သုတေသနလုပ်ငန်းများဖွံ့ဖြိုးရေး အရည်အသွေးကောင်းမွန်သည့်သုတေသနများထွက်ပေါ်လာရေး ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဆိုင်ရာနှီးနှောဖလှယ်ပွဲ အများစုတွင် ထည့်သွင်းပြောကြားလေ့ရှိသည်။ သို့သော် စာတမ်းပြုစုခြင်း၊ သုတေသနပြုခြင်းတွင် စာအုပ်စာတမ်း၊ ဓာတ်ခွဲခန်းပစ္စည်း မလုံလောက်ခြင်းကြောင့် အခက်အခဲများတွေ့ရသည်ကို ကြားရသည်။ နယ်အပြောင်းအရွှေ့ကြောင့် လုပ်လက်စသုတေသနလုပ်ငန်းများ မပြီးမပြတ်ဖြစ်ရသည်ကိုလည်း အဆင့်မြင့်ပညာအသိုင်းအဝိုင်းမှ ဆရာများက ပြောဆိုကြသည်။ ထိုသို့ အခြေအနေများနှင့်ပတ်သက်၍ ဆရာများ၏ ပြောကြားချက်များကို ယခုတစ်ပတ် ဆရာများ၏ရင်ဖွင့်သံကဏ္ဍမှတစ်ဆင့် The Voice က စုစည်းဖော်ပြလိုက်ပါသည်။

## "အကူးအပြောင်းကာလမှာ အခက်အခဲတွေ အများကြီးရှိတယ်"

### ဒေါက်တာဝင်းသာထွေး (ရူပဗေဒဘာသာရပ် ပါမောက္ခ၊ Spoon River College၊ အမေရိကန်ပြည်ထောင်စု)



ဓာတ်ပုံ – နေဇာကျော်

သတ်မှတ်ထားတဲ့CoE(Center of Excellence) တက္ကသိုလ်နှစ်ခုထားထားတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်ပေါ့။ အဲဒါကြီးက ဒီမှာ(မြန်မာနိုင်ငံ) ပါရဂူဘွဲ့တွေ ထုတ်ပေးနေပြီ။ ဘာကြောင့် CoE ပြောလဲဆိုရင် သူတို့မှာ သုတေသနနဲ့ သက်ဆိုင်ရာမှာ ကျွမ်းကျင်နေတာ။ တကယ်ကိုကောင်းနေတယ်။ သင်ကြားရေးနဲ့ပတ်သက်ပြီး ကောင်းနေတယ်။ ပစ္စည်းပစ္စယလည်းရှိတယ်။ ပညာရှင်လည်းရှိတယ်။ သင်ကြားရေးလည်းရှိတယ်။ ဒါကြောင့် CoE လို့ခေါ်တယ်။ ဒါပေမဲ့ တကယ်တမ်းသွားကြည့်ပါ။ ကျွမ်းကျွမ်းကျင်ကျင် သင်နိုင်တဲ့ဆရာတွေရှိသလား၊ တကယ်ကောင်းမွန်အောင်လုပ်နိုင်တဲ့သုတေသနတွေရှိသလား။ တကယ်ကောင်းမွန်အောင်လုပ်နိုင်တဲ့ ပစ္စည်းပစ္စယတွေရှိပြီလား။ အဲဒါကိုကြည့်ဖို့လိုတယ်။

အခု ဘာဖြစ်လဲဆို (နယ်)အပြောင်းအရွှေ့လုပ်တော့ တချို့ဆရာ၊ ဆရာမတွေက တကယ်တမ်းလုပ်နေတဲ့ဆရာ၊ ဆရာမတွေက အဆင့်မြင့်ပညာဦးစီးဌာနရဲ့မူဝါဒအရပြောင်းသွားတဲ့ ဆရာ၊ ဆရာမတွေရှိတယ်။ တချို့နေရာတွေမှာ တကယ်လုပ်နိုင်တဲ့ ဆရာ၊ ဆရာမတွေ လွတ်သွားတာတွေရှိတယ်။ ကျွန်တော့်သဘောအရ ကောင်းမွန်တယ်ဆိုတဲ့နေရာမှာ သုတေသနတကယ်လုပ်နိုင်တဲ့ ဆရာတွေ၊ သင်ကြားရေး တကယ်ကောင်းတဲ့ဆရာတွေ၊ တကယ်ကောင်းတဲ့ပစ္စည်းပစ္စယတွေရှိတဲ့ ဌာနကြီးဖြစ်စေချင်တယ်။ ဒါက သိပ်အရေးကြီးတယ်။ အခုသွားကြည့်ရင် ပြောင်းတာ၊ ရွှေ့တာလုပ်တော့ တချို့သုတေသနလုပ်ရင်းစွဲကနေ ပြောင်းသွားရတဲ့ ဆရာ၊ ဆရာမတွေဆိုရင် အကုန်ပျက်သွားတာ။ အဲဒီအခါကျရင်လည်း ဒီတိုင်းရပ်ထားမှာလား။ ရပ်ထားလို့မရဘူး။ အဲဒီဆရာ၊ ဆရာမတွေ ပြန်ခေါ်ရမယ်။ အချိန်ပိုင်းဖြစ်ဖြစ်။ အဲဒါဆိုရင် နည်းနည်းအဆင်ပြေမယ်။

ကျောင်းတွေက သူ့ကိုယ်ပိုင်မူဝါဒတွေထွက်လာရင် ဒီကျောင်းမှာ ဒီဆရာထားဆိုတာ ဖြစ်လာမှာပါ။ အပြောင်းအရွှေ့နဲ့ပတ်သက်ပြီး သူတို့လုပ်တော့ လုပ်နေတယ်။ လုပ်ပေမယ့် ဘယ်ကိစ္စမဆို အကူးအပြောင်းကာလမှာ အခက်အခဲတော့ကြုံတာပဲ။ ဒီအခက်အခဲကြုံတာတွေကို ဘယ်လောက်ထိ ကြာကြာခံနိုင်မလဲ။ ဘယ်လောက်ထိ လျင်လျင်မြန်မြန် ဖြေရှင်းနိုင်မလဲဆိုတာ မူတည်တယ်။ အဆင့်မြင့်ပညာ (ဦးစီးဌာန) ကသိတော့ သိပါတယ်။ ဒါပေမဲ့လည်း ခုနပြောသလို အကူးအပြောင်းကာလမှာ အခက်အခဲတွေ အများကြီးရှိတယ်။ ■

## "တိုင်းပြည်အတွက်လုပ်နေတာလို့ ကျွန်တော်က ပြောချင်ပါတယ်"

### ဦးလှိုင်တင့်

### (လက်ထောက်ကထိက၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

အခုကျွန်တော်တို့သုတေသနလုပ်တယ်ဆိုတာက စာသင်တဲ့သင်ကြားရေးဘက်ကို အထောက်အကူဖြစ်စေမယ့်လုပ်ငန်းတစ်ခုပါပဲ။ ဒါက ကျွန်တော်တို့ တွဲလုပ်ရမယ့်လုပ်ငန်းတစ်ခုပါ။ နောက်တစ်ခုက တွဲလုပ်ရမယ့်လုပ်ငန်းက ပါရဂူဘွဲ့ ဖြစ်နေတာမှမဟုတ်ဘူး။ တခြားသီးခြားဌာနတွင်း သုတေသနလုပ်ငန်းမှာ တစ်ဦးချင်းစီသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ရှိပါတယ်။ သို့သော် နယ်ကိုပါသွားပြီဆိုတဲ့အခါမှာ လုပ်လက်စတန်းလန်းတွေဆက်လုပ်ဖို့ အခက်အခဲရှိပါတယ်။ ပါရဂူဘွဲ့တက်နေတဲ့ ဆရာ၊ ဆရာမတွေဆိုရင်လည်း နယ်တွေရောက်သွားတဲ့အခါ ကျန်တဲ့နှစ်ပိုင်းမှာဆိုရင် နောက်ဆုံးနှစ် ကျွန်တော်တို့အခေါ်အရတော့ ၄ ပါလို့ခေါ်တာပေါ့။ ပါရဂူဘွဲ့သင်တန်းဆရာ၊ ဆရာမတွေဆိုရင် ပိုပြီးအခက်အခဲတွေ့ပါတယ်။ တက်ရတာက ရန်ကုန်တက္ကသိုလ်မှာ။ ရောက်နေတာက ထားဝယ်ဖြစ်ကောင်းဖြစ်မယ်။ မြစ်ကြီးနား ဖြစ်ကောင်းဖြစ်မယ်။ သူက ခွင့်နဲ့ပြန်လာပြီးတော့မှ လုပ်မှုရတယ်။ အဲလိုခွင့်နဲ့ပြန်လာဖို့ဆိုတာလည်း သက်ဆိုင်ရာဌာနမှူးနဲ့ သက်ဆိုင်ရာတက္ကသိုလ်က ခွင့်ပြုမှသာလျှင် ပြန်လာလို့ရတယ်။ လုပ်လို့ရတယ်။ အဲဒီပြဿနာရှိတော့ နယ်ပြောင်းကိစ္စက ကျွန်တော်တို့အထူးသဖြင့်ကတော့ သုတေသနလုပ်နေတဲ့သူတွေ၊ ရာထူးတိုးတာပဲဖြစ်ဖြစ် သုတေသနလုပ်နေတဲ့သူတွေကို အဓိက ဦးစားပေးစဉ်းစားပြီးတော့မှ ပြောင်းရွှေ့သင့်တယ်လို့ မြင်ပါတယ်။

အဲဒီလိုမဟုတ်ရင် သူ့ရဲ့လုပ်ငန်းကိုထိခိုက်မှုရှိပြီးတော့ ဌာနတွင်းလုပ်နေတဲ့ သုတေသနလုပ်ငန်းတွေလည်းရှိတယ်။ အဲဒါတွေလည်း ထိခိုက်မှုရှိစေတယ်။ သို့သော် ပညာရေးဝန်ကြီးဌာနအနေနဲ့က ဒီသုတေသနလုပ်ငန်းတွေက ကိုယ့်အတွက် လုပ်တာဆိုတဲ့အမြင်တစ်ချက်ရှိတယ်ဗျ။ အဲဒါတစ်ချက်ကိုတော့ ကျွန်တော်ပြောချင်တယ်။ ပါရဂူဘွဲ့သင်တန်းတက်တယ်၊ သုတေသနလုပ်တယ်ဆိုတာက ကိုယ့်အတွက်ကိုယ်လုပ်တာဆိုတဲ့ အမြင်မျိုးနဲ့ဆရာ၊ ဆရာမတွေအပေါ် ချဉ်းကပ်တာတွေ့ရတယ်။ ဒါလည်း မဖြစ်သင့်ဘူးလို့ ကျွန်တော်ထင်တယ်။

နောက်တစ်ခုက နိုင်ငံခြားမှာသွားပြီးတော့ ပညာသင်ဆုရသွားတဲ့သူတွေပေါ့။ ကျွန်တော်တို့ဌာနမှာဆိုရင်လည်း ဂျပန်၊ စင်ကာပူမှာ သုတေသနအတွက် သွားနေတဲ့ ဆရာ၊ ဆရာမတွေရှိတယ်။ အဲဒါလိုသွားတာကိုလည်း ကိုယ့်အတွက် ကိုယ်လုပ်တယ်ဆိုတာမြင်တာမျိုးပေါ့။ ဟိုတစ်လောကအဆင့်မြင့်ပညာဦးစီးဌာနကနေ စာထွက်လာပါတယ်။ နိုင်ငံခြားကနေဖိတ်တဲ့ ဆွေးနွေးပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေကိုတောင်မှ သူတို့ဖိတ်တိုင်းမသွားပါနဲ့ ဆိုတဲ့စာလေးထွက်လာပါတယ်။ ဒါကပိုတောင်မှ မဖြစ်သင့်တဲ့အနေအထားမျိုးပါ။ ဆိုတော့ ဒီလိုအနေအထားမျိုးတွေမှာ နယ်ကိုရောက်သွားတဲ့သူဆို ပိုတောင်ဆိုးတာပေါ့ဗျာ။ ဒီအမြင်လေးနဲ့ ဆရာ၊ ဆရာမတွေအပေါ်မှာ သုတေသနလုပ်နေတဲ့ဆရာ၊ ဆရာမများသည် သူ့အတွက်သူလုပ်တယ်ဆိုတာထက် သင်ကြားရေးအတွက်၊ တက္ကသိုလ်အတွက်၊ တိုင်းပြည်အတွက်လုပ် နေတာလို့ ကျွန်တော်က ပြောချင်ပါတယ်။ ■

## "ဌာနမှူးက ပြန်မလွှတ်တာမဟုတ်ဘူး။ ပြန်လွှတ်လို့ အဆင်မပြေတာ"

### ဒေါ်ယဉ်မာအေး (လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)

ကျွန်တော်ထင်တာကတော့ နယ်ကြောင့်တော့ မဟုတ်ဘူး။ မြန်မာစာသမားဆိုရင် နယ်တွေမှာလည်း စာအုပ်ရှိရင် အဆင်ပြေတယ်။ စာကြည့်တိုက်ကောင်းကောင်းတစ်ခုမရှိဘဲနဲ့ အဆင်မပြေဘူး။ ရန်ကုန်မှာလည်း သုတေသနက ဆက်လုပ်ဖို့အဆင်ပြေတယ်ပြောရအောင် ဆရာ၊ ဆရာမတစ်ယောက်အနေနဲ့ စနေ၊ တနင်္ဂနွေစာကြည့်တိုက်မဖွင့်လို့ကတော့ သုတေသနလုပ်ဖို့ အဆင်မပြေဘူး။ နယ်မှာအထူးသဖြင့် သိပ္ပံတွဲတွေဆိုရင် အဆိုးဆုံးပဲ။ လက်တွေ့ အသုံးပြုဖို့ ပစ္စည်းဘာမှမရှိဘူး။ ဓာတ်ခွဲခန်းတွေအတွက် လိုအပ်တဲ့ ပစ္စည်းတွေမရှိဘူး။ မရှိတော့ ဆက်လုပ်ဖို့ ခဲယဉ်းတယ်။ မန္တလေးလို၊ ရန်ကုန်လိုမျိုး ဓာတ်ခွဲခန်းတွေ ကိုပို့မယ်။ အဲဒါဆိုရင် တစ်ဆင့်ပိုရတဲ့ကုန်ကျစရိတ်တွေ ပေါ့။

သုတေသနက လုပ်နေကြပါတယ်။ ကိုယ်ရဲ့ပါရဂူဘွဲ့အတွက်လုပ်တာရှိတယ်။ ဌာနကိစ္စတွေ လုပ်တာရှိတယ်။ အဲဒီလိုလုပ်နေတာတွေရှိကြတယ်။ ဒါပေမဲ့ စာဖတ်ဖို့အချိန်မပေးနိုင်ရင်တော့ ဘယ်လိုမှ သုတေသနလုပ်လို့မရဘူး။ နယ်မှာပဲဖြစ်ဖြစ်၊ ရန်ကုန်မှာဖြစ်ဖြစ်၊ မန္တလေးမှာဖြစ်ဖြစ် လုပ်ဖို့အဆင်ကိုမပြေတာ။ ဒါက ကျွန်မအမြင်ပါ။ နောက်ပြီးတော့ နယ်တွေမှာဆိုရင် ကျွန်မ မြစ်ကြီးနားက ပြောင်းလာတာပါ။ ကျောင်းရဲ့စာကြည့်တိုက်တစ်တိုက်လုံးသည် ဌာနရဲ့စာအုပ်လောက်ကိုမစုံတာ။ မြန်မာစာသမားသည် စာအုပ်မရှိတဲ့အတွက် ဘာမှလုပ် လို့မရဘူး။

သက်ဆိုင်ရာဌာနမှူးတွေကိုလည်း အဆင့်ဆင့်ခွင့်တင်ရတယ်။ ဌာနမှူးက ပြန်မလွှတ်တာမဟုတ်ဘူး။ ပြန်လွှတ်လို့ အဆင်မပြေတာ။ သူက Ph.D အတွက် သုတေသနလုပ်နေတဲ့ဆရာမတစ်ယောက်က ဘယ်လိုပြောလဲဆိုတော့ အဲဒီတက္ကသိုလ်မှာ ဆရာ၊ ဆရာမ အင်အား မလုံလောက် ဘူး။ မလုံလောက်တဲ့အတွက် ရုတ်တရက် ဆရာ၊ ဆရာမ ကိုခွင့်ပေးဖို့ခက်တယ်။ ခွင့်ပေးဖို့ခက်လို့ဆရာမ တွေဘက်ကလည်း သုတေသနက လုပ်ရင်းတန်းလန်း။ ကျောင်းဘက်ကလည်း တစ်မျိုးဆိုတော့ အဆင်မပြေကြဘူး။ ဘာလို့အဆင်မပြေတာလဲ သုတေသနတစ်ခု လုပ်ကြမယ်။ နိုင်ငံတော်ကချပေးတဲ့ ဘတ်ဂျက်က သုံးသိန်းလောက်ကုန်တယ်။ စာအုပ်ဖိုး၊ စာရွက်စာတမ်း ကြေး၊ သုတေသန လုပ်တဲ့ခရီးစရိတ်မပါဘူး။ ကျောင်းက ခိုင်းတဲ့သုတေသနကိုပြောတာပါ။ Ph.D အတွက် သုတေသနကတော့ ကိုယ့်ဟာကိုယ်စိုက်ထုတ်၊ ကိုယ့်ဟာကိုယ်လုပ်။ အဲဒါပြဿနာမရှိပါဘူး။ ခရီးစရိတ်သည် ကိုယ့်အိတ်ထဲကစိုက်ထုတ်။ ဒေသိယကိုကွင်းဆင်းတယ်ဆိုရင် ကိုယ့်အိတ်ထဲက စိုက်ထုတ်ရတယ်။ ဥပမာ- ယောဒေသိယ လေ့လာ ချင်တယ်ဆိုရင် ဆရာမတွေသည် ကိုယ့်အိတ်ထဲစိုက်ထုတ်ပြီး ယောဒေသိယကို သွားလေ့လာ။ နိုင်ငံတော်က ခိုင်းတာတောင် အဲဒီလို အခက်အခဲရှိပါတယ်။ မြန်မာပြည်ကတော့ စာလည်းသင်ရမယ်။ သုတေသနလည်းလုပ်ရမယ်။ သုတေသနမလုပ်ရင်လည်း ရာထူးမတိုးဘူး။

ဝန်ကြီးဌာနကနေ ချပေးတဲ့ ပရောဂျက်တွေမှာဆိုရင် တချို့သိပ္ပံတွေများတယ်။ မြန်မာစာတွေအတွက်တော့ သိပ်ပြဿနာမရှိဘူး။ သိပ္ပံတွဲတွေမှာဆိုရင် ဘူမိလိုဆိုရင် တောင်တက်တာ၊ ကွင်းဆင်းတာ၊ ဒါကိုဓာတ်ခွဲတာ၊ ဓာတ်ခွဲခန်းစရိတ်တွေ၊ ဓာတ်ခွဲခန်းကိုသွားဖို့ ခရီးစရိတ် အဲဒါမပါဘူး။ ဒါတော့ သူငယ်ချင်း ဆရာ၊ ဆရာမတွေဆီက ပြန်ကြားရတာပါ။

ကျွန်မအမြင် နယ်မှာဖြစ်ဖြစ်၊ မြို့ကြီးမှာဖြစ်ဖြစ် စာကြည့်တိုက်မှာဆိုရင် စာကြည့်တိုက်အလုံအလောက်၊ ဓာတ်ခွဲခန်းမှာဆိုရင် ဓာတ်ခွဲခန်းပစ္စည်းအလုံအလောက် ထည့်ပေးနိုင်ရင် နယ်မှာလည်း လုပ်ရတာအဆင်ပြေမယ်။ မြို့ကြီးမှာလုပ်ရလည်း အဆင်ပြေတယ်။ ကျွန်မ ရန်ကုန်မှာရှိတယ်။ Ph.D စာတမ်းအတွက် စနေ၊ တနင်္ဂနွေ စာကြည့်တိုက်မဖွင့်ရင်လုပ်လို့မရဘူး။ ကျွန်မ စာအုပ်ရှာတာသည် စနေ၊ တနင်္ဂနွေပဲ ရှာလို့ရမယ် လေ။ အမျိုးသားစာကြည့်တိုက်သည် စနေ၊ တနင်္ဂနွေ ဆိုမဖွင့်ဘူး။ ကျွန်မတို့ မနက် ၈နာရီ ၄၅မိနစ်ကနေ အတန်းဝင်လိုက်တာ ညနေ ၃နာရီအထိ။ အဲဒီအတွက်အချိန်တွေကလည်း ဆရာမတွေအတွက် အမြဲတမ်းပြည့်နေတယ်။ နိုင်ငံခြားမှာလိုသင်ကြားရေးဆို သင်ကြားရေး၊ သုတေသနဆိုသုတေသန ခွဲမပေးတဲ့အတွက် အဆင်မပြေတာ။ ဒါက ကျွန်မအမြင်ပါ။ စာကြည့်တိုက်တွေ အားကောင်းလာရင် အဆင်ပြေမယ်။ ဆရာအင်အားမလုံလောက်ရင်အဆင်မပြေဘူး။ နယ်တက္ကသိုလ်တွေမှာ ဆရာအင်အားများရင် ခွင့်ပေးနိုင်ရင် ကျွန်မတို့ ဖြောင့်ဖြောင့်သုတေသနလုပ်နိုင်မယ်။ ■

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ထိုင်းအစိုးရနှင့် ဓမ္မကာယစိန်ခေါ်မှု

ထိုင်း နိုင်ငံဝန်ကြီးချုပ်က အာဏာပိုင်များကို ညွှန်ကြားထားသည်။ ဓမ္မကာယကျောင်းကို ဝင်မစီးမီ ဆရာတော် ဓမ္မဇျာရိုကို ဦးစွာရအောင် ဖမ်းဆီးရန်ဖြစ်သည်။ ကျောင်းတော်ကြီးကို မြန်မြန်သိမ်းပိုက်မိလေ ထောင်ချောက်တွေက လွတ်ကင်းလေဟုလည်း အမိန့်ထုတ်ထားသည်။ ဘုန်းတော်ကြီးဓမ္မဇျာရိုကို နှစ်သစ်တွင် ဥပဒေအတိုင်း စီရင်နိုင်ရေးသည် အရေးကြီးနေသည်။ ထို့ကြောင့် ဝန်ကြီးချုပ်ပရာယွတ် ချန်အိုချာက ရဲတပ်ဖွဲ့နှင့် အထူးထောက်လှမ်းရေးဌာန (DSI) တို့ကို ဥပဒေအတိုင်းစီရင်ရန် ဓမ္မဇျာရိုကိုဖမ်းဟု အမိန့်ထုတ်လိုက်သည်။

ဒီဇင်ဘာ ၂၇ ရက်နေ့နံနက်ကတည်းက ရဲတပ်ဖွဲ့ဝင် ၁၀၀၀ သည် DSI အဖွဲ့နှင့် ပူးပေါင်းပြီး ဓမ္မကာယ ကျောင်းကို ဝိုင်းထားသည်။ သို့သော် သူတို့သည် ကျောင်းဝင်းအဝင် ဂိတ်ဝမှ အတားအဆီးများလောက်ကိုသာ ဖယ်ရှားနိုင်ကြသေးသည်။ သူတို့စပီကာများနှင့် ကြေညာချက်များ ထုတ်ပြန်နေသော်လည်း ဘုန်းကြီးတွေက ကျောင်းဝင်းထဲ အဝင်မခံဘဲ တင်းမာမှုများ ဖြစ်နေသည်။ နေ့လယ် ၁ နာရီခွဲခန့်တွင် ရဲတပ်ဖွဲ့က ပြန်ပြီးရုပ်သိမ်းသွားခဲ့သည်။

ဓမ္မကာယဘုရားကျောင်းတော်ကြီးသည် ထိုင်းနိုင်ငံ ဘန်ကောက်မြောက်ဘက် ပသမ်သာနီအရပ်တွင် တည်ဆောက်ထားသည်။ ကျောင်းတော်နှင့် စေတီနေရာကို အမှီပြုပြီး လှုပ်ရှားမှုပေါင်းများစွာကိုလည်းဆောင်ရွက်နေကြသည်။ ထိုင်းနိုင်ငံဘန်ကောက်ရှိ အလယ်အလတ်တန်းစားများက ကိုးကွယ်ကြပြီး သင်တန်းပေါင်းများစွာ ပို့ချကာ စည်းရုံးလှုပ်ရှားနေကြသည်။ တရားထိုင်ခြင်း၊ စာပေသင်ကြားခြင်းနှင့် စေတနာ့ဝန်ထမ်းလုပ်ငန်းများ လှုပ်ရှားခြင်းစသည့် လုပ်ငန်းများကို လုပ်ဆောင်နေသည်။

ဓမ္မကာယ စေတီနှင့်ဘုရားကျောင်းသည် အလွန်ကြီးကျယ်စွာတည်ဆောက်ထားပြီး ဧက ၁၀၀၀ အကျယ်တွင် ဆောက်လုပ်ထားသည်။ ထိုစေတီနှင့် ကျောင်းတော်များကို စတင်ဆောက်လုပ်စဉ်ကတည်းက ပြဿနာပေါင်း များစွာရှိခဲ့သည်။ ယနေ့တိုင် ပြဿနာများကို မရှင်းနိုင်ဘဲဖြစ်နေခဲ့ရသည်။

စေတီကကြီးမားစွာ တည်ဆောက်ထားသလို ကိုးကွယ်ယုံကြည်သူနောက်လိုက်တွေကလည်း ဓမ္မကာယလှုပ်ရှားမှု (Dhammakaya Movement) အသွင်ဖြင့် လှုပ်ရှားလုပ်ဆောင်နေခြင်းများသည် ထိုင်းအစိုးရအဆက်ဆက် ရင်မအေးဖွယ်ရာဖြစ်သည်။ ဓမ္မကာယဂိုဏ်းအသွင်ဖြင့် လှုပ်ရှားလာခဲ့သည်ပင် နှစ်ပေါင်း ၅၀ ခန့်ရှိနေပြီ။ မီဒီယာများကဖွလိုက်သောကြောင့် ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း ထိုကျောင်းတော်၏ အရှုပ်တော်ပုံများကို လူတွေက စိတ်ဝင်စားစရာတွေ ဖြစ်လာကြသည်။ ထိုကျောင်းတော်ကလည်းမခေ၊ မီဒီယာများကို တရားပြန်စွဲသဖြင့် မီဒီယာတွေက တောင်းပန်ခဲ့ရသည်။ သို့သော် ၂၀၁၅ ခုနှစ်တွင် ဓမ္မကာယကျောင်းတော် အရှုပ်တော်ပုံများကို မျက်နှာဖုံးသတင်းများနှင့် ထပ်မံဖော်ထုတ်လာခဲ့ကြပြန်သည်။

ဓမ္မကာယ ကျောင်းတော်ကြီးသည် မီဒီယာ၏ ချစ်ခြင်း၊ မုန်းခြင်းကိုခံရသော ဘာသာရေးအဖွဲ့အစည်းကြီး တစ်ခုလိုဖြစ်နေသော်လည်း တိတိကျကျဖော်ထုတ်နိုင်ခဲ့သူရှားလှသည်။ ဒေါက်တာမာနိ လောင်ဟာဗာနစ်ချ် ဆိုသူက ထိုဘုရားကျောင်းသည် နာဇီအယူဝါဒများနှင့် ဆက်နွှယ်မှုရှိနေသည်ဟု၍ပင် စွပ်စွဲထားသည်။ သို့သော် ထိုကျောင်းတော်ဝင် ကိုးကွယ်ယုံကြည်သူများကတော့ တစ်နေ့တခြားများပြီးရင်းများနေသည်။

ဓမ္မကာယဂိုဏ်းသည် ဗုဒ္ဓဘာသာကို အခြေခံထားပြီး လှုပ်ရှားနေကြသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ သူတို့ အဖွဲ့ဝင်များသည် တစ်ကြိမ်ပွဲကျင်းပ



Hanuyoga

လိုက်လျှင် သန်းချီပြီး အခမ်းအနားကိုတက်ရောက်ကာ အင်အားပြလေ့ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က လူထောင်ဂဏန်းခန့်ဖြင့် စတင်ဖွဲ့စည်းခဲ့သော ဘာသာရေး အသင်းအဖွဲ့လေးသည် အဘယ်ကြောင့် ထိုမျှကျယ်ပြန့်လာကြောင်း ပြန်လည်သုံးသပ်စရာ ဖြစ်လာသည်။

ဓမ္မကာယအဖွဲ့ဝင်များက ဗုဒ္ဓဘာသာကို ကမ္ဘာကသိအောင်လုပ်မည်ဆိုပြီး လှုပ်ရှားနေကြခြင်းဖြစ်သည်ဟု ဆိုကြသည်။ သို့သော် အစိုးရနှင့် ပြဿနာပေါင်းများစွာ ရင်ဆိုင်ဖြေရှင်းနေရသည်။ ဓမ္မကာယစေတီတော်နှင့် ကိုးကွယ်သူများကို စည်းရုံးထားနိုင်မှုက အခြားသော ရှေးဟောင်းစေတီဘုရားများနှင့် ကျောင်းများတွင် ကိုးကွယ်သူ ရှားပါလာခြင်း ပြဿနာများကိုပါ ရင်ဆိုင်နေကြရသည်။ ဓမ္မကာယတွင် အမျိုးမျိုးသော တီထွင် လှုပ်ရှားနေမှုများကလည်း စစ်မှန်သော ဗုဒ္ဓဓမ္မများ ပျောက်ကွယ်သွားမည်လားဟု သံသယပွားစရာ ဖြစ်နေကြသည်။

ဓမ္မကာယအယူအဆများ ထိုင်းနိုင်ငံတွင် ခေတ်စားလာရခြင်းမှာ စနစ်တကျနှင့် စုဝေးလှုပ်ရှားခြင်း၊ လူမြင်ကွင်းတွင် အားကျစေလောက်သည့် စီရင်ခင်းကျင်းမှုများ ပြုလုပ်ခြင်း၊ သတင်းအချက်အလက်များကို ဖြန့်ဝေမှု များတွင် အားသာချက်များရှိနေခြင်းတို့ကြောင့်လည်းပါသည်။

ဓမ္မကာယကျောင်း သို့မဟုတ် စေတီတော်ကို လာရောက်ဖူးမြင်တော့မည်ဆိုလျှင် လူပုဂ္ဂိုလ်များဆိုပါက အဖြူရောင် အပေါ်အောက်ဝတ်ဆင်လာကြရသည်။ ဖြူစင်ခြင်းဆိုသည့် အထိမ်းအမှတ်အနေနှင့် ဝတ်ဆင်ခိုင်း သည်ဟုဆိုကြသည်။ ကျောင်းထဲကို ဝင်လိုက်လျှင် အားလုံးကို အရောင်အသွေးတူများအဖြစ် ပြောင်းလဲလိုက် ခြင်းကပင် ၁၉၇၀ ပြည့်နှစ်များတွင် ထိုင်းနိုင်ငံ၌ လှုပ်ရှားခဲ့သော ကွန်မြူနစ်လှုပ်ရှားမှုများကို ပြန်လည်အမှတ် ရစရာဖြစ်စေသည်ဟု မီဒီယာတွေကလည်း ထောက်ပြဝေဖန်ခဲ့သည်။

ထိုင်းနိုင်ငံ ဓမ္မကာယလှုပ်ရှားနေသော ဗုဒ္ဓဘာသာဆိုင်ရာ လှုပ်ရှားနေမှုများသည် အစဉ်အလာကိုးကွယ် ယုံကြည်လှုပ်ရှားနေသည့် ဗုဒ္ဓဘာသာသဘောတရားများနှင့် ဆန့်ကျင်နေသည်။ သူတို့ လုပ်ဆောင်နေသည့် အယူအဆနှင့် လှုပ်ရှားမှုများက တရုတ်ရိုးရာအစဉ်အလာတွေ ပါဝင်နေသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ လိုက်နာကျင့်သုံးရမည့် ဝိနည်းသိက္ခာပုဒ်တွေကိုလည်း သူတို့ လိုက်နာချင်မှ လိုက်နာကြသည်။ သူတို့လုပ်ဆောင်နေသည့်၊ ကျင့်ကြံအားထုတ် ပြောဆိုနေသည့် သဘောတရားများကပင် ဗုဒ္ဓဘာသာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေမှုများရှိနေသည်။ ထို့ကြောင့်လည်း ပညာရှင်များက ဗုဒ္ဓဘာသာမဟုတ်ဟု ပြောဆို ဝေဖန်ခဲ့ကြသည်။

ဓမ္မကာယအဖွဲ့သည် နိုင်ငံရေးနှင့် ပတ်သက်နေကြောင်း ဝေဖန်သူများလည်း ရှိသည်။ အထူးသဖြင့် ထိုင်းနိုင်ငံ တွင် နာမည်ကျော်သည့် ရှပ်နီနိုင်ငံရေးအုပ်စုဝင်များသည် ဓမ္မကာယ အဖွဲ့ဝင်ဂိုဏ်းသားများဖြစ်နေကြသည်ဟု ဆိုကြသည်။ သို့သော် အများအမြင်တွင် ဘာသာရေးအသွင် ဝတ်ပြုတရားထိုင်နေကြသူများကိုသာ တီဗီလိုင်းများတွင် တွေ့နေကြရပြီး နောက်ကွယ်တွင် နာဇီကွန်မြူနစ်တွေရှိနေပြီး အကြမ်းဖက်နိုင်ငံရေးသမားများကို ထောက်ပံ့နေသည်ဆိုခြင်းက အစိုးရများကို ရင်လေးစရာဖြစ်ခဲ့ရသည်။

ဓမ္မကာယ အသင်းကြီးတွင် ထိပ်ပိုင်းကလှုပ်ရှားနေသည့် ခေါင်းဆောင်များကလည်း ရှပ်နီခေါင်းဆောင်တွေဖြစ် နေသည်ဆိုခြင်းက စိတ်ဝင်စားစရာဖြစ်သည်။ ဓမ္မအရိပ်ကိုခိုပြီး နိုင်ငံရေးကို မည်သို့အကွက်ချကာ ကြံဖန်နေမည်ဆိုခြင်းကို မည်သူမျှ မသိနိုင်လောက်အောင်လည်းဖြစ်သည်။

ဓမ္မကာယအဖွဲ့ကြီးကို ဦးဆောင်နေသည့် ဆရာတော်မှာ ဖရာဓမ္မဇျာရိုဖြစ်သည်။ ဓမ္မကာယအဖွဲ့ကြီး၏ တရားမဝင်လုပ်ဆောင်နေမှုများဖြင့် ဖမ်းဝရမ်းလေးခု အထုတ်ခံထားရသူလည်းဖြစ်သည်။ သူကျူးလွန်သည့်အထဲတွင် သစ်တောမြေဧရိယာများအပေါ် ကျူးကျော်ဆောက်လုပ်ထားခြင်းလည်း ပါဝင်နေကြောင်းတွေ့ရသည်။

ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ ဒုတိယရဲမှူး စရီဗာရာရမ်ဆီဘာရာမာနာကူးက ရဲတပ်ဖွဲ့ဝင်များသည် ယောင်ရှိုင်းကျွန်းတွင် ဖွင့်လှစ်ထားသည့် တရားစခန်းကို စစ်ဆေးနေကြောင်း သိရသည်။ ထိုဒေသတွင် တရားစခန်းကို သစ်တောဧရိယာပေါင်းများစွာအား ခုတ်ထွင်ရှင်းလင်းပြီး ဆောက်လုပ်ထားမှုအပေါ် အရေးယူရန်လည်း စီစဉ် နေကြသည်။

ဒုရဲမှူးက စေတီအဖြစ်နေရာယူထားသည့် ဝန်းကျင်သည်ပင် နိုင်ငံသစ်တော ဆယ်ခုစာလောက်ရှိသည်ဟုဆိုသည်။ အစိုးရက ဘုန်းတော်ကြီး ဓမ္မဇျာရိုကို ဘတ်ငွေ ဘီလီယံပေါင်းများစွာကို ငွေဖြူအဖြစ်လုပ်ဆောင်မှုဖြင့်လည်း စစ်ဆေးရန် အလိုရှိနေသည်။ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဝရမ်းများနှင့် ဆင့်ခေါ်စာများကို လာပေးသော်လည်း ကျောင်းဝင်းထဲက လက်ထောက်ဖြစ်သူကသာလာယူပြီး ဓမ္မဇျာရိုကိုယ်တိုင် လာရောက်ယူခြင်း မရှိခဲ့ ပေ။

ပြဿနာများ မတင်းမာမီ ဒီဇင်ဘာ ပထမပတ်ကတည်းက ဓမ္မကာယအဖွဲ့ကြီးသည် ဓမ္မဇျာရိုကို အဖွဲ့ကြီး၏ တာဝန်များက အနားပေးလိုက်ပြီး သူ့အားဂုဏ်ထူးဆောင် ဘုန်းတော်ကြီးတစ်ပါးအနေနှင့်သာထားရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ ထိုသို့ထုတ်ပြန်လိုက်ရခြင်းကလည်း သစ်တောဧရိယာများကို သိမ်းပိုက် ကျူးကျော်ထားကြောင်း၊ ငွေမည်းခဝါချကြောင်း၊ သာသနာပိုင် ပစ္စည်းများကိုခိုးယူထားကြောင်း စွပ်စွဲချက်များ ပေါ်ပေါက်လာပြီးနောက် ထွက်ပေါ်လာသည့် သတင်းများဖြစ်သည်။

ဓမ္မဇျာရိုသည် အသက် ၇၂ နှစ်ရှိပြီဖြစ်သည်။

## ကျော်ဗလ

သူသည် ၁၉၇၇ ခုနှစ်ကတည်းက ရဟန်းဘောင်ကို ဝင်ခဲ့ပြီး ဖရာ သက် ယာမဟာမုနိဆိုသည့် အခြားအမည်ခွဲဖြင့်လည်း ထင်ရှားသူဖြစ်သည်။

ဓမ္မဇျာရိုကလည်း ခေသူမဟုတ်ဟုဆိုရမည်။ ဒီဇင်ဘာ ၂၆ ရက်နေ့က ‘ငါ့ကို ဖမ်းနိုင်ရင်ဖမ်းစမ်း’ ဟု စိန်ခေါ်ချက် ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် ရဲတပ်ဖွဲ့က ၂၇ ရက်နေ့တွင် ကျောင်းဝင်းရှေ့ကို အလုံးအရင်းနှင့် ပိတ်ဆို့ပြီး ဖမ်းရန် ပြင်ဆင်နေသော်လည်း ထောက်ခံသူများနှင့် ဘုန်းကြီးများကို ရင်ဆိုင်ရပြီး ပဋိပက္ခ ဖြစ်လာမည် စိုးရိမ်သောကြောင့် တပ်ဆုတ်ပြန်ခဲ့ရခြင်းဖြစ်သည်။

ဘုန်းကြီးကျောင်းထဲတွင် လူအုပ်ကြီးကလည်း ရောက်နေပြီး ရဲတပ်ဖွဲ့ဝင်များနှင့် DSI အဖွဲ့တို့ ရောက်လာချိန်တွင် ကျောင်းဂိတ်ပေါက်ဝတွင် ပိတ်ရပ်ထားကြသည်။ လူ ၆၀၀ ခန့်သည် ရဲတပ်ဖွဲ့ကို ရှေ့မတိုးနိုင်ရန် ပိတ်ဆို့ထား ကြောင်း သတင်းမီဒီယာများက ထုတ်ပြန်ခဲ့ကြသည်။

ဘုန်းကြီးကျောင်း ဂိတ်ပေါက်ကို နှစ်ခုသာဖွင့်ထားသည်။ ဂိတ် နံပါတ် ၅ နှင့် ၆ ဖြစ်သည်။ ကျောင်းထဲကိုလည်း ဘုန်းကြီးများနှင့် သူတို့အသင်းဝင် ဘာသာရေး ဝတ်ပြုမည့်သူများကိုသာ ဝင်ခွင့်ပြုထားသည်။ မီဒီယာကလည်း ဘယ်အချိန် ရဲတွေကဝင်စီးပြီး ဓမ္မဇျာရိုကိုဖမ်းမည်နည်းဆိုသည်ကို အကွက်ချောင်းနေကြသည်။

DSI အဖွဲ့အရာရှိများက ဒရုန်းယာဉ်တစ်စီးကို ဂိတ်အမှတ် ၄ တွင်လွှတ်တင်ပြီး ကျောင်းဝင်းထဲရှိ အခြေအနေများကို ထောက်လှမ်းခဲ့သည်။ ၁၀ မိနစ်ခန့်သာ လွှတ်တင်ရသေးသည် ကျောင်းဝင်းထဲ တစ်နေရာက ထိုဒရုန်းယာဉ်ကို ဖျက်ဆီးရန် လေဆာဖြင့် နောက်ယောင်ခံနေသောကြောင့် ချက်ချင်း ပြန်ခေါ်သိမ်းခဲ့ရသည်။

ဒီဇင်ဘာ ၂၇ ရက်နေ့ နံနက် ၇ နာရီအချိန်ခန့်တွင် ဂိတ်အမှတ် ၆ တွင် မိုးကာအင်္ကျီများဝတ်ထားပြီး မျက်နှာဖုံး တပ်ထားသော လူများရောက်လာပြီး ဂိတ်ကို ပိတ်ထိုင်ကာ လူသားတံတိုင်းပုံစံလုပ်ထားသည်။ နံနက် ၁၀ နာရီ ခန့်တွင် ရဲတပ်ဖွဲ့ဝင်များက အတားအဆီးများကိုဖယ်ရှားရန် ကြေညာချက်ထုတ်သည်။ ဂိတ်ပေါက်ရှေ့တွင် လာချထားသည့် အတားအဆီးများကိုလည်း ၁၀ မိနစ်အတွင်း ဖယ်ပေးရန် အမိန့်ထုတ်လိုက်သည်။ ၁၂ နာရီခွဲတွင် ကျောင်းရှေ့ရှိ အတားအဆီးများကို ဖယ်ရှားနိုင်ခဲ့သော်လည်း ကျောင်းထဲကို မဝင်နိုင်သေး။ ၁ နာရီခွဲတွင် ရဲတပ်ဖွဲ့ဝင်များသည် တပ်ပြန်ဆုတ်ခဲ့ကြောင်း Bangkok Post သတင်းတွင် ရေးသားထားသည်။

ဓမ္မကာယကျောင်းကို ဝင်စီးသိမ်းပိုက်နိုင်ရေးနှင့် ဓမ္မဇျာရိုဘုန်းကြီးကို ဖမ်းဆီးစစ်ဆေးရေးသည် စစ်အစိုးရ အတွက် စိန်ခေါ်ချက်တစ်ခုဖြစ်လာသည်။ ယခင်ကျားများမွေးမြူပြီး စီးပွားရှာနေသည့် ကျားဘုန်းကြီးကျောင်းကိုလည်း ပရာယွတ်က နှိမ်နင်းခဲ့ပြီးဖြစ်သည်။ ယခုတစ်ကြိမ် အင်အားအလွန်ကြီးသည့် ဓမ္မကာယအဖွဲ့ကြီးကို မည်သို့အရေးယူနှိမ်နင်းမည်ဆိုသည်က စိတ်ဝင်စားစရာဖြစ်သည်။

ထိုင်းလူ့ဘောင်တွင် အင်အားကြီးလာသည့် ပုန်ကန်တိုက်ခိုက်လာသူများကို ကွန်မြူနစ်ခေါင်းစဉ်တပ်ထားတတ် သည်။ ယခုလည်း ဓမ္မကာယအဖွဲ့ကို နာဇီကွန်မြူနစ်တွေဟု အသံလွှင့်ထားသည်။ ဗုဒ္ဓဘာသာအယောင်ပြပြီး ကြောက်စရာကောင်းလောက်အောင် လှုပ်ရှားနေသော အဖွဲ့ကြီးတစ်ဖွဲ့ကို ထိုင်းအစိုးရသစ် မည်သို့ကိုင်တွယ် ဖြေရှင်းမည်ဆိုခြင်းမှာ စောင့်ကြည့်ကြရမည်သာဖြစ်သည်။ **E01**

**■(Ref : Bangkok Post, The Huffington Post, The Nation)**

# နှစ်သစ်ကူးအကြို ဂီတ ဖျော်ဖြေပွဲများ




သန်ဇင်ဦး

**၂၀၁၆ ခုနှစ် နှစ်ဟောင်းကို လက်ပြနှုတ်ဆက်ပြီးတော့ ၂၀၁၇ ခုနှစ်၊ နှစ်သစ်ကို မကြာမီ လက်ကမ်းကြိုဆိုရတော့မှာပါ။ နှစ်သစ်ကို ကြိုဆိုမယ့်ညမှာ သာယာ ငြိမ့်ညောင်းတဲ့ ဂီတသံစဉ်တွေကို စီးမျော ခံစားရင်း ပျော်ရွှင်ချင်သူများအတွက် ရန်ကုန်နဲ့ မန္တလေးမြို့ကြီးတွေမှာ ပြုလုပ်မယ့် ဂီတဖျော်ဖြေပွဲတွေအကြောင်းကို The Voice ရဲ့စာဖတ်ပရိသတ်တွေအတွက် စုစည်းဖော်ပြလိုက်ပါတယ်။**

## ▶ နာမည်ကျော် လူငယ်ဟစ်ပ်ဟော့ပ်အဆိုရှင်များ ပါဝင်မယ့် The Mask Party ဂီတဖျော်ဖြေပွဲ

လူငယ်ပရိသတ်ကြိုက်နာမည်ကျော် ဟစ်ပ်ဟော့ပ်အဆိုရှင်တွေနဲ့ အခြားအဆိုရှင်တွေ ပါဝင်မယ့် The Mask Party ဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာလ ၃၁ ရက်နေ့ ညမှာ ရန်ကုန်မြို့ရှိ ကန်တော်ကြီး မျှော်စင်ကျွန်းမှာ ပြုလုပ်သွားမှာပါ။

ဒီပွဲမှာတော့ စိုင်းစိုင်းခမ်းလှိုင်၊ Snare ၊ လွှမ်းပိုင်၊ ဘန်နီဖြိုး၊ ရွှေထူး၊ G Fatt၊ Lil’Z၊ X Box၊ ထက်ယံ၊ ဖြိုးပြည့်စုံ ၊ မိစန္ဒီ၊ Bobby Soxer နဲ့ အမရာဖုန်းတို့က ပါဝင်သီဆိုဖျော်ဖြေပေးသွားမှာပါ။ နှစ်သစ်ကို ကြိုဆိုတဲ့ New Year Countdown အစီအစဉ်မှာ ပရိသတ်များနဲ့ အတူ အနုပညာရှင်များကိုယ်တိုင်လည်း ပါဝင်ကြမှာဖြစ်ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ဖို့လည်း စီစဉ်ထားတယ်လို့ ပွဲစီစဉ်သူများထံမှ သိရပါတယ်။

ယင်းပွဲအတွက် လက်မှတ်စျေးနှုန်းကိုတော့ ၉၀၀၀ ကျပ် သတ်မှတ်ထားပြီး Bo Bo Music Production၊ City Mart ဆိုင်ခွဲများ၊ Nobody၊ OMG နဲ့ Genius ဖက်ရှင်ဆိုင်များမှာ ဝယ်ယူရရှိနိုင်ပါတယ်။

## ▶ မိုင်ဒါကွင်းမှာ ပြုလုပ်မယ့် Myanmar Countdown 2017 အခမဲ့ ဂီတဖျော်ဖြေပွဲ

ပြည်တွင်းမီဒီယာ လုပ်ငန်းစုတစ်ခုဖြစ်တဲ့ Forever Group ကနေ စီစဉ်တဲ့ Myanmar Countdown 2017 အခမဲ့ ဂီတဖျော်ဖြေပွဲကိုတော့ ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေ ၅ နာရီကနေ စတင်ပြီး ရန်ကုန်မြို့ရှိ မိုင်ဒါကွင်းမှာ ပြုလုပ်သွားမှာပါ။

ဒီပွဲမှာတော့ Big Bag၊ ဝေလ၊ Idiots၊ Reason၊ X Box၊ အောင်ထက်၊ စန္ဒီမြင့်လွင်၊ အိမ့်ချစ်၊ ဝိုင်းလေး၊ ပိုင်မင်းဟိန်း၊ The X Factor Season 1 ရဲ့ Winner ဆုရှင်ဖြစ်တဲ့ ထွန်းနောင်ဆင့်၊ ဒီဂျေ ဝိုင်း၊ ဒီဂျေ Globe၊ ဒီဂျေ Mee Kam ၊ U Sonic အကအဖွဲ့တို့က ပါဝင်သီဆိုဖျော်ဖြေပေးသွားမှာပါ။ ဒီပွဲက အခမဲ့ ဖျော်ဖြေပွဲ ဖြစ်တာကြောင့် ဒီဇင်ဘာလ ၂၅ ရက်နေ့ကစပြီး ပွဲကြည့်ရှုခွင့် လက်မှတ်တွေကို 4TV Showroom များမှာ ရယူနိုင်ပါတယ်။

## ▶ မန္တလေးမြို့မှာပြုလုပ်မယ့် Emperor Band ရဲ့ Rock Concert New Year Night

Emperor တေးဂီတအဖွဲ့ရဲ့ Rock Concert New Year Night ကိုတော့ ဒီဇင်ဘာလ ၃၁ ရက်နေ့၊ ညနေ ၆ နာရီ ၃၀ က စတင်ပြီး မန္တလေးမြို့ရှိ မင်္ဂလာမန္တလေး ကားပါကင်အပေါ်ထပ်မှာ ပြုလုပ်သွားမှာပါ။

ဒီပွဲမှာတော့ တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂို၊ သျှို၊ လင်းမီးထက်နဲ့ လိမ္မော်သီးတို့က ပါဝင်သီဆိုဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။ လက်မှတ်စျေးနှုန်းကိုတော့ ကျပ်တစ်သောင်းခွဲ သတ်မှတ်ထားပြီး၊ ဝယ်ယူအားပေးတဲ့ ပရိသတ်တွေကို Harley Davidson ဆိုင်ကယ်တစ်စီး မဲဖောက်ပေးသွားမယ်လို့လည်း သိရပါတယ်။ လက်မှတ်တွေကိုတော့ မန်းသီရိ တေးသံသွင်း၊ မင်္ဂလာမန္တလေး၊ လှိုင်းတေးသံသွင်း၊ Texas Studio နဲ့ Super Sun Shine Car Showroom တို့မှာ ဝယ်ယူရရှိနိုင်ပါတယ်။

## ▶ ပြည်သူ့ရင်ပြင်မှာ အခမဲ့ ကြည့်ရှုရမယ့် Iron Cross အဖွဲ့ရဲ့ ဂီတဖျော်ဖြေပွဲ

မြန်မာနိုင်ငံရှိ ရော့ခ်ဂီတ ချစ်ပရိသတ်များရဲ့အခိုင်အမာအားပေးမှုကို ရရှိထားတဲ့ Iron Cross အဖွဲ့ရဲ့ ဂီတဖျော်ဖြေပွဲကိုတော့ ဒီဇင်ဘာလ ၃၁ ရက်နေ့ည ၉ နာရီ ၃၀ မှာ ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်မှာ ပြုလုပ်သွားမှာပါ။ ဒီပွဲကိုတော့ Nine Planets Entertainment ကနေပြီး ရော့ခ်ဂီတချစ် ပရိသတ်တွေအားလုံးအတွက် အခမဲ့ ဖျော်ဖြေပွဲအနေနဲ့ ကျင်းပပေးတာဖြစ်ပြီး တစ်နိုင်ငံလုံးရှိပရိသတ်များအတွက် 5 Plus ရုပ်သံလိုင်းကနေလည်း တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမှာ ဖြစ်ပါတယ်။

## ▶ ဗိုလ်တထောင်ကမ်းနားရှိ ရေပေါ်ဟိုတယ်မှာ ပြုလုပ်မယ့် Vintage Countdown Party

ရန်ကုန်မြို့ ဗိုလ်တထောင်ကမ်းနားမှာရှိတဲ့ Vintage Luxury Yacht Hotel မှာလည်း နှစ်သစ်ကို ကြိုဆိုတဲ့ Vintage Countdown Party ကို ပြုလုပ်သွားမှာပါ။ ဒီပွဲမှာတော့ တေးသံရှင် ဂျေမောင်မောင်၊ ကော်နီ၊ ဇော်ပိုင်၊ J Me၊ G Tone၊ ကြက်ဖ၊ အမွန်း၊ Fusion Dance Troupe၊ Hyrax Dance Crew တို့က ပါဝင်ဖျော်ဖြေပေးသွားမှာပါ။ လက်မှတ်စျေးနှုန်းကိုတော့ ကျပ် ၁၅၀၀၀၊ ကျပ် ၇၀၀၀၀ နဲ့ ကျပ် ၁၅၀၀၀၀ သတ်မှတ်ထားပြီး City Mart ဆိုင်ခွဲများ၊ Ocean Super Centre နဲ့ Nobody ဖက်ရှင်ဆိုင်တွေမှာ ဝယ်ယူနိုင်ပါတယ်။

## ▶ Yangon Waterboom မှာ ပြုလုပ်မယ့် The Boom New Year Countdown Party

နာမည်ကျော်တေးသံရှင် ဝေလ၊ ရဲရင့်အောင် ၊ ဂျက်ဆန်ထွန်း၊ စန္ဒီမြင့်လွင်နဲ့ ဒေးဗစ်လိုင်တို့ ပါဝင်သီဆိုဖျော်ဖြေပေးမယ့် The Boom New Year Countdown Party ကို ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ည ၇ နာရီကနေ ၁၂ နာရီအထိ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ Yangon Waterboom မှာ ပြုလုပ်သွားမှာပါ။

လက်မှတ်စျေးနှုန်းကိုတော့ ကျပ် ၄၀၀၀၀ သတ်မှတ်ထားပြီး၊ Free Beer နဲ့ ညစာ စားသုံးခွင့်လည်း ပါဝင်မှာ ဖြစ်ပါတယ်။ လက်မှတ်တွေကိုတော့ Yangon Ticket Counter မှာ ဝယ်ယူရရှိနိုင်သလို၊ စံရိပ်ငြိမ် ဂမုန်းပွင့်လေးလွှာရှိ Amber Beauty Spa မှာ ဝယ်ယူရရှိနိုင်ပါတယ်။

## ▶ ဟိုတယ်များမှာ ပြုလုပ်မယ့် New Year Eve Party များ

❍ ရန်ကုန်မြို့ Chatrium Hotel မှာ ပြုလုပ်မယ့် New Year Eve Party မှာတော့ တေးသံရှင် ချစ်ကောင်း၊ စည်သူလွင်၊ ချမ်းချမ်းနဲ့ အိမ့်ချစ်တို့က ပါဝင်သီဆိုဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။

❍ ရန်ကုန်မြို့တော်ဝင်ဂါးဒင်းဟိုတယ်မှာ ပြုလုပ်မယ့် New Year Eve Party မှာတော့ တေးသံရှင် ဝေလ၊ Ar.T နဲ့ စန္ဒီ မြင့်လွင်တို့က ပါဝင်သီဆို ဖျော်ဖြေပေးသွားမှာပါ။ လက်မှတ်စျေးနှုန်းကိုတော့ ၈၀၀၀၀ ကျပ် သတ်မှတ် ထားပြီး ညစာစားသုံးခွင့်ပါဝင်မှာ ဖြစ်ပါတယ်။

❍ မန္တလေးမြို့ရှိ ဟိုတယ်ရွှေပြည်သာမှာ ပြုလုပ်မယ့် New Year Eve Party မှာတော့ တေးသံရှင် R ဇာနည်၊ လင်းလင်း၊ ဝိုင်းစုခိုင်သိန်းနဲ့ နီနီခင်ဇော်တို့က ပါဝင်သီဆို ဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။ လက်မှတ်စျေးနှုန်းကိုတော့ ရိုးရိုးတန်း ကျပ် ၇၀၀၀၀ နဲ့ VIP လက်မှတ်အတွက် ၁၀၀၀၀၀ သတ်မှတ်ထားပါတယ်။

## ▶ ကမ္ဘာ့နံပါတ်တစ် ဒီဂျေ Martin Garrix ပါဝင်ဖျော်ဖြေမယ့် AVA Yangon NYE 2017

ကမ္ဘာ့ဒီဂျေ မဂ္ဂဇင်းကနေပြီး ၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့နံပါတ်တစ် ဒီဂျေ အဖြစ် သတ်မှတ်ခံထားရတဲ့ Martin Garrix ပါဝင်ဖျော်ဖြေမယ့် နှစ်သစ်ကူးအကြို EDM ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ သုဝဏ္ဏရှိ The One Entertainment Park မှာ ပြုလုပ်သွားမှာပါ။

ယင်းပွဲအတွက် General Admission လက်မှတ်တွေကို ကြိုတင် ဝယ်ယူပါက ၄၀၀၀၀ ကျပ်၊ ပွဲနေ့မှ ဝယ်ယူပါက ၅၅၀၀၀ ကျပ်၊ VIP လက်မှတ်စျေးနှုန်း ကိုတော့ ၁၂၀၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။

# “ဦးက သူတို့ကို ရွေးချယ်တဲ့အခါမှာ တဒင်္ဂလေး သူတို့ အောင်မြင်ဖို့ ရွေးတာမဟုတ်ပါဘူး။ ဂီတလောကမှာ ရေရှည် သူတို့ အလုပ်လုပ်နိုင်ဖို့အထိ ကြည့်ပြီး ရွေးတာပါ”

## မြန်မာပြည်သိန်းတန်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**တေးသံရှင် မြန်မာပြည်သိန်းတန်နဲ့ တွေ့ဆုံပြီး Myanmar Idol Season 2 သီချင်းဆို ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်တွေကို သေချာစိစစ်ရွေးချယ်ရတဲ့အကြောင်းရင်း၊ ပြိုင်ပွဲဝင်တွေကို အကဲဖြတ်ရွေးချယ်တဲ့ စံနှုန်းများအကြောင်း၊ တေးသံရှင် ဟေမာနေဝင်းနဲ့ စုံတွဲ စီးရီးတစ်ခွေ ထွက်ဖို့ရှိတဲ့အကြောင်းနဲ့ ဖက်ရှင်ရုပ်ရှင် ဇာတ်ကား ရိုက်ကွင်းအတွေ့အကြုံများအကြောင်းကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: Myanmar Idol Season 2 အတွက် မြို့ငါးမြို့မှာ အသံစစ်ဆေးမှုက ပြီးသွားပြီဆိုတော့ ပြိုင်ပွဲဝင်တွေရဲ့ Live Show သီဆိုယှဉ်ပြိုင်မှုက ဘယ်တော့လောက်စမှာလဲ။**

**MTT:** မြို့ငါးမြို့ကနေ ဆန်ခါတင်ရွေးချယ်ခဲ့တဲ့ ကလေးတွေကို ဇန်နဝါရီလထဲမှာ ဦးတို့ဒိုင်တွေက ပရိသတ်ရှေ့မှာ Live Show သီဆိုယှဉ်ပြိုင်ခိုင်းမှာပေါ့နော်။ ဒိုင်တစ်ယောက်အနေနဲ့တော့ အခုရွေးထားတဲ့ ကလေးတွေကို အားရကျေနပ်မှုရှိပါတယ်။ ဦးကလည်း အကောင်းကြိုက်တတ်တဲ့သူဆိုတော့ အကောင်းတကာ့ အကောင်းဆုံး ပြိုင်ပွဲဝင်တွေကို ရှာပြီး ရွေးချယ်ပါတယ်။ ကိုယ်မကြိုက်ဘူးဆိုရင်တော့လည်း ငြင်းရတာပေ့ါနော်။ ဦးက သူ တို့ကို ရွေးချယ်တဲ့အခါမှာ တဒင်္ဂလေး သူတို့ အောင်မြင်ဖို့ ရွေးတာမဟုတ်ပါဘူး။ ဂီတလောကမှာ ရေရှည် သူတို့ အလုပ်လုပ်နိုင်ဖို့အထိ ကြည့်ပြီး ရွေးတာပါ။ ဦးတို့ တိုင်းပြည်အတွက် အမာခံအဆိုရှင်လေးတွေ ဖြစ်လာနိုင်မလားဆိုတဲ့အထိကို ကြည့်ပြီးတော့ အကောင်းဆုံးပြိုင်ပွဲဝင်တွေကို ရွေးချယ်တာပါ။ ပြိုင်ပွဲမှာ တဒင်္ဂပေါပ်ပင်လေး ထွန်းပေါက်ဖို့ကိုကြည့်ပြီးရွေးတာမဟုတ်ပါဘူး။ ဒါကြောင့်မို့ ဦးက ကြေးများပြီး အကောင်းဆုံးတွေကို ရွေးနေတာပါ။ တော်ရုံတန်ရုံကောင်းတာလောက်နဲ့တော့ ဦးက မရွေးချင်သေးဘူး။

**Voice: ဒိုင်သုံးယောက်ထဲမှာ ဦးသိန်းတန် သဘောကျဖို့ ကြိုးစားရတာ အခက်အခဲဆုံး ဖြစ်နေတယ်လို့ ပရိသတ်တွေလည်း ပြောကြတဲ့အပေါ်ကိုရော ဘာပြောချင်လဲ။**

**MTT:** ဦးကတော့ ပြိုင်ပွဲဝင်တွေထဲမှာ ကျောက်ကောင်းလေးတွေ၊ ပတ္တမြားရတနာ အကောင်းလေးတွေကိုပဲ ကြည့်ပြီးတော့ ရွေးပါတယ်။ ဂီတလောကမှာ ဦးဖြတ်သန်းလာခဲ့ရတဲ့ နှစ်တွေမနည်းပါဘူး။ ဦးရှေ့မှာဆို စန္ဒရားလှထွတ်၊ စန္ဒရားချစ်ဆွေ၊ ဦးပြည်လှဖေတို့၊ ကိုဝင်းဦးတို့ ဘယ်လိုဆိုလဲ၊ အသံထုတ်လဲဆိုတာကို လေ့လာတယ်။ ဦးတို့ခေတ်ကျတော့ တက္ကသိုလ်အေးမောင်၊ စိန်လွင်၊ စိုင်းထီးဆိုင်တို့လို စတီရီယို အဆိုတော်တွေက ပရိ သတ်ရဲ့ရင်ထဲမှာ အကြာကြီးစွဲနေအောင် ဘယ်လိုကြိုးစားခဲ့လဲဆိုတာကို ကြည့်တယ်။ ဒီဘက်ခေတ်ထဲမှာ ဆိုလည်း အဆိုကောင်းတဲ့သူတွေ အများကြီးရှိပါတယ်။ ပြိုင်ပွဲဝင်တွေထဲမှာဆိုလည်း အရင်ခေတ်က အဆိုကောင်းတဲ့သူတွေရဲ့အဆိုစွမ်းရည်မျိုးကို ပိုင်ဆိုင်စေချင်တယ်။ အဲ့ဒါကြောင့် ပြိုင်ပွဲဝင်တွေကို သေချာ အကဲဖြတ် ရွေးချယ်ပေးတာပါ။

**Voice: ပြိုင်ပွဲဝင်တွေကို ရွေးချယ်တဲ့ အခါမှာရော ဦးသိန်းတန်က ဘယ်လိုစံနှုန်းတွေ သတ်မှတ်ပြီး ရွေးချယ်ပေးလဲ။**

**MTT:** ဦးကဂီတမှူးလည်းလုပ်ခဲ့တယ်။ တီးဝိုင်း ခေါင်းဆောင်လည်း လုပ်ခဲ့တယ် ။ စတိတ်ရှိုးတွေ လည်း အများကြီးဆိုခဲ့တယ်။ ဦးရှေ့မှာ နာမည်ကြီးလာခဲ့တဲ့ ခေတ်ပေါ်စတီရီယို အဆိုတော်တွေကိုလည်း အများကြီးတွေ့ခဲ့ဖူးတယ်။ သီချင်းဆိုပြိုင်ပွဲမှာ ဦးကိုယ်တိုင် ဒိုင်အဖြစ် ရွေးချယ်ရတဲ့အခါမှာ အဲ့ဒီလို ပေတံတွေနဲ့ တိုင်းပြီး ကြည့်တာပေ့ါ။ အဲ့ဒါကို ပရိသတ်လည်း သိမယ်လို့ ထင်ပါတယ်။ ဦးက ရိုးရိုးအဆိုတော်မဟုတ်ဘဲ ပညာရှင်တစ်ယောက်ဖြစ်နေတော့ နည်းနည်းတော့ ကြေးများတယ်။ ဦးတုန်းကတောင် ဂီတကိုနားလည်တဲ့ လူကြီးတွေက မင်းဆိုတာ မပီဘူးလို့ကို ပြောခံရဖူးတယ်။ အဲ့ဒီလိုပြောခံရတော့ ကိုယ့်ရဲ့လိုအပ်ချက်ကိုလည်း သိသွားတယ်။ ကိုယ့်မှာ လိုအပ်တာလေးတွေကို ကြိုးစားပြီးပြင်ခဲ့တယ်။ သီချင်းဆိုတဲ့အခါမှာ အသံက ပီသကြည်မြရမယ်။ နောက်ပြီး မာန်တွေ၊ ဟန်တွေ၊ ဌာန်တွေ၊ အန္တဲ့တွေမျိုးစုံ ပါရမယ်။ ဒါမှ သူက ဂီတလောကမှာ ရေရှည်ခံမယ့် အဆိုတော်တစ်ယောက် ဖြစ်နိုင်မှာပါ။ ဒါမှ ခေတ်ပေါ်သီချင်း၊ မြန်မာသံသီချင်း၊ ကာလပေါ်သီချင်းတွေ ဆိုနိုင်မယ်။ ရော့ခ်သီချင်းတွေ၊ ရပ်ပ်သီချင်းတွေလည်း ဆိုနိုင်မယ်။ ဒီလိုစွယ်စုံရတဲ့ သူတွေကို ဦးက ကြည့်ပြီး ရွေးနေတာပါ။

**Voice:သီချင်းဆိုပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ချင်တဲ့ ဂီတဝါသနာရှင်လေးတွေကိုရော ဘယ်လို အကြံပြု စကား ဆိုချင်သေးလဲ။**

**MTT:** ဒီလိုသီချင်းဆိုပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ချင်တဲ့ ကလေးတိုင်းဟာ ကြိုတင်ပြင်ဆင်မှုတွေ တော်တော်များများ လုပ်ရလိမ့်မယ်။ ကိုယ်သီဆိုယှဉ်ပြိုင်မယ့် သီချင်းအပေါ်မှာ ဘယ်လိုဆိုသင့်လဲ၊ ဘယ်လိုဆိုရင် အကောင်းဆုံးဖြစ်မလဲဆိုတာကို နည်းပေးလမ်းပြလုပ်နိုင်မယ့် ပညာရှင်တွေကို မေးမြန်းပြင်ဆင်သင့်ပါတယ်။ ကိုယ့်စိတ်ကြိုက်၊ ထင်သလို အတွေးလေးတွေနဲ့ လာပြိုင်တဲ့အခါမှာ အများကြီး လိုအပ်မှုရှိနေတာကို တွေ့ ရတယ်။ တတ်သိနားလည်တဲ့ ပညာရှင်တွေ၊ အဆိုရှင်တွေဆီကနေ နည်းလမ်းလေးတွေတော့ ယူသင့်ကြတယ်။ ကိုယ့်ဘက်က အကောင်းဆုံး ပြင်ဆင်ပြီးတော့မှ ပြိုင်ပွဲကို လာပြိုင်သင့်တယ်။ ကိုယ်ပြိုင်မယ့် ပြိုင်ပွဲအပေါ်မှာလည်း အလေးအနက်ထားသင့်တယ်။ ဒီပြိုင်ပွဲကို အပျော်လာပြိုင်တာမျိုး၊ ကြုံလို့လာပြိုင်တာမျိုး၊ သူငယ်ချင်းက တိုက်တွန်းလို့လာပြိုင်တာမျိုး မဖြစ်စေချင်ပါဘူး။



ဓာတ်ပုံ- မြန်မာပြည်သိန်းတန် Facebook Page

**Voice: ဂီတလှုပ်ရှားမှုအနေနဲ့ကျတော့ မဟေမာနေဝင်းနဲ့ စုံတွဲစီးရီးတစ်ခွေ ထွက်ဖို့ရှိတယ်လို့လည်း ကြားပါတယ်။ အဲ့ဒီအကြောင်းလည်း ပြောပြပေးပါဦး။**

**MTT:** ဟေမာနဲ့ ဦးနဲ့ စုံတွဲစီးရီးလေးဆိုထားတာရှိပါတယ်။ ဒီစီးရီးက မဟေမာ စီစဉ်တာ ဆိုတော့ ခွေထွက်ဖို့ကိစ္စတွေက သူ စီစဉ်လိမ့်မယ်လို့ ယူဆရပါတယ်။ ဦးဘက်ကတော့ ကိုယ်ဆိုစရာရှိတာကို ဆိုပေးထား လိုက်ပါတယ်။ ဒီစီးရီးမှာတော့ နာမည်ကြီးခဲ့တဲ့ သီချင်းဟောင်းအများစုကို ပြန်ဆိုထားတာပါပဲ။ တချို့ သီချင်းလေးတွေကျတော့ ကောင်းပေမယ့် ပြန်မဆို ဖြစ်တာလေးတွေရှိတယ်။ အဲ့ဒီလို အဟောင်းထဲက အကောင်းလေးတွေကိုလည်း ပြန်ဆိုထားကြပါတယ်။ ဒီစီးရီးက ဦး မြန်မာပြည် ပြန်ရောက်စတုန်းက လုပ်ထားတာဆိုတော့ နည်းနည်းတော့ ကြာပါပြီ။

**Voice: တစ်လောတုန်းက ဖက်ရှင်ရုပ်ရှင်ဇာတ်ကားမှာ ဇေရဲထက်နဲ့ တွဲဖက်သရုပ်ဆောင်ခဲ့တယ်နော်။ ရိုက်ကွင်း အတွေ့အကြုံလေးတွေလည်း ပြောပြပေးပါဦး။**

**MTT:** ဇာတ်ကားရိုက်ကူးတဲ့ အခါမှာတော့ အပြင်မှာနေသလို၊ မျက်နှာထား၊ ကိုယ်ဟန်အမူအရာက သဘာဝကျ ဖို့ကြိုးစားရတာပေ့ါ။ ဒါရိုက်တာရဲ့ညွှန်ပြမှုအတိုင်းကင်မရာ ရှေ့မှာ အကောင်းဆုံးသရုပ်ဆောင်နိုင်အောင် ကြိုးစား ခဲ့ပါတယ်။ သရုပ်ဆောင်တဲ့အခါမှာလည်း စိတ်ဖိစီးမှုတွေနဲ့ တောင့်တောင့်ကြီးဖြစ်မနေဘဲ၊ ပေ့ါပေ့ါပါးပါးနဲ့ အပြင်မှာ နေသလို သက်သောင့်သက်သာဖြစ်ဖို့ ကြိုးစားရပါတယ်။ ဇာတ်ကားမှာ ပြောရတဲ့ ဒိုင်ယာလော့ခ်တွေကိုလည်း တိတိကျကျပြောနိုင်ဖို့ ခေါင်းထဲမှာ မှတ်ရတယ်။ ဒါရိုက်တာ ပြောစေချင်တဲ့ ဆိုလိုရင်းအတိုင်း ဖြစ်အောင်လည်း သတိထားပြီး ပြောရပါတယ်။

# “ရှားလော့ဟုမ်း ဇာတ်ရုပ်ကြောင့် ကျွန်တော့်စရိုက်တွေ ပြောင်းသွားခဲ့ပါတယ်”

ဘင်နီဒစ် ကမ်ဘာဘက်ချ်



ရှားလော့ဟုမ်းအဖြစ် BBC ဇာတ်လမ်းတွဲမှာ ၂၀၁၀ ကတည်းက ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဘင်နီဒစ်ကမ်ဘာဘက်ချ်က အဆိုပါ ဇာတ်ရုပ်ကြောင့် သူလည်း ခွတီးခွကျလူတစ်ယောက် ဖြစ်လာခဲ့ပါတယ်လို့ ဆိုထားပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲဟာ Season 4 အထိ ရောက်နေပြီဖြစ်ပြီးတော့ နှစ်သစ်ကူးညမှာ စတင်ပြသမှာ ဖြစ်ပါသတဲ့။

ရှားလော့ဟုမ်းအဖြစ် သရုပ်ဆောင်ရင်း တစ်ကမ္ဘာလုံးမှာ အခိုင်အမာ ပရိသတ်တွေ ရရှိသွားခဲ့သလို သူ့ရဲ့စရိုက်တွေလည်း ပြောင်းသွားခဲ့တယ်လို့ မိခင်ဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ဝမ်ဒါဗန်တန်းက ပြောကြားပါတယ်။

“သက်ရောက်မှု ရှိပါတယ်။ ကျွန်တော် တွေ ကြုံခံစားရပါတယ်” လို့ ၎င်းက Radio Times ကို ပြောကြားခဲ့ပါတယ်။

“သည်းမခံနိုင်ဖြစ်လာပါတယ်။ ရှားလော့ဟုမ်းအတွက် ရိုက်နေတုန်းက ကျွန်တော်ဟာ ပိုပြီး ဘုကျလာတယ်လို့ အမေက ဆိုပါတယ်” ဟု ဘင်နီဒစ်ကမ်ဘာဘက်ချ်က ပြောကြားခဲ့ပါတယ်။

လာမယ့် ဇာတ်လမ်းတွဲတွေထဲမှာ ပိုကြမ်း ပိုရမ်းပြီး ပိုပြီး နက်နဲတဲ့ အကြောင်းအရာတွေ ပါဝင်လာလိမ့်မယ်လို့ ဇာတ်လမ်းတွဲဖက်ရိုက်ကူးသူတစ်ဦးက အတည်ပြုထားပါတယ်။

ရှားလော့ဟုမ်း ဇာတ်လမ်းတွဲတွေဟာ မူရင်းဇာတ်လမ်းခေတ်ကို အခြေမခံဘဲ နည်းပညာခေတ်ရှားလော့ဟုမ်းအနေနဲ့ တင်ဆက်ထားတာ ဖြစ်တာကြောင့် မူရင်းဇာတ်ကျောရိုးနဲ့ ရသအသစ်တွေကို ပေးစွမ်းထားတာ ဖြစ်ပါသတဲ့။

# ၅၃ ကြိမ်မြောက် Grand Bell Awards ဆုပေးပွဲတွင် လီဗြောင်ဟွန်း ပါဝင်သည့် Inside Men ဇာတ်ကား အကောင်းဆုံး ဇာတ်ကားဆုရရှိ

**ဆိုးလ်၊ ဒီဇင်ဘာ ၂၈**

တောင်ကိုရီးယားနိုင်ငံရဲ့ ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ ၅၃ ကြိမ် မြောက် Grand Bell Awards ဆုပေးပွဲမှာ နာမည်ကျော် သရုပ်ဆောင် လီဗြောင်ဟွန်း ပါဝင်တဲ့ Inside Men ရုပ်ရှင်က အကောင်း ဆုံး ဇာတ်ကားဆု ရရှိခဲ့ပါတယ်။ Inside Men ရုပ်ရှင် ဇာတ်ကားက အကောင်းဆုံး ဇာတ်ကားဆု အပြင် ဒါရိုက်တာဆု၊ အကောင်းဆုံး သရုပ်ဆောင်ဆု၊ အကောင်းဆုံး ဇာတ်ညွှန်းဆု၊ အကောင်းဆုံး စီစဉ်ညွှန် ကြားနိုင်မှုဆု စတဲ့ ဆုငါးဆုကို ရရှိခဲ့ပါတယ်။



“ဒီဆုကို ရတဲ့အတွက် ကျွန်တော် ပျော်ပါတယ်။ ဒီဆုပေးပွဲနဲ့ ပတ်သက်ပြီး၊ ဝေဖန်ပြောဆိုကြတာတွေ၊ ပြဿနာတွေ အများကြီးရှိခဲ့ပါတယ်။ ဒီပြဿနာတွေကို အခုချိန်အထိ မရှင်းနိုင်သေးဘူးလို့လည်း ကျွန်တော် ခံစားရပါတယ်” လို့အကောင်းဆုံး သရုပ်ဆောင်ဆုကို လက်ခံရယူပြီးနောက် လီဗြောင်ဟွန်းက ပြောကြားခဲ့ပါတယ်။

ဒီဆုပေးပွဲနဲ့ ပတ်သက်ပြီး ပြုပြင်စရာ ရှိတဲ့ အချက်တွေကို ပြုပြင်ဖို့ လီဗြောင်ဟွန်း က တောင်းဆိုခဲ့ပြီး နောက်ဆုံးမှလည်း နားလည်သွား ကြလိမ့်မယ်လို့ ယုံကြည်ကြောင်း ပြောကြားခဲ့ပါတယ်။

Grand Bell Awards ဆုပေးပွဲမှာ ဆုရရှိသူတွေကို ပရိသတ်တွေရဲ့ မဲပေးရွေးချယ်မှုနဲ့ ပေးအပ်ချီးမြှင့်မှု၊ ဆုရရှိသူ အနုပညာရှင်ကိုယ်တိုင် ပွဲမှာ ရှိနေမှသာ ဆုပေးမှု စတဲ့ အချက်တွေနဲ့ ပတ်သက်ပြီး ဝေဖန်မှုများစွာ ခံနေရတာ ဖြစ်ပါတယ်။ ယခင်နှစ်ဆုပေးပွဲမှာလည်း ဆန်ခါတင်စာရင်းဝင်တဲ့ အနုပညာရှင်တွေနဲ့ ဆုရရှိသူ အနုပညာရှင်တွေက ပွဲကို တက်ရောက်လာခဲ့ခြင်း မရှိပါဘူး။ ယခုနှစ်ဆုပေးပွဲမှာတော့ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကို The Last Princess ရုပ်ရှင်မှ Son Ye Jin၊ အမျိုးသားဇာတ်ပို့ဆုကို The Age Of Shadows ရုပ်ရှင်မှ Uhm Tae Goo၊ အမျိုးသမီး ဇာတ်ပို့ဆုကို The Last Princess ရုပ်ရှင်မှ Ra Mi Ran တို့က ရရှိခဲ့ပါတယ်။




ဆီးရီးယားလွတ်မြောက်ရေးအုပ်စုမှ လက်နက်ကိုင်များ ရုရှားတိုက်လေယာဉ်များကို လေယာဉ်ပစ်လက်နက်ဖြင့် ပစ်ခတ်နေစဉ်

# ဆီးရီးယားသူပုန်များကို ထောက်ပံ့နိုင်မည့် အမေရိကန်၏ကာကွယ်ရေးအစီအစဉ်သည် ရုရှားတပ်ဖွဲ့များကို တိုက်ရိုက်ခြိမ်းခြောက်ရာရောက်ဟု ရုရှားအစိုးရပြောကြား

**မော်စကို၊ ဒီဇင်ဘာ ၂၈**

ဆီးရီးယားလက်နက်ကိုင်သူပုန်များအပေါ် သတ်မှတ်ထားသည့် ကန့်သတ်ချက်များကို လျှော့ချပေးကာ လေယာဉ်ဖျက်လက်နက်များ ထောက်ပံ့ပေးမည့် အစီအစဉ်သည် ဆီးရီးယားရှိ ရုရှားတပ်ဖွဲ့များကို တိုက်ရိုက်ခြိမ်းခြောက်လိုက်ရာရောက်သည်ဟု ရုရှားအစိုးရက ထုတ်ဖော်ပြောဆိုလိုက်ကြောင်း Reuters သတင်းဌာနက ရေးသားဖော်ပြသည်။

ရုရှားနိုင်ငံသည် ယမန်နှစ်ကစတင်ကာ ဆီးရီးယားသမ္မတဘာရှားအာဆတ်အစိုးရကို အကူအညီပေးသည့်အနေနှင့် လက်နက်ကိုင်သူပုန်များကို လေကြောင်းထိုးစစ်ဆင်ခြင်း၊ မြေပြင်တပ်ဖွဲ့များဖြင့် တိုက်ခိုက်ခြင်းတို့စတင်ခဲ့သည်။

အဆိုပါလက်နက်ကိုင်သူပုန်အချို့သည် အမေရိကန်ပြည်ထောင်စု၏ စစ်ရေးအကူအညီရရှိထားသည်။

ယခုလို အမေရိကန်ပြည်ထောင်စုက ပခုံးပေါ်တင်ကာ ပစ်နိုင်သည့် လေယာဉ်ပစ်ဒုံးကျည်လက်နက်များကို ဆီးရီးယားသူပုန်များအား ထောက်ပံ့ပေးရန် ဆုံးဖြတ်လိုက်မှုသည် ဆီးရီးယားရှိ ရုရှားတပ်ဖွဲ့များကို တိုက်ရိုက်ခြိမ်းခြောက်လိုက်ရာရောက်သည်ဟု မော်စကို (ရုရှားအစိုးရ) က သတိပေးပြောကြားသည်။

"အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေးဆိုင်ရာ မူဝါဒသစ်ကို မိမိတို့က ရန်စပြုမှုလိုသော လုပ်ဆောင်ချက်တစ်ရပ်အဖြစ်ရှုမြင်သည်" ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာဟာရိုဗာက ကြေညာချက်ထုတ်ပြန်သည်။

ဆီးရီးယား၌ ရုရှားတို့ ဝင်ရောက်ထိုးစစ်ဆင်မှုကို ပြင်းပြင်းထန်ထန်ဝေဖန်လာခဲ့သူ သမ္မတအိုဘားမားသည် အမေရိကန်ပြည်ထောင်စုအတွက် ကာကွယ်ရေးမူဝါဒဆိုင်ရာ အစီအစဉ်တစ်ရပ်ကို ပြီးခဲ့သည့် သတင်းပတ်က လက်မှတ်ရေးထိုးအတည်ပြုပေးခဲ့သည်။

ယင်းအစီအစဉ်အရ ဆီးရီးယားလက်နက်ကိုင်သူပုန်တပ်ဖွဲ့အချို့အပေါ် ကန့်သတ်ထားမှုများကို လျှော့ချပေးပြီး စစ်ဘက်ဆိုင်ရာ လက်နက်များထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာ့ခ်တိုနာကမူ မော်စကို၏ ဝေဖန်ပြောဆိုမှုများကို လက်သင့်မခံနိုင်ကြောင်းပြောဆိုသည်။

သို့သော် အမေရိကန်ပြည်ထောင်စုအနေနှင့် သယ်ဆောင်ရလွယ်ကူသော လေယာဉ်ပစ်ဒုံးလက်နက်များထောက်ပံ့မှုကို ဆက်လက်ဆန့်ကျင်သွားမည်ဖြစ်သည်ဟု ဆိုသည်။

■ F-01

# ဖိလစ်ပိုင်တွင် မူးယစ်ဆေးဝါး စံချိန်တင် ဖမ်းဆီးမှုအဖြစ်ရှာဘူး ဒေါ်လာ သန်း ၁၂၀ ဖိုး သိမ်းဆည်းရမိ

**မနီလာ၊ ဒီဇင်ဘာ ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံချက်များကို ယခုလအတွင်း ဆက်တိုက် အကောင်အထည်ဖော်ခဲ့ရာ သမိုင်းမှတ်တမ်းတစ်လျှောက်အများဆုံး စံချိန်တင်ဖမ်းဆီးမှုအဖြစ်ရှာဘူးဟုခေါ်သော မီသိုင်းအင်ဖက်တာမင်းဒေါ်လာသန်း ၁၂၀ ဖိုးခန့် သိမ်းဆည်းရမိခဲ့သည်ဟု တရားရေးဝန်ကြီးက အင်္ဂါနေ့တွင် ပြောကြားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်အမျိုးသား စုံစမ်းစစ်ဆေးရေးဗျူရိုက နိုင်ငံအလယ်ပိုင်း ဆန်ချွန်းမြို့တွင် မူးယစ်နှိမ်နင်းရေးစီမံချက် ဆောင်ရွက်စဉ် ရှာဘူးခေါ် မီသိုင်းအင်ဖက်တာမင်းထုတ်လုပ်မည့် ဓာတုပစ္စည်းများ ထည့်ထားသောစည်များကို သိမ်းဆည်းရမိခြင်းဖြစ်သည်။

အဆိုပါမြို့တွင် သောကြာနေ့က လူခြောက်ဦးနှင့်အတူ ဒေါ်လာ ၆၇ သန်းတန်ဖိုးရှိ မီသိုင်းအင်ဖက်တာမင်းဆေးများကို သိမ်းဆည်းရမိခဲ့သော စီးနင်းရှာဖွေမှုအပြီးတွင် ယခုထပ်မံသိမ်းဆည်းရမိခြင်းဖြစ်သည်။

"ဒီနှစ်အတွက်သာမကပဲ သမိုင်းမှတ်တမ်းတစ်လျှောက် အကြီးမားဆုံး စံချိန်တင် ဖမ်းဆီးရမိမှုဖြစ်ပါတယ်" ဟု တရားရေးဝန်ကြီး ဗီတယ်လီယာနို အော်ဂူရီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

အကြီးစား မူးယစ်ရာဇာများကို အနည်းအကျဉ်းသာ ဖမ်းဆီးနိုင်ပြီး သုံးစွဲသူနှင့်ရောင်းချသူ အများစုကို သတ်ဖြတ်နေသော မူးယစ်ဆေးဝါး နှိမ်နင်းရေးစီမံချက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဝိုင်းဝန်းပြစ်တင် ဝေဖန်ခြင်း ခံနေရသည့် သမ္မတဒူတာတေးအတွက် ယခုဖမ်းဆီးရမိမှုက အားတက်စရာ ဖြစ်ပေလိမ့်မည်။

ဒူတာတေးသည် မူးယစ်ဆေးဝါးပိုက်ဆံများကို ခြေရာခံနိုင်ခြင်းမရှိသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး အာဏာပိုင်များကို အဂတိလိုက်စားမှု အားပေးကူညီသူများဟု ပြစ်တင်စွပ်စွဲထားပြီး ရာဇဝတ်မှုဖြင့် တရားစွဲမည်ဟု ခြိမ်းခြောက်ထားသည်။

နောက်ဆုံး မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသော အခန်းသည် တရုတ်လူမျိုးတစ်ဦး ငှားရမ်းထားသော အခန်းဖြစ်ပြီး ဝင်ရောက်စီးနင်းစဉ် ထိုသူကို အခန်းတွင် မတွေ့ရကြောင်း စုံစမ်းစစ်ဆေးရေးအရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်တွင် ဒူတာတေး အာဏာရလာပြီးနောက် စတင်ခဲ့သော မူးယစ်နှိမ်နင်းရေးစစ်ပွဲတွင် သံသယရှိသူ ၆၀၀၀ ကျော်ကို သုတ်သင်ခဲ့ရာ အကြမ်းဖျင်းအားဖြင့် ရဲတပ်ဖွဲ့၏စစ်ဆင်ရေးများတွင် သုံးပုံတစ်ပုံခန့် သေဆုံးခဲ့ပြီး ကျန်သုံးပုံနှစ်ပုံမှာ အလွတ်တန်း ဥပဒေဘောက်တော်သား ဆိုသူများ၏လက်ချက်ဟု ယုံကြည်ရသည်။

■ F-04



မီသိုင်းအဖက်တမင်းဆေးပြားများကို ဖိလစ်ပိုင်မူးယစ်နှိမ်နင်းရေးအဖွဲ့က စစ်ဆေးနေစဉ်

# ဂျာမနီရှိ အိုးအိမ်မဲ့အမျိုးသားတစ်ဦးကို ဆီးရီးယားလူငယ်များ အုပ်စုဖွဲ့လုယက်

**ဘာလင်၊ ဒီဇင်ဘာ ၂၈**

ဂျာမနီနိုင်ငံ မြို့တော်ဘာလင်တွင် အိမ်ရာမဲ့ အမျိုးသားတစ်ဦးကို တိုက်ခိုက်သတ်ဖြတ်ရန် ကြိုးပမ်းခဲ့သည့် ရွှေ့ပြောင်းအခြေချသူ လူငယ် ခုနစ်ဦးကို အာဏာပိုင်များက ဖမ်းဆီးအရေးယူလိုက်ကြောင်း BBC သတင်းဌာနကဖော်ပြထားသည်။

ဆီးရီးယားနှင့် လစ်ဗျားနိုင်ငံတို့မှ ဝင်ရောက်လာသော ရွှေ့ပြောင်းအခြေချသူ အဆိုပါလူငယ်များသည် ခရစ္စမတ်နေ့ညက အိုးအိမ်မဲ့ အမျိုးသားတစ်ဦးကို လုယက်တိုက်ခိုက်ခဲ့သည်။

၎င်းတို့၏ ရုပ်ပုံကို CCTV ကင်မရာက ကောင်းစွာမှတ်တမ်းတင်လိုက်နိုင်ကြောင်း၊ သို့အတွက်ကြောင့် ယင်းလူငယ်များသည် ရဲဌာနသို့ ချက်ချင်းဆိုသလိုပင် လာရောက်အဖမ်းခံခဲ့ကြောင်း ဂျာမန်အာဏာပိုင်များကဆိုသည်။




အိုးအိမ်မဲ့အမျိုးသား အိပ်စက်နေခဲ့သော ခုံတန်း

အိုးအိမ်မဲ့အမျိုးသားမှာ ဘာလင်မြို့ရှိ မြေအောက်ဘူတာရုံတစ်ခုတွင် ယင်းလူငယ်များ၏ တိုက်ခိုက်ခြင်းခံခဲ့ရသော်လည်း ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပေ။

လုယက်တိုက်ခိုက်ခဲ့သူလူငယ်များသည် အသက် ၁၅ နှစ်မှ ၁၈ အရွယ်ကြားတွင်ရှိပြီး ဆီးရီးယားလူမျိုး ခြောက်ဦးနှင့် လစ်ဗျားနိုင်ငံသားတစ်ဦးတို့ဖြစ်သည်။

တိုက်ခိုက်မှုကို အဓိကဦးဆောင်ခဲ့သူမှာ အသက် ၂၁ နှစ်အရွယ်ရှိ ဆီးရီးယားလူမျိုးဖြစ်ပြီး ၎င်းကို နေထိုင်ရာနေအိမ်အနီးတွင်ပင် ဖမ်းမိခဲ့သည်ဟု ရဲတပ်ဖွဲ့ကဆိုသည်။

အဆိုပါလူငယ်များအားလုံးသည် ပြီးခဲ့သည့် ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ်များအတွင်း ဘာလင်သို့ ရွှေ့ပြောင်းအခြေချလာသူများဖြစ်သည်ဟု အစိုးရအာဏာပိုင်များကပြောကြားသည်။

လုယက်တိုက်ခိုက်မှုခံခဲ့ရသူမှာ အသက် ၃၇ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ပြီး ၎င်းသည် ရှူးလိန်းဆွာဇေ မြေအောက်ဘူတာရုံရှိ ခုံတန်းတစ်ခုတွင် သတင်းစာခင်းကာ အိပ်ပျော်နေစဉ် လုယက်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းကို အဆိုပါလူငယ်အုပ်စုက မီးရှို့ခဲ့ကြသော်လည်း မြေအောက်မီးရထားမောင်းနှင်သူက တွေ့မြင်ကာ မီးသတ်ဘူးဖြင့် မီးငြိမ်းသတ်ပေးခဲ့ရကြောင်း ဂျာမန်ရဲတပ်ဖွဲ့က ဆိုသည်။

■ F-01

# တောင်ကိုရီးယား ပင်စင်ရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌ လာဘ်စားမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခံရ

**ဆိုးလ်၊ ဒီဇင်ဘာ ၂၈**

တောင်ကိုရီးယားနိုင်ငံ ပင်စင်ရန်ပုံငွေအဖွဲ့အကြီးအကဲဖြစ်သူကို အဂတိလိုက်စားမှုစွဲချက်များဖြင့် အစိုးရအာဏာပိုင်များက ဖမ်းဆီး ထိန်းသိမ်းလိုက်ကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

တောင်ကိုရီးယားအစိုးရစုံထောက်များသည် အမျိုးသားပင်စင်ဝန်ဆောင်မှု (NPS) ရုံး၏ ဥက္ကဋ္ဌဖြစ်သူ မွန်ဟောင်ပြွန်း၏ နေအိမ်ကို ဗုဒ္ဓဟူးနေ့အစောပိုင်းက ဦးစွာ ဝင်ရောက်စီးနင်းခဲ့ပြီး ညနေပိုင်းတွင် ၎င်းကို ဖမ်းဆီးပစ်ခဲ့သည်။

ပင်စင်ရန်ပုံငွေအဖွဲ့ NPS ဥက္ကဋ္ဌ မွန်ဟောင်ပြွန်းသည် တောင်ကိုရီးယား သမ္မတ ပတ်ဂွမ်ဟီး၊ ဆမ်ဆောင်းအီလက်ထရွန်နစ်လုပ်ငန်းစုတို့၏ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတို့တွင် ပါဝင်ပတ်သက်ခဲ့သည်ဟု အစိုးရရှေ့နေများကဆိုသည်။

ယခုဖြစ်ရပ်သည် နတ်ဆရာမဟုဆိုသော နောက်ကွယ်မှအကြံပေးသူ ချွားဆွန်ဆီးနှင့်ပူးပေါင်းကာ အဂတိလိုက်စားမှုများပြုလုပ်ခဲ့သည်ဟု စွပ်စွဲခံထားရသော တောင်ကိုရီးယားသမ္မတပတ်ဂွမ်ဟီး နှင့်လည်း တိုက်ရိုက်ဆက်နွှယ်မှုရှိနေသည်ဟု ၎င်းတို့ကပြောကြားသည်။

ဖမ်းဆီးခံလိုက်ရသော ပင်စင်ရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ မွန်ဟောင်ပြွန်းသည် တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ်ဆမ်ဆောင်းလုပ်ငန်းစုနှင့်ဆက်နွှယ်သော အဖွဲ့တစ်ခုထံမှ လာဘ်စားမှုပြုလုပ်ခဲ့ကြောင်း အာဏာပိုင်များကဆိုသည်။

ထို့အတူ စုံစမ်းစစ်ဆေးရေးအဖွဲ့က NPS နှင့် ဆမ်ဆောင်းအကြား ဒေါ်လာ ၈ ဘီလီယံတန်ဖိုးရှိ သဘောတူညီချက်တစ်ရပ်ကိုလည်း အသေးစိတ်စုံစမ်းဖော်ထုတ်လျက်ရှိသည်။

အဆိုပါသဘောတူညီချက်ဖြစ်မြောက်အောင်မြင်ရန် မွန်ဟောင်ပြွန်းက ၎င်း၏ ကျန်းမာရေးဝန်ကြီးရာထူးကို အသုံးချခဲ့သည်ဟုလည်း ၎င်းတို့ကဆိုသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကျန်းမာရေးနှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက ပင်စင်ရန်ပုံငွေအဖွဲ့ဖြစ်သော NPS ကို ကိုင်တွယ်ထိန်းချုပ်ထားသည်။

■ F-01



မွန်ဟောင်ပြွန်းကို အာဏာပိုင်များဖမ်းဆီးလာစဉ်



# လုပ်အားခတိုးမြှင့်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့သူ ဘင်္ဂလားဒေ့ရှ် အထည်ချုပ်လုပ်သား ထောင်နှင့်ချီ၍ အလုပ်ဖြုတ်ခံရ

**ဒါကာ၊ ဒီဇင်ဘာ ၂၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လုပ်ခလစာရရှိမှုနှင့်ပတ်သက်၍ မကျေနပ်သော အထည်ချုပ်လုပ်သားများ ရက်သတ္တတစ်ပတ်ကြာမျှ ဆန္ဒပြခဲ့ကြပြီးနောက် ယင်းအနက် အလုပ်သမား ၁၅၀၀ ကျော်ခန့် အလုပ်ထုတ်ခံလိုက်ရသလို အလုပ်လက်မဲ့လည်းဖြစ်ခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားကြောင်း BBC သတင်းဌာနက ရေးသားဖော်ပြသည်။

ဒါကာမြို့ အရှုလီယာရပ်ကွက်တွင် အလုပ်သမားထောင်ပေါင်းများစွာ ချီတက်ဆန္ဒပြမှုဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် အထည်ချုပ်စက်ရုံဒါဇင်နှင့်ချီ၍ ပိတ်ပင်ခံလိုက်ရသည်။

အဆိုပါစက်ရုံများသည် အနောက်နိုင်ငံများမှ နာမည်ကျော်ကုန်အမှတ်တံဆိပ်များကို ပံ့ပိုးပေးနေသည့် စက်ရုံများလည်းဖြစ်သည်။

ရဲတပ်ဖွဲ့အဆိုအရ အထည်ချုပ်စက်ရုံအချို့မှာ ယခုအခါ ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်သော်လည်း အလုပ်သမားခေါင်းဆောင်အတော်များများ ဆန္ဒပြမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့သည် ဆန္ဒပြမှုများနှင့် မတည်မငြိမ်မှုများဖြစ်အောင် လှုံ့ဆော်ရေးသားသည်ခဲ့သည့် သတင်းစာဆရာတစ်ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

နမ်ဇူဟူဒါဟုအမည်ရသည့် အဆိုပါ သတင်းစာဆရာသည် မှားယွင်းသော အချက်အလက်များကို ရေးသားဖော်ပြခဲ့ပြီး အလုပ်သမားသမဂ္ဂခေါင်းဆောင်များနှင့်လည်း တိတ်တဆိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု ရဲတပ်ဖွဲ့က စွပ်စွဲထားသည်။

နမ်ဇူဟူဒါသည် ၂၀၁၃ ခုနှစ်က လူ ၁၁၀၀ ခန့်သေဆုံးစေခဲ့သည့် ရာဇာပလာဇာစက်မှုလုပ်ငန်း အဆောက်အအုံ ပြိုကျမှုနှင့်ပတ်သက်၍ အဆောက်အအုံ တည်ဆောက်မှုဆိုင်ရာ ပြဿနာများကို ပထမဆုံးရေးသားဖော်ပြခဲ့သည့် သတင်းစာဆရာတစ်ဦးလည်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အထည်ချုပ်လုပ်ငန်းသည် ပြည်ပသို့ကုန်ပစ္စည်းတင်ပို့မှုအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါရှိနေရာ ယင်းလုပ်ငန်းများနှင့်ပတ်သက်၍ ပြဿနာပေါ်ပေါက်မှုသည် နိုင်ငံစီးပွားရေးကို တိုက်ရိုက်အကျိုးသက်ရောက်စေသည်။

ဘင်္ဂလားဒေ့ရှ် အတည်ချုပ်လုပ်သားထောင်နှင့်ချီ၍ ဆန္ဒပြခဲ့ရခြင်းမှာ အထည်ချုပ်လုပ်သား ၁၂၁ ဦး အကြောင်းမဲ့ အလုပ်ဖြုတ်ခံလိုက်ရမှုကို မကျေနပ်၍ ဖြစ်သည်ဟု ဆန္ဒပြခေါင်းဆောင်များက ဆိုသည်။

သို့သော်နောက်ပိုင်းတွင် လုပ်သားများက လစဉ်ပျမ်းမျှလုပ်အားခမြှင့်တင်ပေးရန် ပြောင်းလဲတောင်းဆိုခဲ့ကြသည်။

သို့သော်လည်း ဆန္ဒပြမှုမှာ ထိရောက်မှုမရှိဘဲ စက်ရုံများက အလုပ်သမားထောင်နှင့်ချီ၍ အလုပ်ဖြုတ်ပစ်ခဲ့ကြောင်း ဆန္ဒပြခေါင်းဆောင်များက ပြောကြားသည်။

■ F-01

## စာမျက်နှာ 13 ဆိုဗီယက်ယူနီယံပြိုကွဲမှုနဲ့ ရှစ်လေးလုံးအရေးအခင်းမှ သင်ခန်းစာရမှုအဆက်

တစ်လ၊ နှစ်ပတ်နဲ့ ခြောက်ရက်တိတိကြာမြင့်ခဲ့တယ်။ ဒီလှုပ်ရှားမှုကို တချို့က '၈၉ ဒီမိုကရေစီအရေးလှုပ်ရှားမှု' လို့လည်း ခေါ်ကြပါတယ်။ လှုပ်ရှားမှု အမြင့်မားဆုံးအချိန် ဒီရင်ပြင်မှာစုစည်းမိကြတဲ့ပြည်သူလူထုအရေအတွက်ဟာ တစ်သန်းကျော်လောက်ရှိခဲ့ပါတယ်။ လှုပ်ရှားမှုရဲ့အချက်အချာနေရာက ပီကင်းမြို့တော်မှာဖြစ်ပေမယ့် တရုတ်တစ်ပြည်လုံးမှာ ဆန္ဒပြပွဲဖြစ်ခဲ့တာ မြို့ပေါင်း ၄၀၀ လောက်ရှိတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ဒီလှုပ်ရှားမှုကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာနဲ့ ပတ်သက်ပြီး ပါတီထိပ်တန်းခေါင်းဆောင်တွေအတွင်း အကြီးအကျယ် သဘောထားကွဲလာကြပါတယ်။ တိန့်ရှောင်ဖိန်၊ လီဖုန်းနဲ့ ယန်စန်းခွန်း စတဲ့ ခေါင်းဆောင်တွေက သဘောထားတင်းမာကြပြီး ကျောက်ကျိယန်၊ ဟူချိလိနဲ့ ယန်မင်းဖူ စတဲ့ခေါင်းဆောင်တွေက သဘောထားပျော့ပျောင်းကြတယ်။

အဲဒီတုန်းက ထိပ်ဆုံးခေါင်းဆောင် တိန့်ရှောင်ဖိန်အနေနဲ့ ဒါဟာ နိုင်ငံရေးအရ ခြိမ်းခြောက်မှုတစ်ရပ်လို့သတ်မှတ်ပြီး အင်အားသုံး နှိမ်နင်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

မေလ ၂၀ ရက်နေ့မှာ မာရှယ်လောထုတ်ပြန်ကြေညာပြီး စစ်ဒေသကြီး ခုနစ်ခုမှ တပ်မ (၃၀)ရှိ လက်နက်ကိုင်တပ်အင်အားနှစ်သိန်းခွဲကို စုစည်းကာ ပီကင်းကိုစေလွှတ်ခဲ့ရတယ်။

ဇွန်လ ၃ ရက်နဲ့ ၄ ရက်နေ့တွေမှာ တီယန်မန်ရင်ပြင်ထဲကို စစ်သားတွေက တင့်ကားတွေနဲ့အတူ အရပ်မျက်နှာအသီးသီးက ဝင်ရောက်လာပြီး ဆန္ဒပြလူအုပ်ကြီးကို ပစ်ခတ်ဖြိုခွဲခဲ့ပါတယ်။ အဲဒီလှုပ်ရှားမှုအတွင်းမှာ စုစုပေါင်း သေဆုံးသူ ၂၄၁ ယောက်ရှိတဲ့အနက် ကျောင်းသား ၃၆ ယောက်၊ တပ်မတော်သား ၁၀ ယောက်၊ ပြည်သူ့ရဲ ၁၃ ယောက်နဲ့ ဒဏ်ရာရသူ စုစုပေါင်း ၇၀၀၀ လောက်ရှိတယ်လို့ တရုတ်အစိုးရ တရားဝင်ထုတ်ပြန်ချက်က ဆိုပါတယ်။

အခြေအနေကို ပုံမှန်ထိန်းသိမ်းနိုင်ပြီးတဲ့နောက်မှာ ပါတီအထွေထွေအတွင်းရေးမှူးချုပ်နဲ့ ဗဟိုစစ်ကော်မရှင်ဒုတိယ-ဥက္ကဋ္ဌဖြစ်တဲ့ ကျောက်ကျိယန်ကို ပေါလစ်ဗျူရိုကနေ ထုတ်ပယ်လိုက်ပါတယ်။ အခြားထိပ်တန်းခေါင်းဆောင်တွေဖြစ်တဲ့ ဟူချိလိ၊ ဝမ်လိ၊ ချောက်စစ် စတဲ့သူတွေလည်း အရေးယူခြင်းခံကြရတယ်။

တီယန်မန်ရင်ပြင်မှာ စခဲ့-ဆုံးခဲ့တဲ့ ဒီမိုကရေစီရေးလှုပ်ရှားမှုကြီးနဲ့ ပတ်သက်ပြီး ဇွန်လ ၉ ရက်နေ့မှာ တိန့်ရှောင်ဖိန်က ဒီလိုပြောခဲ့ပါတယ်။ "သူတို့ရဲ့ ရည်ရွယ်ချက်က အနောက်တိုင်းကိုလုံးဝမှီခိုတဲ့ အရင်းရှင်သမ္မတနိုင်ငံ တည်ထောင်ဖို့ပဲ။ အကျင့်ပျက်ခြစားမှုတွေအကြောင်း သူတို့ပြောနေတာက ဆိုရှယ်လစ်စနစ်ကို အစားထိုးဖို့ဆိုတဲ့ တကယ့်ရည်ရွယ်ချက်ကို ဖုံးကွယ်ထားချင်လို့။ နယ်ချဲ့အနောက်တိုင်းတစ်ခုလုံးက ဆိုရှယ်လစ်နိုင်ငံတွေအားလုံး ဆိုရှယ်လစ်လမ်းစဉ်ကိုစွန့်လွှတ်အောင် စီမံကိန်းချလုပ်နေကြတာ။ နောက်ပြီးရင် နိုင်ငံတကာအရင်းအနှီးရဲ့လက်ဝါးကြီးအုပ်မှုအောက် ဆွဲသွင်းပြီး အရင်းရှင်လမ်းကြောင်းပေါ် ဆွဲခေါ်ကြလိမ့်မယ်။ ဒီလှုပ်ရှားမှု ကြီးရဲ့ရည်မှန်းချက်က ပါတီနဲ့ နိုင်ငံတော်ကို မှောက်လှန်ပစ်ဖို့ပဲ" လို့ ဆိုလိုက်ပါတယ်။

ဒီအချက်အလက်တွေကို ထောက်ကြည့်လိုက်တော့ ဆိုဗီယက်ယူနီယံ ပြိုကွဲမှုကနေ တရုတ်ပြည်အနေနဲ့ သင်ခန်းစာတွေ အများအပြားရခဲ့သလို မြန်မာပြည်မှာ အရင်ပေါ်ပေါက်ခဲ့တဲ့ လူထုအုံကြွမှုကြီးကနေလည်း ကောင်းကောင်းကြီး သင်ခန်းစာရခဲ့တယ်လို့ ယူဆမိကြောင်း တင်ပြလိုက်ရပါတယ်။

***(တရုတ်ပြည်တွင်ကျင့်သုံးသည့် တိုင်းရင်းသားရေးရာ ပေါ်လစီမှာ တန်းတူရေး၊ သွေးစည်းရေးဆိုသည့် မူအပေါ်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသည့်စနစ်ဖြစ်သော်လည်း အမှန်တကယ် အာဏာကိုကိုင်စွဲထားသူမှာ တရုတ်ကွန်မြူနစ်ပါတီသာ ဖြစ်ပါသည်။ အဆိုပါပေါ်လစီကို ၁၉၉၁ ခုနှစ်နောက်ပိုင်းကျမှသာ အစားထိုးကျင့်သုံးခြင်းမဟုတ်ဘဲ ၁၉၄၉ ခုနှစ် တရုတ်ပြည်လွတ်မြောက်ပြီးကတည်းက ကျင့်သုံးခြင်းဖြစ်ပါသည်။ သို့သော် အင်္ဂလိပ်ထံမှ ၁၉၉၇ ခုနှစ်တွင် ပြန်လည်လွှဲပြောင်းယူခဲ့သည့် ဟောင်ကောင်ကျွန်း၊ ပေါ်တူဂီထံမှ ၁၉၉၉ ခုနှစ်တွင် ပြန်လည်လွှဲပြောင်းယူခဲ့သည့် မကာအို (Macau)နှင့် သီးခြားဖြစ်နေသေးသည့် ထိုင်ဝမ် စသည်တို့နှင့် ပတ်သက်၍မူကား 'တစ်နိုင်ငံ-စနစ်နှစ်မျိုး' ပေါ်လစီကျင့်သုံးပါသည်။ ထိုပေါ်လစီသည်ပင်လျှင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်မှ ရလာသည့် အိုင်ဒီယာမဟုတ်ဘဲ ၁၉၅၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် တိဘက်ဒေသငြိမ်းချမ်းစွာလွတ်မြောက်ရေး သဘောတူညီချက် ၁၇ ချက်ပေါ်တွင် အခြေပြုထားသည့် အိုင်ဒီယာဖြစ်ကြောင်း ထိုစဉ်က သမ္မတ ကျန်းဇီမင်းက (၂၀၀၈) ခုနှစ်က ပြောခဲ့ပါသည်။ )

**ရဲထွန်း(သီပေါ)**

စာကိုး : A.Greer Meisels ရေးသားသော What China learned from the Soviet Union’s fall

: Wikipedia အွန်လိုင်းစွယ်စုံကျမ်း။

# သာယာဝတီမြို့တွင် ကျောင်းထိုင်ဆရာတော် အသတ်ခံရ

**သာယာဝတီ၊ ဒီဇင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း သာယာဝတီမြို့နယ် လှည်းလမ်းကူး ကျေးရွာအမှတ်(၁၀၀၁) လေကြောင်း အရန်တပ်အဝင် လမ်းဘေးလျှိုမြောင်တွင် ဒီဇင်ဘာလ ၂၈ ရက် နံနက် ၁၁ နာရီက ကျောင်းထိုင် ဆရာတော်တစ်ပါးကို သတ်ဖြတ်ကာ အလောင်းစွန့်ပစ်ထားကြောင်း သာယာဝတီမြို့မရဲစခန်းမှ ဒုရဲမှူးလှသိန်းက ပြောကြားသည်။

အသတ်ခံရသော ကျောင်းထိုင် ဆရာတော်မှာ လှည်းလမ်းကူး ကျေးရွာ အုပ်စု သရက်တစ်ပင်ကျောင်းမှ သက်တော် ၄၀၊ ဝါတော် ၂၀ရှိသော ကျောင်းထိုင် ဆရာတော်ဦးဣန္ဒိက ဖြစ်ပြီး ဓားဒဏ်ရာ အချက်ပေါင်းများစွာဖြင့် ပျံလွန်တော်မူသည်ကို တွေ့ရှိရကြောင်း လှည်းလမ်းကူး ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်စွာ က ပြောဆိုသည်။

"ကျွန်တော်တို့တွေ့တော့ဆရာတော် အလောင်းက တောင့်နေပြီး ဆရာတော် ကျောင်းရှေ့အဝင်လမ်းက အလှူခံမဏ္ဍပ်မှာ သွေးကွက်တွေ တွေ့တယ်၊ သွေးစီးကြောင်းအတိုင်း လိုက်သွားကြည့်တော့ မဏ္ဍပ်နဲ့ ပေ ၃၀ ကျော် အကွာမှာ ဝါးခုတ်ဓားတစ်ချောင်းရယ်၊ ယောကျ်ားလေးတွေ ဝတ်တဲ့ဖန်စီနားကပ်ရယ်ကိုတွေ့တယ်။ အဲ့ဒီကနေ ဆက်သွားတော့ ပေ ၃၀၀ ကျော်လျှိုမြောင်ထဲမှာ ဆရာတော်ရဲ့ရုပ်အလောင်းကိုတွေ့တာ" ဟုၚင်းကရှင်းပြသည်။

ဆရာတော်မှာ ဘယ်ဘက်ငယ်ထိပ်၊ နားထင်၊ လည်ပင်း၊ ညာပခုံး၊ ဦးခေါင်းချိုစောင်း၊ ညာဘက်ချိုစောင်း၊ နောက်စေ့တို့တွင် ပြတ်ရှဒဏ်ရာများ ရရှိကာ ဓားဒဏ်ရာ ၁၂ချက်ဖြင့် ပျံလွန်တော်မူခြင်းဖြစ်ကြောင်း၊ ယင်းလူသတ်မှု ကျူးလွန်သူကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂(က)ဖြင့် အမှုဖွင့်ကာ စုံစမ်းနေကြောင်း သာယာဝတီမြို့နယ် ရဲစခန်းမှ သိရသည်။

"ဆရာတော် ညတစ်နာရီလောက်က အလှူခံမဏ္ဍပ်မှာ အရက်သောက်နေတဲ့ လူငယ်တွေကို သွားတားတာတွေ့တယ်၊ ကျွန်တော်လည်း အိပ်ပျော်သွားတယ်၊ အဲ့ဒီကတည်းက ဆရာတော်ကို မတွေ့တော့ဘူး၊ မနက်ကျတော့ အသတ်ခံရတယ်ဆိုတာသိရတယ်" ဟု ယင်းကျောင်းဘေးတွင် နေထိုင်သော အသက် ၄၀အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

အသတ်ခံရသော ဆရာတော်မှာ ငယ်ဖြူဆရာတော်ဖြစ်ပြီး တစ်ရွာလုံးက ကြည်ညိုသော ဆရာတော်ဖြစ်ပြီး တရားဟော၊ သီလပေး အလွန်ကောင်းကြောင်း၊ ယင်းဆရာတော်မှာ လူချစ်လူခင်ပေါများပြီး ရန်ငြိုးရန်စမရှိကြောင်း လှည်းလမ်းကူးကျေးရွာတွင် နေထိုင်သော အသက် ၆၀ အရွယ် အမျိုးသမီးကြီး တစ်ဦးက ပြောကြားသည်။

■ R - 19




သောက်သုံးရေ သွယ်ယူနိုင်မည့် ချောင်းသို့ သွားရောက် လေ့လာနေစဉ်

# ကလေးမြို့တွင် သောက်သုံးရေပြတ်လပ်သော ရပ်ကွက်အတွက် ရေရရှိနိုင်သောနေရာတွေ့

**ကလေး၊ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ရှိဆောင်းရာသီကာလမှာပင် ရေတွင်းများ ခန်းခြောက်ပြီး သောက်သုံးရေပြတ်လပ်သောရပ်ကွက်နှစ်ခုမှ ဒေသခံများ သောက်သုံးရေ သွယ်ယူရရှိနိုင်သော နေရာကိုတွေ့ရှိကြောင်း ကလေးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရဇော်က ပြောကြားသည်။

အဆိုပါ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကလေးမြို့တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော် ပါဝင်သည့်အဖွဲ့က ဒီဇင်ဘာ ၂၇ ရက်နေ့က ရေသွယ်ယူနိုင်မည့်နေရာ လိုက်လံရှာဖွေခဲ့ရာ ဆည်ကြီးချောင်းအတွင်း စီးဝင်သည့် ချောင်းလက်တက်ကို တွေ့ရှိခဲ့ကြောင်း၊ ယင်းနေရာမှာ ရေခန်းခြောက်သော ရပ်ကွက်နှစ်ခုဖြစ်သည့် လှိုင်သာယာ ရပ်ကွက်၊ ကြို့သုံးပင် ရပ်ကွက်တို့နှင့် ငါးမိုင်ကျော်ဝေးကြောင်း ၎င်းက ပြောဆိုသည်။

ယင်းချောင်းမှ ရေသွယ်ယူမည်ဆိုပါက ရပ်ကွက်နှစ်ခုရှိလူဦးရေ တစ်သောင်းခွဲကျော်အတွက် သောက်သုံးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ခန့်မှန်းတွက်ချက်မှုအရ ရေလှောင်ကန် ငါးခုတည်ဆောက်ပြီး အဆင့်ဆင့် သွယ်ယူနိုင်သည်ကို တွေ့ရကြောင်း၊ ရေပြတ်သော ရပ်ကွက်များကို ရေရှည်သောက်သုံးရေ ရရှိရန်အတွက် ကွင်းဆင်းလေ့လာခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် သောက်သုံးရေ ရရှိနိုင်ရန် မီးသတ်ကားများဖြင့် ရေပေးဝေရန် စီစဉ်ထားကြောင်း ၎င်းက ရှင်းပြသည်။

ရေသွယ်ယူနိုင်ရေးအတွက် အလှူရှင်၊ ရပ်ရွာအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းကော်မတီ ဖွဲ့စည်းပြီး ဒီဇိုင်းရေးဆွဲခြင်း၊ ကုန်ကျစရိတ် တွက်ချက်ခြင်းများ ပြုလုပ်ကာ တည်ဆောက်မည်ဖြစ်ကြောင်း၊ ရေသွယ်ယူမည့်ချောင်း၏ နွေရာသီရေတည်ရှိမှု အခြေအနေကို လေ့လာရမည်ဖြစ်သောကြောင့် ယခုနှစ် နွေရာသီတွင် ရေပေးဝေနိုင်လိမ့်မည် မဟုတ်ကြောင်း ကလေးမြို့တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော် က ပြောသည်။

■ R- 20

# တရားမဝင်ပိုးသတ်ဆေးများ ရောင်းချပါက ထိရောက်စွာအရေးယူမည်

**ရွှေဘို၊ ဒီဇင်ဘာ ၂၈**

ရွှေဘိုမြို့နယ်အတွင်း ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာရောင်းချသည့် ဆိုင်များအနေနှင့် ရောင်းချခွင့်၊ သိုလှောင်ခွင့်နှင့် မှတ်ပုံတင်ထားခြင်း မရှိသည့် ပိုးသတ်ဆေးများကို ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိပါက ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြေအသုံးချရေး တာဝန်ခံ ဒေါ်ချိုချိုမာက ပြောကြားသည်။

ပိုးသတ်ဆေးနှင့်မြေသြဇာ ရောင်းချသည့်ဆိုင်ရှင်များကို ဒီဇင်ဘာလ ၂၈ ရက်နေ့က ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် တွေ့ဆုံဆွေးနွေး အသိပေးခဲ့ခြင်းဖြစ်သည်။

မြို့နယ်အတွင်းရောင်းချသည့် ဆိုင်များအနေနှင့် ရောင်းချခွင့်၊ သိုလှောင်ခွင့် မှတ်ပုံတင်(လုပ်ငန်းလိုင်စင်)ရှိမှသာ ရောင်းချရမည်ဖြစ်ပြီး ပိုးသတ်ဆေးနှင့် မြေသြဇာများကို မှတ်ပုံတင်ထားသည့်ပစ္စည်းများသာ (မြန်မာစာအညွှန်းပါ ၊ မှတ်ပုံတင်နံပါတ်၊ စံချိန်စံညွှန်း၊ အရည်အသွေးအာမခံပါသည့် ပစ္စည်းများသာ) ရောင်းချရမည်ဖြစ်ကြောင်း ဒေါ်ချိုချိုမာက ရှင်းပြသည်။

မှတ်ပုံတင်ထားခြင်းမရှိသည့်ပိုးသတ်ဆေးနှင့် မြေသြဇာများ၊ စံချိန်စံညွှန်းမပြည့်ဝသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ ရောင်းချပါက ထောင်ဒဏ်သုံးနှစ်နှင့် ငွေဒဏ် ၁၀ သိန်းချနိုင်ကြောင်း ၎င်းကဆိုသည်။

ထို့ပြင်သက်တမ်းလွန်ဆေးဝါးများ ရောင်းချခြင်းရှိမရှိကို ခရိုင်အတွင်း အလှည့်ကျစစ်ဆေးလျက်ရှိကြောင်း ရွှေဘိုခရိုင် သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်ရီရီသိန်းက ပြောကြားသည်။

"ပိုးသတ်ဆေး ရောင်းချနေတဲ့ ဆိုင်တွေ အားလုံးနီးပါးလိုင်စင်ရှိတယ်။ ဓာတ်မြေသြဇာရောင်းချခွင့်လိုင်စင်သာ CPA ပိုးသတ်ဆေးသုံးစွဲခွင့် လက်မှတ်ရသင်တန်းတက်ပြီးမှရတဲ့အတွက် မြေသြဇာရောင်းတဲ့ဆိုင်သစ်တွေအခက်တွေ့တယ်" ဟု အရောင်းဆိုင်ရှင်တစ်ဦးက ဆိုသည်။

■ R-09

# ဧရာဝတီတိုင်းလွှတ်တော် အထူးအစည်းအဝေး ဇန်နဝါရီ ၆ရက်တွင် ကျင်းပမည်

**ပုသိမ်၊ ဒီဇင်ဘာ ၂၈**

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး ၁/၂၀၁၇ကို ဇန်နဝါရီလ ၆ရက်နေ့တွင်ကျင်းပရန် ခေါ်ယူထားကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

"၂၀၁၆-၂၀၁၇ ဖြည့်စွက်ဘတ်ဂျက်ဥပဒေကို အတည်ပြုပေးဖို့ခေါ်ထားတာပါ၊ ဝန်ကြီးအပြောင်းအလဲ ကိစ္စကတော့ပါကောင်းပါနိုင်တယ် "ဟု တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် က ရှင်းပြသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဖြည့်စွက် ဘတ်ဂျက်အတွက် ကျပ်သန်း ၉၆၀၀ ကျော်ကို အောက်တိုဘာ ၄ရက်နေ့တွင်ကျင်းပသော တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုပေးခဲ့ကြောင်း၊ ယင်းဘတ်ဂျက်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တော်အစိုးရမှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လှူဒါန်းထားသော မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များအတွက် သယ်ယူပို့ဆောင်စရိတ် ကျပ်သန်း ၆၀ ပါဝင်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးအဖြစ် နိုင်ငံတော် သမ္မတရုံးမှ ခန့်အပ်တာဝန်ပေးခဲ့သဖြင့် စီမံ/ဘဏ္ဍာဝန်ကြီးနေရာ လစ်လပ်နေကြောင်း၊ ယင်းနေရာအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းလာပါက လွှတ်တော်တွင် ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းတို့ထံမှ သိရသည်။

ဧရာဝတီ တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နိုဝင်ဘာလ ၁၇ရက်နေ့မှ ဒီဇင်ဘာ ၆ ရက်နေ့အထိ ကျင်းပခဲ့ပြီး တစ်ပတ်ခန့်အကြာ ဒီဇင်ဘာ ၁၂ရက်နေ့နှင့် ၁၉ရက်နေ့တွင် အရေးပေါ်အစည်းအဝေး ၁/၂၀၁၆ ကို ၂၀၁၇-၂၀၁၈ ဘတ်ဂျက်အတွက် ခေါ်ယူခဲ့ကြောင်း၊ ဇန်နဝါရီလ ၆ရက်နေ့တွင် အထူးအစည်းအဝေးကို ခေါ်ယူမည်ဖြစ်ကြောင်း လွှတ်တော်ရုံးထံမှ သိရသည်။

■ R-11

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# ကဗျာဆရာကြီး ဗန်းမော်ညိုနွဲ့ (၉၄)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲ ကျင်းပ

**ဗန်းမော်၊ ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့ နောင်ခိုကျေးရွာအုပ်စု၊ မင်းလှရပ်ကွက်၊ မင်းလှဘုန်းတော်ကြီးကျောင်းဝင်းတွင် စာရေးဆရာ၊ ကဗျာဆရာကြီး ဗန်းမော်ညိုနွဲ့၉၄ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲကို ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

မင်းလှကျောင်းထိုင်ဆရာတော်လည်းဖြစ်သော စာရေးဆရာ စောဝေညို(ဗန်းမော်)က ဦးဆောင်ကျင်းပပြီး၊ ဆရာကြီး ဗန်းမော်ညိုနွဲ့မှာ နိုင်ငံကျော် ကဗျာဆရာ တစ်ဦးဖြစ်ကာဒေသအကျိုး၊ ပြည်သူ့အကျိုးကိုဆောင်ရွက်ခဲ့ပြီး သူ၏ကဗျာများကိုနောင်လာနောက်သားများ ချစ်ခင်လေးစားတန်ဖိုးထားစေရန် ရည်ရွယ်ကာ ကျင်းပရခြင်းဖြစ်ကြောင်း၊ ယင်းပွဲကိုဆရာကြီး၏ ကျန်ရစ်သူ ဆွေမျိုးသားမြေးများနှင့် တပည့်များ၊ စာပေဝါသနာရှင်များ အပါအဝင် လူ ၄၀ခန့် တက်ရောက်ပြီး ဆရာကြီးရေးစပ်ခဲ့သော ကဗျာများကို ရွတ်ဖတ်ဂုဏ်ပြုခဲ့ကြောင်း ပွဲဖြစ်မြောက်ရေးတွင် ပါဝင်သူစာရေး ဆရာ ထွန်းကြိုင် (နောင်ခို)က ပြောကြားသည်။

ကဗျာဆရာကြီး ဗန်းမော်ညိုနွဲ့သည် ဒုတိယကမ္ဘာစစ်အတွင်း အာရှလူငယ်အဖွဲ့တွင် ဗန်းမော်မြို့နယ် ရွှေကျီးနားကျေးရွာအာရှလူငယ်အဖွဲ့ ခေါင်းဆောင်၊ ဗန်းမော်မြို့နယ် အာရှလူငယ်အစည်းအရုံး လက်ရေးစာစောင် အယ်ဒီတာ၊ ဒုတိယကမ္ဘာ စစ်အပြီး ပြည်သူ့ရဲဘော်တပ်ဖွဲ့ ကျေးလက်တာဝန်ခံ၊ မြို့နယ် ဖဆပလအဖွဲ့ အတွင်းရေးမှူး ၁၉၅၄ မှဖျက်သိမ်းသည် အထိ၊ ကျောင်းဆရာများ အစည်းအရုံး (ဗန်းမော်)အတွင်းရေးမှူး ၊ ၁၉၇၄-၇၆ ဗန်းမော်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဗန်းမော်မြို့နယ်စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ၊ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင် ဗန်းမော်မြို့နယ် ကိုယ်စားလှယ်အဖြစ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံရပြီး နောက်ပိုင်းတွင် ၎င်း၏ကဗျာများ ပုံနှိပ်ဖော်ပြခွင့် ပိတ်ပင်ခံရသည်။

ဆရာကြီးသည်ကဗျာပုဒ်ရေ ၁၀၀၀ ကျော်ကို ရေးသားခဲ့ပြီး ဗန်းမော်ညိုနွဲ့ လက်ရွေးစင်ကဗျာများ(၁၉၆၃)ခုနှစ်နှင့် အနုပညာစာပေဆိုင်ရာဆု(ကလေးသူငယ်ဆိုင်ရာစာပေပထမဆု) ရရှိခဲ့ကြောင်း ၊ ဆရာကြီးမှာ ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၁၂ရက် နံနက် ၁၀နာရီ ၂၀ မိနစ် အသက် ၈၇နှစ်အရွယ်တွင် ဗန်းမော်မြို့ သာစည်ရပ်ကွက် နေအိမ်၌ ကွယ်လွန်ခဲ့ကြောင်း ရာပြည့်ဦးစိုးညွန့်-၂၀ ရာစုမြန်မာစာရေးဆရာ(ဒုတိယတွဲ)အရ သိရသည်။ ■

R-14




# မိုးရွာသတင်းထောက်အသတ်ခံရမှု ကေတီဗီအမျိုးသမီးဝန်ထမ်းများကို ခေါ်စစ်

**မုံရွာ၊ ဒီဇင်ဘာ ၂၈**

မုံရွာအခြေစိုက်သတင်းထောက်ကိုစိုးမိုးထွန်း အသတ်ခံရမှုနှင့် ပတ်သက်၍ မြို့သစ်ရပ်ကွက် Blue Sky ကေတီဗီမှ အမျိုးသမီးဝန်ထမ်းများကို ဒီဇင်ဘာလ ၂၇ ရက်နေ့က မြို့မရဲစခန်းတွင်ခေါ်ယူစစ်ဆေးခဲ့ကြောင်း အဆိုပါစခန်းထံမှ စုံစမ်းသိရှိရသည်။

ယင်းကေတီဗီဆိုင်တွင် ဒီဇင်ဘာလ ၁၂ ရက်နေ့ ည ၈နာရီမှ ၁၁ နာရီခွဲအထိ ကိုစိုးမိုးထွန်းရှိနေခဲ့ကြောင်း စစ်ဆေးချက်များအရ ပေါ်ပေါက်ခဲ့ကြောင်း မြို့မစခန်းမှူး ရဲမှူးသိန်းဆွေမြင့်က ပြောကြားသည်။

သတင်းထောက် ကိုစိုးမိုးထွန်း အသတ်ခံရပြီးနောက် အဆိုပါကေတီဗီမှာ ပိတ်ထားကြောင်း အမှုစစ် ဒုရဲမှူးနိုင်ဝင်းက ပြောဆိုသည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့ ညသန်းခေါင်ယံအချိန်က အဆိုပါ ကေတီဗီဆိုင်နှင့် နှစ်ဖာလုံကျော်အကွာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် ၈၆ မိုင် ၄ ဖာလုံအနီးတွင် သတင်းထောက်ကိုစိုးမိုးထွန်းမှာ ဦးခေါင်းထိပ်တွင် ကွဲကြေဒဏ်ရာနှစ်ချက်၊ ဝဲဘက်မျက်ခုံး ကွဲပြဲဒဏ်ရာ၊ မျက်နှာဖူးရောင်ဒဏ်ရာများဖြင့် သေဆုံးနေခဲ့ကြောင်း ရဲစခန်းမှတ်တမ်းများအရ သိရသည်။

အဆိုပါအမှုကို တိုင်းရဲတပ်ဖွဲ့မှူး၏ အမိန့်ဖြင့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့၍ စစ်ဆေးခဲ့ရာ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ လူ ၄၀ ဦးကိုစစ်ဆေးပြီးကြောင်း မြို့မရဲစခန်းထံမှ သိရသည်။

အဆိုပါ အမှုဖြစ်ပွားပြီးနောက် ဒီဇင်ဘာလ ၁၉ ရက်နေ့ ညနေတွင် ကေတီဗီမှ မန်နေဂျာနှင့် ကြီးကြပ်ရေးမှူးတို့ကို မြို့မရဲစခန်းက ခေါ်ယူစစ်ဆေးခဲ့ပြီး သံသယဖြစ်ဖွယ် တုတ်တစ်ချောင်းကိုလည်း အဆိုပါ မန်နေဂျာနှင့် ကြီးကြပ်ရေးမှူးတို့ နေထိုင်ရာအဆောင် စိန်ပန်းနီလမ်းနှင့် ရတနာလမ်းထောင့်ရှိ Blue Sky ဆိုင်ဟောင်းခေါ် ဝန်ထမ်းများနေထိုင်သည့် အဆောင်တွင် တွေ့ရှိရသဖြင့် ၎င်းတို့ကို ဖမ်းဆီးခဲ့ကြောင်း အဆိုပါ ရဲစခန်းစခန်းမှူး ရဲမှူးသိန်းဆွေမြင့်က ပြောဆိုသည်။ ■ R-08


ဓာတ်ပုံ - ဓေယျာကို

# သံတောင် ဖာလာဈေး မြင့်တက်

**တောင်ငူ၊ ဒီဇင်ဘာ ၂၈**

သံတောင်ဒေသထွက် ချဉ်ပေါင်ဖာလာဈေးမှာ ယခင်က တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ ခန့်သာ ရရှိသော်လည်း ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် တရုတ်ဘက်မှအဝယ် လိုက်လာသောကြောင့် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀ နီးပါးအထိ မြင့်တက်သွားကြောင်း တောင်ငူအခြေစိုက် ဖာလာကုန်သည်ကြီးများထံမှ သိရှိရသည်။

ဖာလာပေါ်ဦးပေါ်ဖျားဖြစ်သော ဩဂုတ်လခန့်က ကရင်ပြည်နယ်မြောက်ပိုင်း သံတောင်ကြီး ဒေသထွက် ဖလာမှာ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ခန့်ဖြင့် ရောင်းချသော်လည်း ရာသီအစတွင် ကျပ် ၁၄၀၀၀ ခန့်အထိ ဈေးရောက်ရှိခဲ့ပြီး ယခုအခါတွင် တရုတ်ဝယ်လက်ကြောင့် တစ်ပိဿာလျှင် ကျပ်၆၀၀၀ မြင့်တက်လာခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

"မနှစ်က ရာသီအပိတ်မှာတောင် ၁၈၀၀၀ ပဲရှိတဲ့ ဖာလာဈေးပြန်ကောင်းလာပေမယ့်ကုန်သည်နဲ့ လှောင်သမားလက်ထဲမှာပဲ ကျန်တော့တဲ့ အချိန်ဆိုတော့ ခြံသမားကတော့ ဒုံရင်းပါပဲ" ဟုသံတောင်ကြီးမြို့နယ် လိပ်သိုလ် ကျေးရွာဘက်မှ ဖာလာခြံလုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ဘောကလိမြို့နယ်ခွဲ၊ လိပ်သိုလ်မြို့နယ်ခွဲများရှိ ကျေးရွာများတွင် ၁၉၉၀ခုနှစ်နောက်ပိုင်း ချဉ်ပေါင်ဖာလာကိုတရုတ်နိုင်ငံက အလုံးအရင်းဖြင့် ဝယ်ယူသည့်နောက် အလေ့ကျပေါက်သော ဖာလာကို အများအပြား စိုက်ပျိုးလုပ်ကိုင်လာကြောင်း၊ တရုတ်ပြည်မကြီး ဈေးကွက်သို့ဖာလာဖြိုင်ဖြိုင်ပေါ်ချိန်တွင် တစ်ရက်ဖာလာပိဿာချိန် ၁၀၀၀၀ ကျော်မှ ၃၀၀၀၀ အထိ တင်ပို့လေ့ရှိသော်လည်း နေ့စဉ်မတင်ပို့နိုင်သေးကြောင်း ဖာလာလုပ်ငန်းရှင်ကြီးများထံမှ စုံစမ်းသိရှိရသည်။ ■

R-15

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# သူနာပြု ဆရာမနှစ်ဦးကို ထိုးကြိတ်သော ရာဇဂြိုဟ်ဆေးရုံ တာဝန်ခံ ဆရာဝန်ကို တိုင်ကြား

**ကလေး၊ ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရာဇဂြိုဟ် ကျေးရွာတိုက်နယ်ဆေးရုံမှ သူနာပြုဆရာမနှစ်ဦးကို ထိုးကြိတ်ကန်ကျောက်ခဲ့သည်ဆိုသော ဆေးရုံတာဝန်ခံဆရာဝန်ကို ဒီဇင်ဘာလ ၂၈ ရက်နေ့က ကလေးမြို့ပြည်သူ့ဆေးရုံကြီးနှင့် စစ်ကိုင်းတိုင်းဒေသ ကြီး ကျန်းမာရေး ဦးစီးဌာနထံ တိုင်ကြားခဲ့ကြောင်း တိုင်ကြားသူ သူနာပြုဆရာမ ဒေါ်နွဲ့နွဲ့ထွေး ကပြောကြားသည်။

အဆိုပါ ဆေးရုံတွင် ဒီဇင်ဘာ ၁၃ ရက်နေ့က လူနာတစ်ဦးကိုဆေးကုသနေစဉ် ဆေးရုံတာဝန်ခံ ဆရာဝန် ဦးမြင့်မိုရ်ကျော်က သူနာပြုဆရာမ ဒေါ်နွဲ့နွဲ့ထွေးကိုခြေထောက်ဖြင့် ကန်ခဲ့ကြောင်း၊ အလားတူ ဒီဇင်ဘာ ၂၀ ရက်နေ့က ဆေးရုံခွဲခန်းအတွင်း လူနာတစ်ဦးကိုဆေးကုသနေစဉ် တာဝန်ခံဆရာဝန်ကသူနာပြု ဆရာမ ဒေါ်ဒီမ်သွဲ့ကျိမ်၏ မျက်နှာကို လက်သီးဖြင့် နှစ်ချက်ထိုးခဲ့သဖြင့် တိုင်ကြားရခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"ကျွန်မတို့ကို ကိုယ်ထိလက်ရောက် စော်ကားခံခဲ့ရတယ်၊ အားနည်းတဲ့မိန်းကလေးကို လက်သီးလက်မောင်းတန်းပြီး စော်ကားခံလိုက်ရတယ်ဆိုတော့ ဘယ်လိုနည်းနဲ့မှတော့ ကျေအေးမပေးဘူး၊ အခုတိုင်ကြားစာပို့ထားတယ်၊ မာမီတွေ၊ စစ္စတာတွေနဲ့ ပြန်တိုင်ပင်ပြီး ရဲစခန်းမှာအမှုဖွင့်သင့်ရင်ဖွင့်မှာ" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်၍ ကလေးခရိုင် ဆေးရုံအုပ်ကြီးရုံးခန်းတွင် တာဝန်ခံ ဆရာဝန်နှင့် သူနာပြုဆရာမနှစ်ဦးကို ခေါ်ယူကာ စစ်ဆေးညှိနှိုင်းခဲ့ကြောင်း၊ ယင်းသို့စစ်ဆေးရာတွင် သူနာပြုဆရာမများ ဘက်ကမကျေအေးပေးနိုင်သောကြောင့် ၎င်းတို့ဆန္ဒအတိုင်းလုပ်ဆောင်ရန် ပြောကြားခဲ့ကြောင်း ကလေးခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမျိုးမင်းက ပြောကြားသည်။

ထိုးနှက် ကန်ကျောက်သည်ဟုဆိုသော ရာဇဂြိုဟ်တိုက်နယ်ဆေးရုံမှ တာဝန်ခံဆရာဝန် ဦးမြင့်မိုရ်ကျော်၏ ဖုန်းနံပါတ်နှစ်လုံးကို ဆက်သွယ်ခဲ့ရာ တစ်လုံးမှာ စက်ပိတ်ထားပြီး တစ်လုံးမှာဖုန်းမှားနေကြောင်း ပြန်လည်ဖြေကြားသည်။ ■

# NEWS IN BRIEF

## ချင်းပြည်နယ် လွှတ်တော်ရုံး ဝက်ဘ်ဆိုက် လာမည့်ဘတ်ဂျက်တွင် လွှင့်တင်မည်

ချင်းပြည်နယ် လွှတ်တော်ရုံး ဝက်ဘ်ဆိုက်ကို လာမည့်ဘတ်ဂျက်တွင် စတင်လွှင့်တင်နိုင်မည် ဖြစ်ကြောင်း ချင်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သန်းက ပြောကြားသည်။

အဆိုပါ ခေတ်နှင့်အညီပါရမည့် ကဏ္ဍတစ်ခုဖြစ်စေရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ပြီး ချင်းပြည်နယ်လွှတ်တော်၏ လုပ်ဆောင်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကွင်းဆင်းဆောင်ရွက်ချက်များကို အများပြည်သူ သိရှိစေရန်၊ လူထု၏ လိုလားချက်များကို အချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရန် ဝက်ဘ်ဆိုက်လုပ်ဆောင်နေကြောင်း၊ ယင်းဝက်ဘ်ဆိုက် တည်ထောင်နိုင်ရန် လွှတ်တော်ရုံးဝန်ထမ်းများ ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ ■ R- 20

# ဖမ်းဝရမ်းထုတ်ခံထားရသည့် ရေပူကျေးရွာမှ တောင်သူသုံးဦး လာအဖမ်းခံ

**တောင်ကြီး၊ ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်တရားရုံးမှ ဖမ်းဝရမ်းထုတ်ထားသည့် ရေပူကျေးရွာနေ တောင်သူသုံးဦးမှာ ဒီဇင်ဘာလ ၂၆ ရက်နေ့က လာရောက်အဖမ်းခံခဲ့ကြောင်း တောင်ကြီးမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အတွင်းရေးမှူး ဦးမောင်မောင်က ပြောကြားသည်။

လာရောက်အဖမ်းခံသည့် တောင်သူ ဦးတိုးအောင်၊ ဦးမြတ်သူနှင့် ဦးပြားတို့မှာ ဒီဇင်ဘာလ ၂၂ ရက်နေ့က တောင်ကြီးမြို့နယ် တရားရုံးတွင် တောင်သူ ၇၂ ဦးကို ထောင်ဒဏ်တစ်လစီ အမိန့်ချမှတ်သည့်နေ့တွင် ရုံးတော်တို့ လာရောက်စစ်ဆေးခံခြင်း မရှိသောကြောင့် တရားခံပြေးအဖြစ် ဖမ်းဝရမ်းထုတ်ခံထားရသူများဖြစ်သည်။

"သူတို့သုံးယောက်က တရားရုံးမှာ အမှုလာရင်မဆိုင်ဘဲ တိမ်းရှောင်နေတာ မဟုတ်ပါဘူး။ အလုပ်ကိစ္စတွေနဲ့ ခရီးလွန်နေတာပါ။ ဖမ်းဝရမ်း ထုတ်ခံရလို့ လက်ရှိထောင်ကျနေတဲ့ တောင်သူ ၇၂ ဦးရဲ့အယူခံတင်လို့မရဘူး။ ဒါကြောင့် သူတို့ကို လာအဖမ်းခံဖို့ ဆက်သွယ်ခဲ့ပြီး အခုတောင် လေးလုံးအကျဉ်းထောင်ကို လွှဲအပ်လိုက်ပါပြီ" ဟု လယ်ယာမြေ ပြန်လည်ရရှိရေး ကူညီဆောင်ရွက်ပေးနေသူ ဦးတင်မောင်တိုးက ဆိုသည်။

ရေပူကျေးရွာမှ တောင်သူ ၈၁ ဦးမှာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က တပ်ပိုင်မြေအတွင်း ကျူးကျော်ဝင်ရောက်သည်ဟုဆိုကာ ပုဒ်မ ၄၄၇/၄၂၇ဖြင့် တောင်ကြီးမြို့နယ်တရားရုံးတွင် တရားစွဲဆိုခံရပြီး လာရောက်အဖမ်းခံခဲ့သည့် တောင်သူသုံးဦး အပါအဝင် တောင်သူ ၇၅ ဦးကို အလုပ်နှင့်ထောင်ဒဏ် တစ်လစီအမိန့်ချမှတ်ခဲ့ကြောင်း၊ အသက် ၇၀ အထက် တောင်သူငါးဦးကို ဒဏ်ငွေကျပ် ၂ သောင်းစီနှင့် အသက်မပြည့်သေးသော ကျောင်းသူတစ်ဦးကို ဒဏ်ငွေကျပ် ငါးရာစီ အသီးသီး အမိန့်ချမှတ်ခဲ့ကြောင်း ယင်းမြို့နယ်တရားရုံးထံမှ သိရသည်။

ဘိုးဘွားပိုင်မြေများ သိမ်းဆည်းခံရပြီး တပ်ပိုင်မြေအတွင်း ကျူးကျော်ဝင်ရောက်သည်ဟုဆိုကာ ရွာလုံးကျွတ်နီးပါးရှိ တောင်သူများ ထောင်ဒဏ် အမိန့်ချခံရမှုနှင့် ပတ်သက်၍ တောင်ကြီးမြို့နယ် တရားရုံး၏ ပြစ်ဒဏ် စီရင်မှုကို ပြန်လည်ပြင်ဆင်ပေးရန် တောင်သူများဘက်က တောင်ကြီးခရိုင် တရားရုံးတွင် အယူခံတင်သွင်းမည်ဖြစ်ကြောင်း ဦးတင်မောင်တိုးက ပြောဆိုသည်။

အဆိုပါ ရေပူကျေးရွာမှ တောင်သူများမှာ သိမ်းဆည်းခံမြေယာများ ပြန်လည်ရရှိရန် ၂၀၁၅ ခုနှစ်က နှစ်ကြိမ် ဆန္ဒထုတ်ဖော်ခဲ့ပြီး တောင်သူ ဦးမြင့်အောင်က သေတမ်းစာရေး၍ ကိုယ့်ကိုယ်ကိုယ်ဓာတ်ဆီလောင်းပြီး မီးရှို့အဆုံးစီရင်ကာ ဆန္ဒထုတ်ဖော်ခဲ့သည်။

ယင်းအပြင် ဒီဇင်ဘာလ ၁၇ ရက်နေ့က ရေပူကျေးရွာမှ NLD ပါတီဝင်များ အပါအဝင် တောင်ကြီးမြို့နယ်မှ NLD ပါတီဝင် ၁၉ ဦးက အစိုးရသစ် လက်ထက်ရောက်ရှိခဲ့သော်လည်း သိမ်းဆည်းခံမြေယာများ ပြန်လည်ရရှိရေးကို လွှတ်တော်အမတ်များက ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ဟုဆိုကာ ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ■R-10

# တောင်ကလေးတွင် ကောက်ရိုးဖြင့် ကရင်တောင်သူကြီး ရုပ်ထုလုပ်

**ဘားအံ၊ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ်၊ ဘားအံမြို့တောင်ကလေး ကျေးရွာအုပ်စု လှာကာကျေးရွာရှိ ကရင်နှစ်သစ်ကူး ပွဲတော်ကွင်းတွင် တောင်ကလေးဆရာတော်၏ ညွှန်ကြားချက်ဖြင့် ကောက်ရိုးဖြင့် ထွင်းပြုလုပ်ထုထားသော ကရင်တောင်သူကြီးရုပ်ကို ပြုလုပ်ထားကြောင်း ဆရာတော်၏ ဒါယိကာမတစ်ဦးထံမှ သိရသည်။

အဆိုပါ ရုပ်တုမှာ အရပ် ၄၅ ပေခန့်ရှိပြီး ကရင်လူမျိုးတို့၏ ရိုးရာဖြစ်သော ကရင်တောင်သူကြီးတစ်ဦး ဆေးတံသောက်ကာ တောင်ယာလုပ်ငန်းမှ ပြန်လာချိန် ဘူးသီး၊ ငှက်ပျောသီး၊ ရွှေဖရုံသီးများပါသော ပလိုင်းကို သယ်ဆောင်လာပုံကို ဖော်ကျူးကာ ပြုလုပ်ခဲ့ကြောင်း၊ ယခင်နှစ်ကနှစ်သစ်ကူး အထိမ်းအမှတ်အဖြစ် ကောက်ရိုးဖြင့် ပြုလုပ်ခဲ့သော သားကောင်ထမ်းထားသော မုဆိုးရုပ်မှာ ဝေဖန်မှုများ ထွက်ပေါ်ခဲ့သောကြောင့် ယခုနှစ်တွင် တောင်ယာမှပြန်လာသော တောင်သူကြီးရုပ်ကို ထွင်းထုခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ■R- 18



ဓာတ်ပုံ – လှိုင်မိုးဦး

# မသန်စွမ်းဘွဲ့ရများကို အလုပ်အကိုင်ဖန်တီးပေးရေး ရခိုင်လွှတ်တော်တွင် အဆိုတင်

**စစ်တွေ၊ ဒီဇင်ဘာ ၂၈**

တက္ကသိုလ်များမှ ဘွဲ့ရရှိထားသည့် မသန်စွမ်းများအလုပ်အကိုင်ရရှိရေး အတွက် စဉ်းစားခန့်အပ်ပေးနိုင်ရန် ရခိုင်ပြည်နယ် အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆိုကို ရခိုင်ပြည်နယ် လွှတ်တော်တွင် တင်သွင်းခဲ့ကြောင်း ဂွမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း မြို့နယ်များတွင် ဘွဲ့ရမသန်စွမ်းများရှိနေသော်လည်း အစိုးရဌာနဆိုင်ရာများတွင် အလုပ်အကိုင်ဝင်ရောက်ရေးမှာ မလွယ်ကူကြောင်း မြောက်ဦးမြို့ရှေ့ဆောင်မသန်စွမ်းအသင်း မှ ဦးထွန်းထွန်းက ပြောဆိုသည်။

ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် ရှိနေသည့် မသန်စွမ်းဘွဲ့ရများအနေနှင့် သူတစ်ပါးမှီခိုကင်းစွာ အစိုးရကရွေးချယ်ခန့်အပ်ပေးနိုင်ရေးအတွက်ရခိုင်ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဒီဇင်ဘာလ ၂၆ ရက်နေ့က ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင်တင်သွင်းခဲ့ပြီး ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များမှ ထောက်ခံခဲ့ကြပြီး ဆက်လက်ဆွေးနွေးသွားကြရန် သဘောတူညီခဲ့ကြကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုးဝင်းကပြောကြားသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၂ ဒသမ ၃ သန်းခန့်မှာ မသန်စွမ်းသူများဖြစ်ကြောင်း ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ သိရသည်။ ■ R-04

# ရိုက်ရဲလားမေးသူ အရိုက်ခံရ၍ သေဆုံး

**မြိတ်၊ ဒီဇင်ဘာ ၂၈**

အရက်အတူသောက်ပြီး စကားများကာ 'ရိုက်ရဲလား' မေးရာမှ လူသတ်မှုတစ်ခု မြိတ်မြို့ သမုတ်ကျေးရွာအုပ်စု လိမ်ကယ်ကျေးရွာတွင် ဒီဇင်ဘာလ ၂၆ ရက်ကဖြစ်ပွားခဲ့ရကြောင်း ယင်းမြို့နယ် ရဲစခန်းမှ သိရသည်။

ယင်းကျေးရွာနေ အမျိုးသားနှစ်ဦးသည်အရက်အတူသောက်ကြပြီး နောက်ပြောင် ကျီစယ်ရာမှ စကားများ ရန်ဖြစ်ကြသည်။

ယင်းသို့ စကားများစဉ် တစ်ဦးက 'မင်းငါ့ကိုရိုက်ရဲလား' ဟု မေးရာ အမေးခံရသူက အနီးရှိ အရှည် ၃ ပေ၊ လုံးပတ် ၃ လက်မခန့်ရှိ ဝါးတုတ်ပိုင်းဖြင့် ဦးခေါင်းနောက်စေ့ကို ၄ ချက်ရိုက်ခဲ့ကြောင်း ရဲစခန်း မှတ်တမ်းအရ သိရသည်။

အရိုက်ခံရသူမှာ ဦးခေါင်းနောက်စေ့တွင် အရှည်တစ်လက်မခန့်၊ အနက်လက်မဝက်ခန့် ကွဲအက်ဒဏ်ရာတစ်ချက်၊ နောက်စေ့အောက်တွင် ဖူးရောင်ဒဏ်ရာ ၂ ချက်ရရှိခဲ့ပြီး မြိတ်ဆေးရုံကြီးတွင် သေဆုံးသွားခဲ့ကြောင်း မြိတ်မြို့ရဲစခန်းမှ သိရသည်။

လက်ရှိတွင် ဝါးတုတ်ပိုင်းဖြင့် ရိုက်ခဲ့သူအား သမုတ်ရဲစခန်းက (ပ)၀၈/၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း ယင်းရဲစခန်းမှ သိရသည်။

■

**Dawei Watch**

# တွင်းငယ် ရဲစခန်းမှူးနှင့် အုပ်ချုပ်ရေးမှူးတို့ကို အရေးယူပေးရန် တိုင်စာပို့

**သပိတ်ကျင်း၊ ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်စခန်းမှူးနှင့် အုပ်ချုပ်ရေးမှူးတို့ကို ထိရောက်စွာ အရေးယူပေးရန် နေပြည်တော် အစိုးရအဖွဲ့တာဝန်ရှိသူများထံ ဒီဇင်ဘာလ ၂၆ ရက်က တင်ပြတိုင်ကြားစာပေးပို့ထားကြောင်း တွင်းငယ်ကျေးရွာမှ တိုင်ကြားထားသူများက ပြောကြားသည်။

ကျေးရွာတွင် တာဝန်ထမ်းဆောင်နေသော ရဲအရာရှိ၊ အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ တရားမဝင်ကျွဲ၊ နွားမှောင်ခိုများ သယ်ယူကြသည်ဟုဆိုကာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးသို့ တင်ပြတိုင်ကြားထားသော်လည်း အရေးယူဆောင်ရွက်ခြင်း မရှိသည့်အတွက် ယခုကဲ့သို့ထပ်မံတင်ပြတိုင်ကြားခြင်းဖြစ်ကြောင်း ၎င်းတို့၏အဆိုအရ သိရသည်။

"ဥပဒေအလွဲသုံးစားလုပ်ပြီး မတရားအမှုဆင်ဖမ်းခဲ့တဲ့ကိစ္စပါ။ ရှင်းရှင်းပြောရရင် ရဲတပ်ဖွဲ့နဲ့ အုပ်ချုပ်ရေးမှူးတွေ ပူးပေါင်းပြီး တရားမဝင်သယ်ဆောင်နေကြတာကို ကျွန်တော့်ညီက ဖမ်းဆီးအပ်နှံခဲ့လို့ အမှုပြန်ဆင်ခံရတာ" ဟု တိုင်တန်းသူ ဦးသောင်းခိုင်က ဆိုသည်။

ဧပြီလ ၂၆ ရက်နေ့ညက ကျွဲများတင်ဆောင်လာသော အုပ်ချုပ်ရေးမှူး၏ မော်တော်ယာဉ်ကို ၎င်း၏ ညီက အသိသက်သေများဖြင့် ကျေးရွာရဲစခန်းသို့ အပ်နှံခဲ့ရာ ယာဉ်ပေါ်မှ ကျပ်သိန်း ၅၀ ပျောက်ဆုံးသည်ဟုဆိုကာ အမှုဆင်ဖမ်းဆီးခဲ့သည့်အတွက် နစ်နာခဲ့ရကြောင်း ၎င်းက ရှင်းပြပြောဆိုသည်။

"အုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို တရားမဝင်မှောင်ခိုလုပ်ငန်းတွေမှာ ပါဝင်ပတ်သက်မှုမရှိဖို့၊ တရားမဝင်လုပ်ငန်းတွေ ဖမ်းဆီးဆောင်ရွက်ဖို့လည်း ညွှန်ကြားစာတွေ အကြိမ်ကြိမ်ထုတ်ထားပါတယ်။ ဒါတွေလိုက်နာမှုမရှိတဲ့ အုပ်ချုပ်ရေးမှူးတွေကို တော့အရေးယူဆောင်ရွက်သွားမှာပါ" ဟု သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ဆိုသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ နေပြည်တော်အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များ၊ တာဝန်ခံချက်များကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်ထံသို့ လိပ်မူကာ နေပြည်တော်ရဲချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီးရဲမှူးအပါအဝင် သက်ဆိုင်ရာအစိုးရအဖွဲ့အကြီးအကဲများ အစရှိသည့် ၂၁ ဌာနသို့တင်ပြတိုင်ကြားထားကြောင်း တိုင်ကြားသူများထံမှ စုံစမ်းသိရှိရသည်။

■ **R-05**

# လင်မယားချင်း စိတ်ဆိုး၍ ကိုယ့်ကိုယ်ကိုယ် မီးရှို့

**ဟင်္သာတ၊ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ ဥယျာဉ်တောင်ရပ်ကွက် ဦးစိန်တာလမ်းတွင် ဒီဇင်ဘာ လ ၂၇ ရက် နံနက် ၁ နာရီခွဲက လင်မယားချင်း စိတ်ဆိုးကာ မိမိကိုယ်ကိုယ် မီးရှို့ရာမှ လင်မယားနှစ်ဦးလုံး မီးလောင်ခဲ့ကြောင်း ဟင်္သာတမြို့မ အမှတ်(၁) ရဲစခန်းထံမှ သိရသည်။

အသက် ၂၅ နှစ်အရွယ် ခင်ပွန်းက အသက် ၁၉ နှစ်အရွယ် ဇနီးနှင့် စကားများ ရန်ဖြစ်ခဲ့ကြောင်း၊ ယင်းနောက် အိမ်ရှေ့တွင် ရပ်ထားသော ဆိုင်ကယ်ထဲမှ ဓာတ်ဆီကို ထုတ်ကာ ခင်ပွန်းက ခန္ဓာကိုယ်ပေါ်လောင်းကာ မီးရှို့ခဲ့သဖြင့် တစ်ကိုယ်လုံး မီးလောင်ခဲ့ပြီး ဇနီးသည်ကိုပါ မီးစွဲလောင်ခဲ့ကြောင်း၊ မီးလောင်ဒဏ်ရာကြောင့် ခင်ပွန်းသည်မှာ ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေပြီး အသက်အန္တရာယ် စိုးရိမ်ရကာ ဇနီးသည်မှာ ကျောကုန်းတွင် မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဆိုင်ကယ် ကယ်ရီဆွဲရာမှပြန်ရောက်လာသည့် အမျိုးသားက မိဘအိမ်တွင် တီဗီကြည့်နေသည့် ဇနီးသည်ကို သွားခေါ်ပြီးနောက် စကားများရန်ဖြစ်ကာ မီးရှို့ခဲ့ကြောင်း၊ ဝန်းကျင်နေသူများက အော်သံကြားသဖြင့် ထွက်ကြည့်ရာ အမျိုးသား၏ တစ်ကိုယ်လုံး မီးလောင်နေပြီး ရေစည်ပိုင်းအတွင်း ရေစိမ်နေသည်ကို တွေ့ရကြောင်း၊ ၎င်း၏ဇနီးသည် ခန္ဓာကိုယ်တွင် မီးစွဲလောင်နေသဖြင့် ပတ်ဝန်းကျင်နေသူများက ရေဖြင့်ဝိုင်းပက်ပေးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ၏ ထွက်ဆိုချက်များကို ကိုးကား၍ ရဲအရာရှိက ပြောကြားသည်။

မီးရှို့မှုနှင့်ပတ်သက်၍ ယင်းအမျိုးသားကို ရာဇသတ်ကြီးပုဒ်မ ၄၃၅/ ၃၀၉ဖြင့် အမှုဖွင့်ထားကြောင်း ဟင်္သာတမြို့မ အမှတ် ၁ ရဲတပ်ဖွဲ့စခန်းထံမှ သိရသည်။

■ **R- 13**

# လှိုင်သာယာတွင် မူးယစ်ဆေးများ ဖမ်းမိ

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ အောင်မင်းခေါင် (၃)လမ်းရှိနေအိမ်တစ်ခုတွင် ဒီဇင်ဘာလ ၂၇ရက် နံနက်ပိုင်းက မူးယစ်ဆေးသုံးစွဲနေသော အသက် ၃၅ အရွယ် အမျိုးသားတစ်ဦးကို မူးယစ်ဆေးဝါးများနှင့် အတူ ဖမ်းမိခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ ဆေးပြားနှင့်ဓားလက်နက်တို့ဖြင့် ဖမ်းမိခဲ့သောအမျိုးသားကို ရပ်ကွက်ပြည်သူအချို့၏ သတင်းပေးတိုင်ကြားမှုကြောင့် ရဲတပ်ဖွဲ့မှ သွားရောက်စစ်ဆေးစဉ် ၎င်းကို နေအိမ်အပေါ်ထပ်တွင် တွေ့ရှိခဲ့ပြီး မသင်္ကာသဖြင့် လိုက်လံရှာဖွေရာမှ ဗီရိုအတွင်းမှ စိတ်ကြွဆေးပြား ၁၂ ပြားနှင့် အိပ်ရာခုတင်အောက်ရှိ ဓားအရှည်အတို နှစ်လက်အပါအဝင် လုံ့ရှည်တစ်လက်တို့ကို သိမ်းဆည်းရရှိခဲ့ကြောင်း လှိုင်သာယာမြို့မ ရဲစခန်းမှ ရဲအရာရှိ တစ်ဦးက ပြောကြားသည်။

ယင်းသို့ မူးယစ်ဆေး၊ လက်နက်များတွေ့ရှိခဲ့သော အမျိုးသားကိုလှိုင်သာယာမြို့မရဲစခန်းက (ပ) ၃၁/ ၂၀၁၆၊ မူးယစ် ပုဒ်မ၁၅/ ၁၆(ဂ) နှင့် မူးယစ်ဆေးနှင့် လက်နက်ပူးပေါင်းတွေ့ရှိမှု ပုဒ်မ ၂၂(ခ) တို့ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်းယင်း မြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

**J -17**

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

The VOICE Daily

CARTOON



ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။ အယ်ဒီတာ

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၃၇)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**


ဓာတ်ပုံ-မြင့်မိုးညို

မိဘဖြစ်တဲ့သူ အသည်းအသန်ဖြစ် သေမယ်မို့လို့သွားတာ မှားသလား။ ယောက္ခမဖြစ်တဲ့သူ အသည်းအသန်ဖြစ်တာကို သမက်က မလိုက်ချင်တာ မှန်သလား လိုက်သွားတာမှန်သလား။ မလိုက်ချင်တာမှားသလား လိုက်သွားတာမှားသလား။ အရောင်းအဝယ် ပွဲပျက်သွားတာ မှားသလား မှန်သလား။ ဘယ်ဟာကို အမှန်ခေါ်တာလဲ။ ငယ်ကတည်းက အဲ့ဒါတွေးမိတယ်။ ဒါကြောင့်မို့ ပြောပြခဲ့ပါတယ်။ လူငယ်ဟာ လူငယ်လိုတွေးတာ သဘာဝ။ လူကြီးဟာ လူကြီးလိုတွေးတာ သဘာဝ။ လူငယ်ဟာ လူကြီးလိုတွေးတတ်လာရင် ကောင်းသလို လူကြီးဟာ လူငယ်လိုတွေးနေရင် ကောင်းမကောင်းလည်း စဉ်းစားစရာ ဖြစ်လာတယ်။ အဲ့ဒီတော့ ကိုယ်ဘယ်နေရာက ဝင်ကြည့်မလဲ။ အသည်းအသန်ဖြစ်တယ်လို့ ကြေးနန်းရိုက်လိုက်တဲ့သူနေရာက ဝင်ကြည့်မလား။ အဲ့ဒီ အဖေကြီးအဘလို့ခေါ်တဲ့ ယောက္ခမကြီး နေမကောင်းတဲ့သူနေရာဝင်ကြည့်မလား။ ကိုယ် နေမကောင်းရင် ငါ့ခေါ်ပေးပါဆိုတာမျိုး ကိုယ်ပြောမလား။ သမီးနေရာက ဝင်ကြည့်မလား သမက်နေရာက ဝင်ကြည့်မလား။ ဘယ်ဟာက မှန်တာလဲ။ အခုတစ်သက်လုံးကို စိတ်ထဲမှာ မကျေတဲ့ ခာတ်ကလေး ရှိသွားတယ်။ မကျေတဲ့ သဘောလေးရှိသွားတာဟာ ပွဲပျက်သွားလို့တဲ့။ သေလည်းမသေဘဲနဲ့ ခေါ်တယ် အသည်းအသန်ဆိုပြီးတော့။ သေရင်ရောပွဲပျက်တာကို လက်ခံမှာလား။

အများကြီးပဲ ဘုန်းဘုန်းငယ်တုန်းက ကိုယ့်ဦးနှောက်နဲ့တောင် ကိုယ်မဆံ့ပါဘူး။ ကိုယ့်စိတ်နဲ့တောင်ကိုယ့်အတွေးနဲ့က ဘယ်လိုမှမတန်ဘူး။ အဲ့ဒါတွေ တွေးမိနေတယ်။ အဲ့ဒါတွေကြုံမိနေတယ်။ ဘုန်းဘုန်း အဲ့ဒီအရွယ်ကတည်းက တစ်နေရာစီ ဝင်ကြည့်တယ်။ တကယ်ပွဲပျက်ပြီး စီးပွားအဆင်မပြေသွားဘူး။ ရသင့်တဲ့အမြတ်မရဘူး ပွဲခမရဘူးဆိုရင်။ ဒါပြောတဲ့သူကတော့ မှန်တယ်ထားဦးတော့ တကယ်လို့ ဒီလိုဖြစ်သွားတဲ့ ဖြစ်စဉ်ကြီးမှာ ပွဲမပျက်ဘူး အရောင်းအဝယ်ဖြစ်တယ် ဆိုရင်ရောနေမကောင်းဖြစ်လို့ သွားတာကို အပြစ်ပြောဦးမလား။ ဘုန်းဘုန်းတွေးခဲ့တာ အဲ့ဒီအရွယ်က တွေးခဲ့တာ။ မှားတယ် မှန်တယ်ဆိုတာ ဘယ်လိုဆုံးဖြတ်ကြတာတုံး။ မှားတယ်မှန်တယ်ဆိုတာ ဘာနဲ့ဆုံးဖြတ်ကြတာတုံး။ အမှား အမှန်ကို အဖြေကြည့်ပြီး ဆုံးဖြတ်တာလား။ အမှား အမှန်ကို အကြောင်းအရာကြည့်ပြီး ဆုံးဖြတ်တာလား။ ဘုန်းဘုန်း တွေးခဲ့တာပါ။ ကြုံဖူးကြမှာပဲ တွေ့ဖူးကြမှာပဲ။ ဒီကိစ္စတွေမှ မဟုတ်ဘူး ကိုယ်နဲ့ဆိုင်ရာဆိုင်ရာကိစ္စတွေ ကြုံဖူးမှာ တွေ့ဖူးမှာပဲ။ ဒီလိုမျိုးမဟုတ်ပေမယ့် ဒီလိုပုံစံမျိုး ဒီလိုအကြောင်းအရာတွေ။ တစ်ခါတလေကျတော့ ကိုယ်နဲ့ထိပ်တိုက်တွေ့ပြီးတော့ ကိုယ့်ကို မင်းလုပ်တာမှားတယ်လို့ ပြောခံရတာမျိုးတွေလည်း ရှိပါတယ်။ အမှား အမှန်ဆိုတာ ဘာနဲ့ဆုံးဖြတ်သလဲ။ အဖေ့အသက်သေမှာမို့လို့ သွားတာမှားသလား။ ယောက္ခမလည်းအဖေပဲ အဖေ့အသက်သေမှာမို့လို့သွားတာ မှားသလား။ ဒီပွဲပျက်သွားတာ မှားသလား။ ဘယ်ဟာကို မှားတာလဲ။

ပြောလို့သာ ပြောတာပါ။ ဘုန်းဘုန်းငယ်တုန်းက အဲ့ဒီအရွယ်တုန်းက အဖြေရှာမရတာကြီး။ ဒါကြီးကြုံလိုက်တဲ့အခါမှာ ဘဝဖြောင့်ကြောင်း တစေ့တစောင်းဒါကြီးကို ငါဘယ်လို ဆုံးဖြတ်ခဲ့လို့ ဘယ်လိုအမှန်တရားကို သိခဲ့လို့ ငါ့ဘဝကြီး ဘယ်လိုဖြောင့်လာတယ်လို့ ပြောလို့မရတော့ဘူး။ ကိုယ်ကိုယ်တိုင် အဖြေမထွက်ဘူး။ ဘယ်ဟာကို အမှန်တရားလဲ။ ဘယ်ဟာကို အမှားလဲ။ ဘယ်သူမှန်သလဲ ဘယ်သူမှားသလဲ။ အကြောင်းအရာတစ်ခု ပေါ်တိုင်းပေါ်တိုင်းဟာ ဘယ်သူက အမှားအမှန်ဆုံးဖြတ်မှာလဲ။ ဘယ်ပေါ်မူတည်ပြီး ဆုံးဖြတ်မှာလဲဆိုတာ အဲ့ဒီအရွယ်က ဘယ်လိုမှ အဖြေမထွက်ခဲ့ဘူး။ ကြုံဖူးကြမှာပါ။ ဘာမဟုတ်တဲ့ ပစ္စည်းလေးတစ်ခု ကိုယ်အထားမှားတာနဲ့ ဘာမဟုတ်တာလေးနဲ့ ကိုယ်က အပြင်ထွက်သွားမိတာနဲ့ ကိုယ်ကသာ ဘာမဟုတ်တာလေးလို့ ပြောတာ။ ရလာတဲ့အဖြေက ဆုံးရှုံးမှုကြီးဖြစ်တယ်ဆိုရင် ကိုယ် ဘာမှမဟုတ်ဘူး ထင်လောက်တဲ့ဟာကိုအမှားသတ်မှတ်ချင် သတ်မှတ်ပစ်တာ။ တော်တော်ဆိုးတယ်လို့ သတ်မှတ်ရင် သတ်မှတ်ပစ်တာ။ ဒါဖြင့်လောကကြီးမှာ အဖြေကောင်းဖို့ပဲ အဓိကကျနေသလား။ ငယ်ကတည်းက အဲ့ဒါလေး စဉ်းစားခဲ့တယ်။ အဖြေကောင်းဖို့ပဲ ဂရုစိုက်သလား။ အဖြေကောင်းဖို့အရေးကြီးတာလား လုပ်ရပ်ကောင်းဖို့ အရေးကြီးတာလား။ လုပ်ရပ်ကောင်းတိုင်း အဖြေမကောင်းတာတွေက ရှိတယ်။ လုပ်ရပ်ကောင်းတိုင်း အဖြေကောင်းတာတွေရှိတယ်။ လုပ်ရပ်မကောင်းဘဲနဲ့ အဖြေကောင်းနေကြတာတွေကလည်း ရှိတယ်။ အများကြီး အများကြီးပေါ့ စဉ်းစားစရာတွေ။

ဒါကတော့ အဘနဲ့အကြည်နဲ့ကိစ္စ။ ဒါကတော့ မိသားစုကိစ္စ။ ဒါကတော့ ယောက္ခမနဲ့ သမက်နဲ့ကိစ္စ။ ဒါကတော့ ဆွေမျိုးသားချင်းကိစ္စလို့ လွှဲပြောလို့မရဘူး။ ကိုယ်တွေ့ကြုံခဲ့ရတဲ့ ကိုယ်ကြားနေရတဲ့ ကိုယ်မြင်နေရတဲ့ကိစ္စ။ ဘုန်းဘုန်းအတွက်ကတော့ ဘဝဖြောင့်ကြောင်း တစေ့တစောင်းမှာ ထည့်ပြောရတာက အဲ့ဒီဟာလေးကြုံလိုက်ရတာကိုက ဘုန်းဘုန်းမှာ စဉ်းစားဉာဏ်တွေတိုးလာတယ်။ ဟိုဘက်ကလည်းနေပြီး စဉ်းစားတတ်လာတယ်။ ဒီဘက်ကလည်းနေပြီး စဉ်းစားတတ်လာတယ်။ ဟိုလိုလည်းနေပြီး စဉ်းစားတတ်လာတယ်။ ဒီလိုလည်းနေပြီး စဉ်းစားတတ်လာတယ်။ အဲ့ဒါသည်ပင်လျှင် ဘုန်းဘုန်းအတွက် အရည်အချင်း တိုးလာတာပဲ။ အကြောင်းအရာတစ်ခုပေါ်ရင် အဲ့ဒီလိုမျိုးလေး စဉ်းစားတတ်စေချင်တာ။ အဲ့ဒီလိုမျိုးလေးတွေ စဉ်းစားမိအောင်ကြိုးစားစေချင်တာ။ မစဉ်းစားဘဲနဲ့ ပြီးပြီးရော သူများမှားအေးဟုတ်တာပေါ့ မှားတယ်။ သူများမှန် အေး ဟုတ်တာပေါ့ မှန်တယ်ဆိုရင် မှားတယ်ပြောတဲ့သူဘက်လိုက် မှားတယ်ထင်ကုန်ရော။ မှန်တယ်ပြောတဲ့သူဘက်လိုက် မှန်တယ်ထင်ကုန်ရော။ ကိုယ့်ဟာကိုယ်ပိုင်းပိုင်းခြားခြားနဲ့ စဉ်းစားတတ်တဲ့ အကျင့်မရှိတော့စဉ်းစားတတ်တဲ့ အလေ့မရှိတော့ မစဉ်းစားတတ်တော့လေယူရာယိမ်းတဲ့ဝါးပင်လိုဟိုယိမ်းဒီယိမ်း ဖြစ်ကုန်ရော။ အကြည့်ဘက်က ကြည့်တော့လည်း သူမှန်တယ်လေအဖေ့အတွက် သွားတာပဲ။ ပြုစုခဲ့လို့ပဲ မသေတာလားဘာလား တစ်ပိုင်းပေါ့။ အဘဘက်က ကြည့်တော့လည်းပဲ သူမှန်တယ်လေ သူလိုက်မသွားရင် ဒီပွဲပျက်မှာမဟုတ်ဘူး။ ဒီခရီးသာ သူမသွားလို့ရှိရင် စသည်အားဖြင့် ကိုယ့်ဘက်ကကိုယ် မှန်နေကြတာတွေက အများကြီးပဲ။

ဘဝမှာ ကိုယ်ကြုံလာရတဲ့ အကြောင်းအရာပေါ်ဘယ်လိုအမှန်ဆုံးဖြတ်မလဲ။ အမှန်ပေါ်တာ မပေါ်တာခဏထား စဉ်းစားတတ်လာတာကိုက ဘုန်းဘုန်းအတွက်တော့ အကျိုးရှိတယ်။ စဉ်းစားတတ်လာတာကိုက ဘုန်းဘုန်းအတွက် အကျိုးရှိတယ်။ အဲ့ဒီလိုအကြောင်းလေးတွေ တွေ့လာကြုံလာလို့ စဉ်းစားတတ်လာလို့ ဘဝမှာ ပေါ့တီးပေါ့ဆ မနေတတ်တော့ဘူး။ ကြုံလာတဲ့အကြောင်းအရာပေါ်မှာ မစဉ်းစားဘဲနဲ့ ပြီးပြီးရော မလုပ်တတ်တော့ဘူး။ ပြီးပြီးရော မဆုံးဖြတ်တတ်တော့ဘူး။ အဲ့ဒီအသိဟာ ဘုန်းဘုန်းအတွက် ဘဝဖြောင့်တာပဲ။ အဲ့ဒီအတွေ့အကြုံလေးဟာ မှတ်မိတာလေး မှတ်မိတာလေး ပြန်ပြောတာပါ။ အများကြီးပေါ့ပြောလို့မကုန်တာတွေ အများကြီးရှိသေးတယ်။ ဘုန်းဘုန်းအတွက်ကတော့ စဉ်းစားဉာဏ်အားတွေ ကောင်းလာတယ်။ ဟိုဘက်ဒီဘက် မြင်တတ်လာတယ်။ ဟိုဘက်ဒီဘက် ကြည့်တတ်လာတယ်။ ကြုံရမှာပါ တွေ့ရမှာပါ။ ကိုယ်ကိုယ်တိုင် တကယ်ကြုံလာတဲ့အခါကျတော့ ဒီလိုလုပ်သင့်လား မလုပ်သင့်ဘူးလား၊ ဟိုလိုလုပ်သင့်လား မလုပ်သင့်ဘူးလား။ မတိုင်ခင်ကတည်းက ကြိုပြီးတော့ဒီလိုသွားရင် ဒီလိုဖြစ်တတ်တယ်၊ ဒီလိုလုပ်ရင် ဒီလိုဖြစ်တတ်တယ်။ ဒီလိုဖြစ်ရင် မှားလား မှန်လားဆိုတာ ကြိုပြီးတော့ ဆွေးနွေးနိုင်လာတယ်။ ကြိုပြီးတော့ ပြောနိုင်လာတယ်။ နောက်ပိုင်းကျမှ တစ်သက်လုံး အခဲမကျေ နင့်ကြောင့် နင့်ကြောင့်ဆိုတဲ့စိတ်မျိုး ဘုန်းဘုန်းမှာ ပေါ်လေ့မရှိဘူး ဖြစ်လေ့မရှိဘူး။ ဘာဖြစ်လို့တုံးဆို ကြိုစဉ်းစားတတ်လာတယ်။ ကြိုတွေးတတ်လာတယ်။ နှစ်ဦးနှစ်ဖက် သုံးဦးသုံးဖက် လေးဦးလေးဖက်ရှိရင် ကြိုပြီးတော့တိုင်ပင်စည်းဝေးမိလာတယ်။ စကားပြောဆို ဆုံးဖြတ်နိုင်လာတယ်။ ဒီလိုလုပ်ရင်တော့ ဒီလိုဖြစ်နိုင်တယ်နော်။ ဟိုလိုလုပ်ရင်တော့ ဟိုလိုဖြစ်နိုင်တယ်နော်။ ဒီလိုလုပ်လို့ ဒီလိုဖြစ်မှတော့ ဒီလူ့ကို အပြစ်မပြောနဲ့။ ဟိုလိုလုပ်လို့ ဟိုလိုဖြစ်မှတော့ ဟိုလူ့ကို အပြစ်မပြောနဲ့။ ဖြစ်တတ်တာလေးတွေ ကိုယ်ကြိုမြင်လာတယ်။

အဲ့ဒီလိုမျိုးကို ကြိုမြင်လာတဲ့ အလေ့အကျင့်တွေ ရှိလာတာဟာ ဘုန်းဘုန်းဘဝအတွက် ဖြောင့်ပါတယ်ဆိုရင် ဟုတ်ပါတယ် ကြိုမြင်လာတာလည်း ဖြောင့်တာပါပဲ ဘဝ။ ဒီအကြောင်းအရာလေးကို ကြုံခဲ့တာကဘုန်းဘုန်းအတွက် ဘဝဖြောင့်ကြောင်း တစေ့တစောင်းပဲ။ အမှားအမှန်ခဏထား အတွေ့အကြုံကို စဉ်းစားတတ်လာတာကိုက အသိဉာဏ်တိုးပါတယ်။ ပြီးပြီးရောလုပ်တဲ့စိတ် ပြောတဲ့စိတ် ကိုင်တဲ့စိတ် မရှိပါဘူး။ အဲ့ဒါလေးတွေကို နားလည်စေချင်တယ်။ ဒါလေးကိုသဘောပေါက်ပြီးတော့ ဩော် ဒီလိုပါလား။ တို့ဘုန်းဘုန်းငယ်တုန်းက ကိုယ်နဲ့မဆိုင်ဘူး ကိုယ့်မိသားစုကိစ္စ ကိုယ်ဘေးဖယ်လို့ရတယ်။ ကိုယ်နဲ့မဆိုင်ပေမယ့် တွေ့ရမြင်ရကြားရတာတွေကိုကြည့်ပြီးတော့ ဒီလိုစဉ်းစားလာရင်တို့လည်းပဲ တို့တွေ့နေမြင်နေ ကြုံနေတာလေးတွေကိုဒီလိုစဉ်းစားမှုပဲ။ ဒါမှလည်း အန္တရာယ်နည်းတယ်။ အန္တရာယ်ကင်းတယ် အန္တရာယ်လျော့တယ်။ အခက်အခဲမဖြစ်နိုင်ဘူး။ ဖြစ်လာခဲ့တဲ့အပေါ် မူတည်ပြီးတော့လည်းတစ်ယောက်အပေါ်တစ်ယောက်အပြစ်မြင်တာမျိုးလည်းမဖြစ်နိုင်တော့ဘူး။ အစောကြီးကတည်းက ကိုယ်ကကြိုမြင်ကြိုသိနေတာ။ ကဲ သဘောတူ ဒီလိုလုပ်ကြမယ် ဒီလိုဖြစ်နိုင်တယ်နော် ဖြစ်တော့လည်း ဘယ်တတ်နိုင်မတုံး။ ကဲ ဟိုလိုလုပ်ကြမယ်ဟာ ဟိုလိုဖြစ်နိုင်တယ်နော်ဖြစ်တော့လည်း ဘယ်တတ်နိုင်မှာတုံး။ အဲ့ဒီလိုမျိုးအသိအမြင်လေးတွေ ရှိလာရင် အဲ့ဒီသတ္တိတွေကိုကဘဝကိုဖြောင့်စေပါတယ်။ ဒါလေးဟာ ဘဝဖြောင့်ကြောင်း တစေ့တစောင်းပါပဲ။ ဒီဘဝဖြောင့်ကြောင်းတစေ့တစောင်းလေးကို ကြားသိပြီးတော့ ကိုယ်ကြုံတဲ့အပေါ် မူတည်ပြီး ကိုယ့်မိသားစုကိစ္စ၊ ကိုယ့်ရပ်ရွာကိစ္စ၊ကိုယ့်မြို့ကိုယ့်နိုင်ငံကိစ္စမှာ ဒီလိုလုပ်ရင် ဒီလိုဖြစ်တယ်လို့မျှား ကြိုသိပြီးတော့ စီမံခန့်ခွဲ ဆောင်ရွက်နိုင်ရင်ဘယ်သူ့ဘယ်သူ့မှ အပြစ်မမြင်တော့ဘူးတဲ့။ အဲ့ဒါ ဘဝဖြောင့်ကြောင်းပဲ။ ဒီအသိလေးနဲ့ ဆက်လျှောက်နိုင်သဖြင့် ဘဝကိုဖြောင့်ဖြောင့်တန်းတန်း လိုရာခရီးရောက်လိုလားတဲ့ဆန္ဒတွေ ပြည့်တဲ့ သူတော်ကောင်းတွေဖြစ်ကြပါစေကုန်သတည်း။ ■

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

# မစ်ဒယ်ဘရော့နှင့်ပွဲစဉ်ကို ရူနီလွဲချော်ဖွယ်ရှိကြောင်း မော်ရင်ညို အသိပေး

**မန်ချက်စတာ၊ ဒီဇင်ဘာ ၂၈**

မန်ယူနည်းပြ မော်ရင်ညိုသည် လာမည့်ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် မန်ယူနှင့် မစ်ဒယ်ဘရော့တို့ ယှဉ်ပြိုင်ကစားမည့် နှစ်သစ်ကူးနေ့ ပရီးမီးယားလိဂ်ပွဲစဉ်၌ တိုက်စစ်မှူးရူနီ ဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ဖွယ်မရှိကြောင်း အသိပေးပြောကြားလိုက်သည်ဟု Mail Online က ဖော်ပြထားသည်။

အသက် ၃၁နှစ်အရွယ်ရှိ ရူနီသည် မန်ယူက ဆန်းဒါးလန်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ဘောက်ဆင်းဒေးနေ့ ပရီးမီးယားလိဂ်ပွဲစဉ်ကို ပေါင်ဒဏ်ရာကြောင့် လွဲချော်ခဲ့ရပြီး ယင်းပေါင်ဒဏ်ရာမှာ လက်ရှိအချိန်တိုင်သည်အထိ သက်သာပျောက်ကင်းခြင်းမရှိသေး၍ မစ်ဒယ်ဘရော့နှင့် ပွဲစဉ်ကိုပါ ရူနီကဆက်လက်လွဲချော်ရဖွယ်ရှိနိုင်ကြောင်း မော်ရင်ညိုက ရှင်းပြသွားခဲ့သည်။

မော်ရင်ညိုသည် မန်ယူနှင့် ဆန်းဒါးလန်းတို့ယှဉ်ပြိုင်ခဲ့ကြသည့် ဘောက်ဆင်းဒေးနေ့ ပရီးမီးယားလိဂ်ပွဲစဉ်မတိုင်မီ ပွဲကြိုသတင်းစာရှင်းပွဲ၌ ပွဲစဉ်ဇယားကျပ်တည်းလွန်းချိန်တွင် အဓိကကစားသမားများကို အလှည့်ကျသုံးနိုင်စေရန်အတွက် ရူနီကို အနားပေးထားခြင်းဖြစ်သည်ဟု အသိပေးခဲ့ဖူးပြီး ယင်းပြောကြားချက်နှင့် ယခုဖြေဆိုမှုတို့မှာ ရှေ့နောက်မညီဖြစ်နေကြောင်း သတင်းမီဒီယာများက ထောက်ပြထားကြသည်။

မန်ယူသည် လာမည့်ဆောင်းရာသီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ရူနီကို ရောင်းထုတ်လိုက်ဖွယ်ရှိနေပြီဖြစ်ကြောင်း သတင်းများထွက်ပေါ်နေပြီး နည်းပြမော်ရင်ညိုကမူ ရူနီမှာ ၎င်းသဘောကျနှစ်ခြိုက်သည့်ကစားသမားအဖြစ် ယခုအချိန်တိုင်သည်အထိ ရှိနေဆဲဖြစ်ကြောင်း တုံ့ပြန်ပြောကြားထားသည်။

ရူနီသည် လက်ရှိဘောလုံးရာသီတွင် နည်းပြမော်ရင်ညိုလက်အောက်၌ အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ပွဲစဉ်ပေါင်း ၂၂ ပွဲ ပါဝင်ကစားပေးခွင့် ရရှိခဲ့ပြီးဖြစ်ကာ အဆိုပါပွဲစဉ် ၂၂ ပွဲတွင် ရူနီက သုံးဂိုးသာ သွင်းယူနိုင်ခဲ့သည့်အတွက် နည်းပြမော်ရင်ညိုက ရူနီအနေနှင့် ယခုထက်ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသရန် လိုအပ်ကြောင်း သတိပေးခဲ့ဖူးသေးသည်။ ■ E-11



Mail Online

# MNL ပြိုင်ပွဲအတွက် Title Sponsor မရသေး

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီအနေနှင့် ၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ဇန်နဝါရီလ ၁၄ ရက်နေ့တွင် စတင်ကျင်းပမည်သော်လည်း လက်ရှိအချိန်အထိ ပြိုင်ပွဲ၏ Title Sponsor မရသေးကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံမှ သိရသည်။

"စပွန်ဆာ (ထောက်ပံ့ပေးမည့်ကုမ္ပဏီ) တွေနဲ့က စကားပြောနေတဲ့အဆင့်ပဲ ရှိပါသေးတယ်။ ဘယ်သူ့ဆီက ရမယ်ဆိုတာ မပြောနိုင်သေးဘူး။ ဘယ်ကုမ္ပဏီတွေနဲ့ စကားပြောနေတယ် ဆိုတာကတော့ အခုချိန်မှာ မပြောနိုင်ပါဘူး။ လက်ရှိအချိန်မှာ ဆွေးနွေးနေဆဲ အနေအထားမှာပဲ ရှိနေသေးလို့ပါ"ဟု မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြောကြားခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် ၂၀၁၅ ခုနှစ် ရာသီဝက်မှ ၂၀၁၆ ခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်အထိ စပွန်ဆာပေးခဲ့သော ပြည်ပဆက်သွယ်ရေး အော်ပရေတာ အူရီဒူးနှင့် စာချုပ်သက်တမ်း ထပ်မံမတိုးခဲ့သောကြောင့် လက်ရှိအချိန်တွင် ပြိုင်ပွဲ၏ Title Sponsor ရှာဖွေနေရခြင်းဖြစ်သည်။

၂၀၁၇ မြန်မာနေရှင်နယ်လိဂ်၏ Title Sponsor အဖြစ် ပြည်တွင်းအခြေစိုက် ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သော MPT ဖြစ်လာနိုင်ကြောင်း သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီအနေနှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမစတင်မီ မြန်မာနေရှင်နယ်လိဂ် ညွှန့်ပေါင်းအသင်းနှင့် ထိုင်းပရီးမီးယားကလပ် ဘူရီယန်အသင်းတို့ ခြေစမ်းကစားရန် စီစဉ်နေသည်။ ■ J-15







# အမ်ခီတာယန်ကို အတုယူရန် မာတီရယ်လ်ကို မော်ရင်ညို တိုက်တွန်း

**မန်ချက်စတာ၊ ဒီဇင်ဘာ ၂၈**

မန်ယူနည်းပြ မော်ရင်ညိုသည် အသင်း တိုက်စစ်တောင်ပံကစားသမား မာတီရယ်လ်ကို အမ်ခီတာယန်အား နမူနာယူ၍ ပွဲထွက်ခွင့်အာမခံချက်အတွက် စွမ်းဆောင်ရည်ကောင်းများကို ထုတ်ဖော်ပြသစေလိုကြောင်း တိုက်တွန်းပြောကြားလိုက်သည်ဟု Sky Sports က ဖော်ပြထားသည်။

ဆီဗီလာနှင့် ဝက်စ်ဟမ်းတို့သည် လာမည့် ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်၌ မာတီရယ်လ်ကို အငှားခေါ်ယူခွင့်ရနိုင်ရန် ကြိုးပမ်းနေကြပြီး မော်ရင်ညိုကမူ မာတီရယ်လ်ကို အငှားဖြင့် ပြောင်းရွှေ့ခွင့်ပြုမည် မဟုတ်ဟု အသင်းတာဝန်ရှိသူများကို အသိပေးထားပြီးဖြစ်သည်။

မာတီရယ်လ်သည် ယမန်နှစ်ဘောလုံးရာသီ၌ မန်ယူအသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးခဲ့သူကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်ကာ ပြိုင်ပွဲအရပ်ရပ်၌ မန်ယူအတွက် ၎င်းသွင်းယူပေးခဲ့သော သွင်းဂိုးအရေအတွက်မှာ ၁၇ ဂိုးရှိခဲ့သည်။

မာတီရယ်လ်သည် နည်းပြမော်ရင်ညိုလက်အောက်တွင် ၎င်းအတွက် ပွဲထွက်ကစားခွင့်ရရှိချိန် နည်းပါးလွန်းခြင်းကို မကျေမနပ်ဖြစ်နေပြီး မော်ရင်ညိုကမူ ၎င်းအနေနှင့် မာတီရယ်လ်အတွက် လုံလောက်သည့်ပွဲထွက်ကစားခွင့်ပမာဏကို ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း အထောက်အထားများနှင့်တကွ ရှင်းပြထားသည်။

SFR Sport သတင်းဌာနနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "ဒီနှစ်ဘောလုံးရာသီက လူတိုင်းအတွက် ခက်ခဲလွန်းနေပါတယ်။ နေရာတစ်ခုအတွက် ကစားသမားနှစ်ယောက်၊ သုံးယောက်လောက်ရှိနေတာကြောင့် အားလုံးသူကို အခွင့်အရေးပေးကြည့်ရမှာပါပဲ။ မာတီရယ်လ်၊ မာတာ၊ အမ်ခီတာယန်နဲ့ ရူနီတို့ဟာ ကစားသမားကောင်းတွေပါ။ ဒါပေမဲ့ ကစားသမား တစ်ယောက်တည်းကို ပွဲထွက်လူစာရင်းမှာ လေးပွဲဆက်၊ ငါးပွဲဆက်၊ ခြောက်ပွဲဆက် နေရာပေးဖို့ဆိုတာက မလွယ်လှပါဘူး။ တခြားကစားသမားတွေကလည်း အရန်ခုံကနေပြီး သူတို့အလှည့် ဘယ်တော့ရောက်လာမလဲ ဆိုတာကို စောင့်နေကြသူတွေချည်းပါပဲ။ ကျွန်တော့်မှာ မာတီရယ်လ်ကို အခွင့်အရေးတွေ ဆက်လက်ပေးအပ်သွားဖို့ အစီအစဉ်တွေ ရှိနေဆဲပါပဲ။ လုံလောက်တဲ့အခွင့်အရေးပေးမှုမျိုးတွေကိုလည်း ကျွန်တော်လုပ်ခဲ့ပြီးပါပြီ။ အာဆင်နယ်၊ စပါးတို့လို အသင်းကြီးတွေနဲ့ ကစားခဲ့တဲ့ပွဲစဉ်တွေမှာ သူ့ကို ယုံယုံကြည်ကြည်နဲ့ ကျွန်တော် ထည့်သုံးခဲ့တာပါ"ဟု ပြောကြားသွားခဲ့သည်။

မော်ရင်ညိုသည် အမ်ခီတာယန်ကိုမူ အခွင့်အရေးအတွက် အမြဲတစေ တိုက်ပွဲဝင်နေသူဟု ချီးကျူးသွားခဲ့ပြီး ၎င်းအလိုရှိသည့်အနေအထားမျိုးသို့ ရောက်လာစေရန် လေ့ကျင့်ရေးအစီအစဉ်များတွင် အမ်ခီတာယန်က အလုပ်ဖြင့် သက်သေပြခဲ့သည့်အတွက် လက်ရှိတွင် အမ်ခီတာယန်ကို အသင်းလူစာရင်းက ဖယ်ထုတ်ထားရန် မဖြစ်နိုင်တော့ကြောင်းလည်း မော်ရင်ညိုက အသိပေးသွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "အမ်ခီတာယန်ဟာ မန်ယူကို ပြောင်းရွှေ့ရောက်ရှိလာချိန်က စပြီး ဒီမှာအခြေကျဖို့အတွက် တခြားကစားသမားတွေထက် အများကြီး ပိုမိုရုန်းကန်ခဲ့ရပါတယ်။ သူဖြတ်သန်းခဲ့ဖူးတဲ့နည်းပြတွေနဲ့ ကျွန်တော့်အကြားက ကွာခြားချက်တွေကို နားလည်အောင် ကြိုးစားပြီး သူက တိုက်ပွဲဝင်ခဲ့တာပါ။ အခုဆို ပြင်းပြင်းထန်ထန် အလုပ်ကြိုးစားခဲ့မှုရဲ့ အောင်မြင်မှုအသီးအပွင့်တွေကို သူက ပိုင်ဆိုင်ခွင့်ရရှိနေပါပြီ။ မာတီရယ်လ်ကိုလည်း အမ်ခီတာယန်ကို အတုယူဖို့ တိုက်တွန်းချင်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# ဖူဆယ်အားကစားနည်းဖွံ့ဖြိုးရေး ဆောင်ရွက်ရန် ပြင်သစ်နိုင်ငံသားနည်းပြနှင့် ဆွေးနွေး

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြရာထူးအပြင် ဖူဆယ်လောက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြင်သစ်နိုင်ငံသားနည်းပြနှင့် ဆွေးနွေးလျက်ရှိကြောင်း မြန်မာနိုင်ငံဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီထံမှ သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေနှင့် လက်ရွေးစင်နည်းပြ ရာထူးအပြင် မြန်မာ့ဖူဆယ်အားကစားလောက တိုးတက်ရေးလုပ်ငန်းများကိုပါ ပူးတွဲဆောင်ရွက်ရန် ပြင်သစ်နိုင်ငံသားနည်းပြနှင့် ညှိနှိုင်းနေခြင်းဖြစ်သည်။

"လစ်လပ်နေတဲ့ နည်းပြရာထူးအတွက် ပြင်သစ်နိုင်ငံသား နည်းပြခန့်ဖို့ရှိတယ်။ သူ့ကို နည်းပြရာထူးအပြင် ဖူဆယ် Development အတွက်ပါ ရည်ရွယ်ထားတာ။ ဇန်နဝါရီထဲမှာလုပ်မယ့်ပွဲမှာ အသင်းကို လေ့လာဖို့ ခေါ်ထားတယ်"ဟု မြန်မာနိုင်ငံဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ပြောကြားသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း နည်းပြရာထူးအတွက် ပြင်သစ်နိုင်ငံသား နည်းပြကို ခန့်အပ်ရန် ရာနှုန်းပြည့်နီးပါး ရှိနေသော်လည်း အသေးစိတ်ညှိနှိုင်းမှုများပြုလုပ်နေပြီး မလေးရှား SEA Games အတွက် ရည်ရွယ်ပြင်ဆင်နေခြင်းဖြစ်သည်ဟု ယင်းကော်မတီနှင့် နီးစပ်သူများထံမှ သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို ပြည်တွင်းနည်းပြ ဦးဌေးမြင့်က ယာယီ တာဝန်ယူထားပြီး ဇန်နဝါရီလအတွင်း ကျင်းပမည့် ၂၀၁၆ ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲကို ဝင်ပြိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းအနေနှင့် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် ၂၀၁၆ ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲ၊ ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲနှင့် ၂၀၁၇ ခုနှစ် အာဆီယံချန်ပီယံရှစ် ဖူဆယ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းကို အီရန်နိုင်ငံသား ဆာအိကနည်းပြအဖြစ် ၂၀၁၃ ခုနှစ်မှစ၍ သုံးနှစ်ကြာတာဝန်ယူခဲ့ပြီး အောင်မြင်မှုများစွာ ရယူပေးနိုင်ခဲ့ခြင်းမရှိဘဲ အမြင့်ဆုံးအဖြစ် ၂၀၁၃ ခုနှစ် SEA Games တွင် စတုတ္ထနေရာသာ ရရှိစေခဲ့သည်။ ■ J-04





Daily Mail

# Globe Soccer Awards ဆုများကို စီရော်နယ်ဒို၊ ကလက်တန်ဘတ်ဂျ်နှင့် ရီးရဲလ်မက်ဒရစ်တို့ ဆွတ်ခူး

**ဒူဘိုင်း၊ ဒီဇင်ဘာ ၂၈**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင်ကျင်းပခဲ့သည့် Globe Soccer Awards ထူးချွန်ဆု ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားတွင် တိုက်စစ်မှူး စီရော်နယ်ဒို၊ ဒိုင်လူကြီး ကလက်တန်ဘတ်ဂျ်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က သက်ဆိုင်ရာကဏ္ဍရပ်အလိုက် ထူးချွန်ဆုများကို အသီးသီးဆွတ်ခူးရရှိသွားခဲ့ကြောင်း Daily Mail က ဖော်ပြသည်။

ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် ၂၀၁၆ ခုနှစ် စွမ်းဆောင်ရည်များအတွက် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိသွားခဲ့ခြင်းဖြစ်ကာ စီရော်နယ်ဒိုမှာ ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ယခုဆုကို တတိယအကြိမ်မြောက်အဖြစ် ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။

Globe Soccer Awards ဆုပေးပွဲအခမ်းအနားကို ၂၀၁၀ ပြည့်နှစ်၌ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင်မူ ဆုပေးပွဲကျင်းပမှုမှာ သတ္တမအကြိမ်မြောက်အထိ ရောက်ရှိလာခဲ့ပြီလည်းဖြစ်သည်။ စီရော်နယ်ဒိုသည် Globe Soccer Awards ဆုပေးပွဲသမိုင်းကြောင်းတစ်လျှောက် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အကြိမ်အရေအတွက် အများဆုံးရရှိသူအဖြစ် စံချိန်တင်ထားပြီး ၎င်း၏ပြိုင်ဘက်ဖြစ်သည့် ဘာစီလိုနာတိုက်စစ်မှူးမက်ဆီမှာ Globe Soccer Awards ဆုကို ၂၀၁၅ ခုနှစ် တစ်ကြိမ်တည်းသာ ရရှိခဲ့ဖူးသည်။

ဒိုင်လူကြီး ကလက်တန်ဘတ်ဂျ်သည် ၂၀၁၆ ခုနှစ်အတွင်း အက်ဖ်အေဖလားဗိုလ်လုပွဲ၊ ချန်ပီယံလိဂ်ဗိုလ်လုပွဲနှင့် ယူရို ၂၀၁၆ ဗိုလ်လုပွဲတို့ကို တာဝန်ယူကိုင်တွယ်ခွင့်ရရှိသည်အထိ အောင်မြင်ခဲ့သည့်အတွက် Globe Soccer Awards တစ်နှစ်တာအကောင်းဆုံးဒိုင်လူကြီးဆုဖြင့် ဂုဏ်ပြုခံလိုက်ရခြင်းဖြစ်ကာ ၂၀၁၆ ခုနှစ်အတွင်း ချန်ပီယံလိဂ်ဖလား၊ ဥရောပဆူပါဖလားနှင့် ကလပ်ကမ္ဘာ့ဖလားတို့ကို ဆွတ်ခူးရယူနိုင်ခဲ့သော ရီးရဲလ်မက်ဒရစ်မှာမူ Globe Soccer Awards တစ်နှစ်တာအကောင်းဆုံးအသင်းဆုကို ရရှိသွားခဲ့သည်။

ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို ဂျူဗင်တပ်မှနေ၍ မန်ယူထံသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးသစ် ပေါင် ၈၉ သန်းဖြင့် ပြောင်းရွှေ့နိုင်စေရန် ကြားဝင်ဆောင်ရွက်ပေးခဲ့သည့် အေးဂျင့် မီနိုရိုင်အိုလာသည် တစ်နှစ်တာအကောင်းဆုံး အေးဂျင့်ဆုကို ရရှိသွားခဲ့ပြီး တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကိုမူ ယူရို ၂၀၁၆ ပြိုင်ပွဲ၌ ပေါ်တူဂီအသင်းအား လက်ရွေးစင်အသင်းသမိုင်းကြောင်းတစ်လျှောက် ပထမဆုံးသောနိုင်ငံတကာအဆင့် အောင်မြင်မှုကို ရယူပေးခဲ့သည့် နည်းပြ ဖာနန်ဒိုဆန်းတိုစ်က ဆွတ်ခူးသွားခဲ့သည်။

၂၀၁၆ ခုနှစ် Globe Soccer Awards ထူးချွန်ဆုပေးအပ်ပွဲတွင် တစ်နှစ်တာအကောင်းဆုံး တရုတ်ကစားသမားဆု တစ်ဆုလည်းပါဝင်ခဲ့ပြီး ယင်းဆုကိုမူ ဆုရွေးချယ်ရေးကော်မတီက ပေးအပ်ချီးမြှင့်ခြင်းမဟုတ်ဘဲ တရုတ်နိုင်ငံအခြေစိုက် အွန်လိုင်းမီဒီယာစီးပွားရေးလုပ်ငန်းစု ဆီနာကော်ပိုရေးရှင်းက တာဝန်ယူပေးအပ်သွားခဲ့ခြင်းဖြစ်သည်။ ■ E-11

**၂၀၁၆ Globe Soccer Awards ထူးချွန်ဆု ရရှိသူများ**

| | |
|---|---|
| တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု | - စီရော်နယ်ဒို(ရီးရဲလ်မက်ဒရစ်) |
| တစ်နှစ်တာအကောင်းဆုံး အသင်းဆု | - ရီးရဲလ်မက်ဒရစ် |
| တစ်နှစ်တာအကောင်းဆုံး နည်းပြဆု | - ဖာနန်ဒိုဆန်းတိုစ်(ပေါ်တူဂီ) |
| တစ်နှစ်တာအကောင်းဆုံး ဒိုင်လူကြီးဆု | - မာ့ခ်ကလက်တန်ဘတ်ဂျ်(အင်္ဂလန်) |
| တစ်နှစ်တာအကောင်းဆုံး အေးဂျင့်ဆု | - မီနို ရိုင်အိုလာ(အီတလီ) |
| တစ်နှစ်တာအကောင်းဆုံး အသင်းဥက္ကဋ္ဌဆု | -ဖလော်ရင်တီနိုပီရက်ဇ်(ရီးရဲလ်မက်ဒရစ်) |
| တစ်နှစ်တာအကောင်းဆုံး ပင်လယ်ကွေ့ဒေသ ကစားသမားဆု | - အက်ဘ်ဒူးလ်ရာမန်း(အယ်လ်အိန်း) |
| တစ်နှစ်တာအကောင်းဆုံး ပင်လယ်ကွေ့ဒေသ အသင်းဆု | - အယ်လ်အိန်း(ဆော်ဒီအာရေဗျ) |
| တစ်နှစ်တာအကောင်းဆုံး အာရပ်ကစားသမားဆု | - မိုဟာမက်ဆားလားဟ်(ရိုးမား) |
| တစ်နှစ်တာအကောင်းဆုံး တရုတ်ကစားသမားဆု | - ဇန်ဇီ(ဂွမ်ဇူးအဲဗားဂရန်ဒီ) |
| တစ်နှစ်တာအကောင်းဆုံး အထူးဆု | - ယူနိုင်းအမ်မရီ(ပီအက်စ်ဂျီနည်းပြ) |

# ဂျန့်ခ်ပရိသတ်များကို အန်ဒီဒီနှုတ်ဆက်၊ လက်စတာသို့ အပြောင်းအရွှေ့ဖြစ်ခဲ့ပြီဟု အတည်ပြု

**လန်ဒန်၊ ဒီဇင်ဘာ ၂၈**

ဘယ်လ်ဂျီယံကလပ် ဂျန့်ခ်အသင်းကွင်းလယ်ကစားသမား ဝီလ်ဖရက်ဒ် အန်ဒီဒီသည် ဂျန့်ခ်က ဂျန့်တ်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ဘယ်လ်ဂျီယံအမှတ်ပေးပွဲစဉ်အပြီးတွင် ဂျန့်ခ်အသင်းပရိသတ်များကို နှုတ်ဆက်ကာ ၎င်းအနေနှင့် ပရီးမီးယားလိဂ်ကလပ် လက်စတာထံသို့ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်းကို အတည်ပြုပြောကြားသွားခဲ့သည်ဟု Mail Online က ဖော်ပြထားသည်။

လက်စတာသည် လွန်ခဲ့သည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် ချယ်လ်ဆီးထံသို့ ပြောင်းရွှေ့ထွက်ခွာသွားခဲ့သည့် ကန်တီ၏ကွက်လပ်ကို အစားဖြည့်ရန်အတွက် အန်ဒီဒီကို ခေါ်ယူလိုက်ခြင်းဖြစ်ကာ အန်ဒီဒီမှာ အသင်းထံသို့လာရောက်၍ ဆေးစစ်မှုများ ခံယူပြီးစီးသွားခဲ့ပြီလည်းဖြစ်ကြောင်း လက်စတာက သတင်းထုတ်ပြန်ထားသည်။

လက်စတာသည် အန်ဒီဒီအပြောင်းအရွှေ့အတွက် ဂျန့်ခ်ကို ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၅ သန်း ပေးချေသွားရလိမ့်မည်ဖြစ်ကာ အန်ဒီဒီ၏နေရာကို အစားဖြည့်ရန် နော်ဝေကလပ် ဗယ်လာရင်ဂါအသင်းတွင် ပါဝင်ကစားနေသည့် အသက် ၁၈ နှစ်အရွယ် လူငယ်ကွင်းလယ်ကစားသမား ဆန်းဒါးဘာဂျီကို ဂျန့်ခ်က ပြန်လည်ခေါ်ယူထားပြီးဖြစ်သည်။

လက်စတာနည်းပြ ရာနီရေးရီသည် လွန်ခဲ့သည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် ကန်တီနေရာကို ပြန်လည်အားဖြည့်ရန်အတွက် ပြင်သစ်လီဂူးကလပ်နိုက်စ်အသင်း ကွင်းလယ်ကစားသမား မင်ဒီကို ခေါ်ယူခဲ့ပြီး မင်ဒီမှာ လက်ရှိအချိန်တွင် ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေရသည့်အတွက် လက်စတာက အခက်ကြုံနေရလျက်ရှိသည်။

နည်းပြရာနီရေးရီသည် အသက် ၂၀ အရွယ်သာရှိသေးသော အန်ဒီဒီကို အသင်းအတွက် ရေရှည်အသုံးဝင်နိုင်မည့် ကစားသမားတစ်ဦးဟု ရည်ညွှန်းထားပြီး အသင်းကို လက်ရှိအခြေအနေဆိုးများမှ ရုန်းထွက်နိုင်စေရန် အန်ဒီဒီက အကောင်းဆုံး ပံ့ပိုးကူညီပေးနိုင်လိမ့်မည်ဟုလည်း ရာနီရေးရီက အခိုင်အမာ ယုံကြည်ထားသည်။

လက်စတာသည် ဘောက်ဆင်းဒေးနေ့ ပရီးမီးယားလိဂ်ပွဲစဉ်တွင် အဲဗာတန်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အရေးနိမ့်လိုက်ရပြီးသည့်နောက်၌ တန်းဆင်းဇုန်နှင့် ရမှတ်သုံးမှတ်သာ ကွာဟတော့သည့် အနေအထားသို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။ ■ E-11



AP

# ဂျိုးဟတ်ကိုခေါ်ယူရန် ဂျာဂင်ကလော့ပ်ကို ကာရေဂါ အကြံပြု

**လီဗာပူး၊ ဒီဇင်ဘာ ၂၈**

လီဗာပူးအသင်း နောက်ခံကစားသမားဟောင်း ကာရေဂါသည် လက်ရှိအသင်းနည်းပြ ဂျာဂင်ကလော့ပ်ကိုဂိုးသမားနေရာအတွက် တိုရီနိုထံသို့ အငှားသွားရောက်ကစားနေရသည့် မန်စီးတီးဂိုးသမား ဂျိုးဟတ်ကို ခေါ်ယူရန် အကြံပြုတိုက်တွန်းလိုက်ကြောင်း Daily Mail က ဖော်ပြထားသည်။

လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်သည် လက်ရှိဘောလုံးရာသီတွင် ဂိုးသမားနေရာ၌ ကာရီးရပ်စ်နှင့် မစ်ဂ်နိုလက်တို့ နှစ်ဦးလုံးကို နေရာပေးအသုံးပြုခဲ့ပြီးဖြစ်ကာ ယင်းဂိုးသမားနှစ်ဦးလုံးမှာ အမှားများ၍ ပေါ့ဆလွန်းသည့်အတွက် ရေရှည်အဆင်ပြေနိုင်လိမ့်မည်မဟုတ်ကြောင်း ကာရေဂါက ထောက်ပြထားသည်။

ကာရေဂါက ဂျိုးဟတ်မှာ မန်စီးတီးနည်းပြ ဂွါဒီယိုလာ စိတ်ကြိုက်မတွေ့သည့် ဂိုးသမားတစ်ဦးဖြစ်နေသည့်အတွက် သင့်တင့်မျှတသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ကို ရရှိမည်ဆိုပါက မန်စီးတီးအနေနှင့် ရောင်းထုတ်လိုက်နိုင်သည်ဟု သုံးသပ်ထားပြီး ကာရီးရပ်စ်နှင့် မစ်ဂ်နိုလက်တို့၏အမှားများမှာ လီဗာပူးကို အချိန်မရွေး ဒုက္ခပေးနိုင်ခြေအပြည့်ရှိကြောင်းလည်း ကာရေဂါက ဝေဖန်သွားခဲ့သေးသည်။

ကာရေဂါသည် လီဗာပူးက စတုတ်စီးတီးကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် စတုတ်စီးတီး တိုက်စစ်မှူး ဝေါလ်တာသွင်းယူသွားခဲ့သည့်ဂိုးမှာ ဂိုးသမားမစ်ဂ်နိုလက်၏ ဘောလုံးဖမ်းယူပုံ မသေသပ်မှုကြောင့် ပေးလိုက်ရခြင်းဖြစ်သည်ဟု ထောက်ပြထားပြီး ရှေ့လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်၏ပြိုင်ဆိုင်မှုမှာ ယခုထက်ပို၍ ပြင်းထန်လာတော့မည်ဖြစ်သဖြင့် ထိပ်တန်းအဆင့် ဂိုးသမားတစ်ဦးကို ပိုင်ဆိုင်ထားမှသာ လီဗာပူးအနေနှင့် အခြေအနေကောင်းနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ကာရေဂါက ဆက်လက် သတိပေးသွားခဲ့သည်။

ကာရေဂါသည် လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်ကို အခွင့်အရေးရမည်ဆိုပါက ဂျိုးဟတ်ကိုခေါ်ယူရန် လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်၌ပင် ကြိုးပမ်းသင့်ကြောင်း တိုက်တွန်းထားပြီး နည်းပြဂွါဒီယိုလာလက်အောက်တွင် အနာဂတ်ပျောက်ဆုံးသွားခဲ့ပြီဖြစ်သော ဂျိုးဟတ်မှာ လီဗာပူးကဲ့သို့ အသင်းကြီးတစ်သင်းသို့ ပြောင်းရွှေ့ကစားခွင့်ကို လက်လွတ်ခံလိမ့်မည်မဟုတ်ဟုလည်း ကာရေဂါက အခိုင်အမာယုံကြည်ထားသည်။ ■ E-11

# စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ကစားသမား တစ်ရာကျော် ယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ကကျင်းပမည့် ၂၀၁၆ ခုနှစ် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ကစားသမားတစ်ရာကျော် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်မှ ၃၁ ရက်နေ့အထိ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်ရုံး ပြိုင်ပွဲခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ကစားသမား ၁၁၀ ဦးခန့် ယှဉ်ပြိုင်ရန် စာရင်းပေးထားသည်ဟု ယင်းအဖွဲ့ချုပ်ရုံးအဖွဲ့မှူး ဒေါ်ဆုအိလှိုင်က ပြောကြားသည်။

“စာရင်းပိတ်မယ့် (ဒီဇင်ဘာ ၂၆) နေ့အထိ စာရင်းပေးထားတဲ့ ကစားသမားအရေအတွက်က ၄၀ ပဲရှိတာ။ အဲဒီနောက်ပိုင်းမှ စာရင်းလာပေးလို့ တစ်ရာကျော်သွားတယ်”ဟု ၎င်းက ရှင်းပြသည်။

အဆိုပါပြိုင်ပွဲတွင် အလွတ်တန်း (အမျိုးသား၊ အမျိုးသမီး) တစ်ဦးချင်းပြိုင်ပွဲများ၊ အမျိုးသားတစ်ဦးချင်း လူသစ်တန်းပြိုင်ပွဲတို့ ကျင်းပမည်ဖြစ်သည်။

အလွတ်တန်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲအတွက် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းချီးမြှင့်မည်ဖြစ်ပြီး အလွတ်တန်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲအတွက် ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်း၊ တတိယဆုကျပ် ငါးသောင်း၊ အမျိုးသား လူသစ်တန်းပြိုင်ပွဲတွင် ပထမဆု ကျပ်တစ်သိန်းခွဲ၊ ဒုတိယဆု ကျပ်တစ်သိန်း၊ တတိယဆုကျပ်ငါးသောင်း ချီးမြှင့်မည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။ ■ J-04

# နည်းပြဘရက်ဒလေကို ဆွမ်ဆီးထုတ်ပယ်

**ကာဒစ်ဖ်၊ ဒီဇင်ဘာ ၂၈**

ဆွမ်ဆီးအသင်း တာဝန်ရှိသူများသည် ဝက်စ်ဟမ်းက ဆွမ်ဆီးကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့်ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် အရေးပေါ်ဒါရိုက်တာဘုတ်အဖွဲ့ အစည်းအဝေးတစ်ရပ်ခေါ်ယူ၍ နည်းပြဘော့ဘ်ဘရက်ဒလေကို ရာထူးက ထုတ်ပယ်ပစ်လိုက်ကြောင်း Daily Star က ဖော်ပြထားသည်။

ဆွမ်ဆီးသည် လွန်ခဲ့သည့် အောက်တိုဘာလ ၃ ရက်နေ့၌ နည်းပြဂွီဒိုလင်ကို ရာထူးကထုတ်ပယ်၍ နည်းပြဘရက်ဒလေကို အစားထိုး ခန့်အပ်လိုက်ခြင်းဖြစ်ကာ ဘရက်ဒလေနေရာ အစားဝင်ရောက်မည့် နည်းပြသစ်မှာ လက်ရှိဘောလုံးရာသီအတွင်း ဆွမ်ဆီးကို တတိယမြောက် တာဝန်ယူခွင့်ရသည့်နည်းပြ ဖြစ်လာတော့မည်ဖြစ်သည်။

ပရီးမီးယားလိဂ်အသင်းတစ်သင်းကို တာဝန်ယူခွင့်ရသည့် ပထမဆုံး အမေရိကန်နည်းပြအဖြစ် သမိုင်းမှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့သော ဘရက်ဒလေသည် ဆွမ်ဆီးနည်းပြအဖြစ် ၈၅ ရက်သာ တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ကာ အသင်းအနေနှင့် အပြောင်းအလဲတစ်ခု အချိန်မီ လုပ်ဆောင်ရန် လိုအပ်နေပြီဟု ဒါရိုက်တာဘုတ်အဖွဲ့ဝင်များက တင်ပြလာခဲ့သည့်အတွက် ဘရက်ဒလေကိုရာထူးထုတ်ပယ်၍ နည်းပြသစ်တစ်ဦး ထပ်မံခေါ်ယူရန် ဆုံးဖြတ်လိုက်ရခြင်းဖြစ်ပါကြောင်း ဆွမ်ဆီးဥက္ကဋ္ဌ ဟျူးဂျန်ကင်းစ်က ရှင်းပြသွားခဲ့သည်။

ဆွမ်ဆီးသည် နည်းပြဘရက်ဒလေ၏ ဦးဆောင်မှုအောက်တွင် ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ၌ ရှုံးပွဲခုနစ်ပွဲအထိ ကြုံဆုံခဲ့ရပြီး လက်ရှိတွင် အလန်ကားတစ်နှင့် ပေါလ်ဝီလျံစ်တို့က အသင်းကို ယာယီနည်းပြရာထူးဖြင့် ခေတ္တတာဝန်ယူထားကြလိမ့်မည်ဖြစ်ကြောင်း ဆွမ်ဆီးက ထုတ်ပြန်ကြေညာထားသည်။

ဆွမ်ဆီးသည် နောက်ဆုံးသုံးနှစ်တာကာလအတွင်း နည်းပြထုတ်ပယ်မှုလေးကြိမ် လုပ်ဆောင်ခဲ့ပြီဖြစ်ကာ ဘရက်ဒလေနေရာကို အစားဝင်၍ ဆွမ်ဆီးနည်းပြသစ်ဖြစ်လာရန် ထိပ်ဆုံးနေရာက ရေပန်းစားနေသည်မှာ မန်ယူလက်ထောက်နည်းပြဟောင်း ရိုင်ယန်ဂစ်ဖြစ်သည်။

ဆွမ်ဆီးသည် လက်ရှိအချိန်တွင် ကစားခဲ့ပြီးသည့်ပရီးမီးယားလိဂ်ပွဲစဉ် ၁၈ ပွဲ၌ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ၁၂ ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၁၂ မှတ်သာရရှိကာ အမှတ်ပေးဇယား၏အဆင့် ၁၉ နေရာသို့ ရောက်နေပြီး တန်းဆင်းဇုန်တိုက်ပွဲ ဆင်နွှဲနေရသည်။

■ E-11


AP

# အေရှိုးဗစ်ပြိုင်ပွဲ ရန်ကုန်တိုင်းအသင်းတံခွန်စိုက်ဆု ဆွတ်ခူး

**ရန်ကုန်၊ ဒီဇင်ဘာ ၂၈**

၂၂ ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ၏တံခွန်စိုက်ဆုကို ရန်ကုန်တိုင်းအသင်းက ရရှိခဲ့ကြောင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ထံမှ သိရသည်။

အဆိုပါပြိုင်ပွဲများကို ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပခဲ့ပြီး အေရိုးဗစ် ကိုးယောက်တွဲအငယ်တန်းပြိုင်ပွဲ၊ အေရိုးဗစ် ကိုးယောက်တွဲ အကြီးတန်းပြိုင်ပွဲ၊ အေရိုးဗစ်သုံးယောက်တွဲပြိုင်ပွဲနှင့် အေရိုးဗစ်တစ်ဦးချင်းစိတ်ကြိုက်စွမ်းရည်ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး အေရိုးဗစ်သုံးယောက်တွဲပြိုင်ပွဲမှအပ ကျန်ပြိုင်ပွဲများတွင် ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်းက ရရှိခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာလ ၂၆ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သော ယခုနှစ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းသည် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် တစ်ခုဖြင့် တံခွန်စိုက်ဆုကို ငါးနှစ်ဆက်တိုက်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်

■ E-04

# TODAY UPDATE NEWS

- အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အဲဗာတန်က လက်စတာကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ဘောက်ဆင်းဒေးနေ့ ပရီးမီးယားလိဂ်ပွဲစဉ်တွင် လက်စတာအသင်းပိုင် ကင်းပါဝါဘောလုံးကွင်းရှိ ထိုင်ခုံများ၌ ဗာဒီမျက်နှာဖုံး သုံးသောင်းထားရှိ၍ ဆန္ဒပြခဲ့ခြင်းအတွက် လက်စတာအသင်းကို အရေးယူသွားမည်မဟုတ်ဟု ထုတ်ပြန်ကြေညာလိုက်ကြောင်း Sky Sports က ဖော်ပြထားသည်။ လက်စတာသည် ဗာဒီ၏အနီကတ်ပြစ်ဒဏ်အတွက် ၎င်းတို့၏အယူခံတင်သွင်းမှု ပယ်ချခံလိုက်ရသည့်အတွက် ယင်းသို့ဆန္ဒပြရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။
- အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လိဂ်ပြိုင်ပွဲအစည်းအရုံးလက်အောက်ခံ မဟုတ်သည့် ဒေသလိဂ်ပြိုင်ပွဲဝင် ဟက်ဒ်နက်စ်ဖို့ဒ်တောင်းအသင်းတွင် ပါဝင်ကစားနေသည့် အသက် ၂၀ အရွယ် တိုက်စစ်တောင်ပံကစားသမား ကိုဟန်ဘရာမောလ်ကိုခေါ်ယူရန် စောင့်ကြည့်အကဲခတ်နေကြောင်း Daily Mail က ဖော်ပြထားသည်။



# လီဗာပူးနှင့် မန်စီးတီးပွဲစဉ်ကို ခရိတ်ဂ်ျပေါဆန်သာ တာဝန်ယူသွားမည်ဟု ဒိုင်ကော်မတီ ဆုံးဖြတ်

**လီဗာပူး၊ ဒီဇင်ဘာ ၂၈**

ပရီးမီးယားလိဂ် ဒိုင်လူကြီးများကော်မတီသည် လာမည့် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လီဗာပူးနှင့် မန်စီးတီးတို့ယှဉ်ပြိုင်ကစားမည့် နှစ်သစ်ကူးနေ့ ပရီးမီးယားလိဂ်ပွဲစဉ်အတွက် ကွင်းလယ်ဒိုင်လူကြီးအဖြစ် ခရိတ်ဂ်ျပေါဆန်ကို ရွေးချယ်ထားခြင်းအား အပြောင်းအလဲလုပ်ရန် အစီအစဉ်မရှိဟု ဆုံးဖြတ်လိုက်ကြောင်း The Mirror က ဖော်ပြထားသည်။

ပရီးမီးယားလိဂ်ဒိုင်လူကြီးဟောင်းတစ်ဦးဖြစ်သည့် ဟောင်းဝပ်ဝက်ဘ်သည် စတုတ်စီးတီးနှင့် လက်စတာတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်၌ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ချင့်ချိန်မှုအားနည်းခဲ့သော ပေါဆန်ကို လီဗာပူးနှင့် မန်စီးတီးပွဲစဉ်အစား အခြားသောပွဲစဉ်တစ်ပွဲကိုပြောင်းလဲတာဝန်ပေးသင့်ကြောင်း ထောက်ပြဝေဖန်ထားပြီး လီဗာပူးနှင့် မန်စီးတီးတို့ပွဲစဉ်ကို ပွဲကြီးကြပ်ရာတွင် စတုတ်စီးတီးနှင့် လက်စတာတို့ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်ကကဲ့သို့ ပေါဆန်ဆုံးဖြတ်ခဲ့မည်ဆိုပါက နှစ်ဖက်အသင်းအကြားတွင် မလိုလားအပ်သော နောက်ဆက်တွဲအခြေအနေများ ဖြစ်ပေါ်လာနိုင်သည်ဟုလည်း ဟောင်းဝပ်ဝက်ဘ်က သတိပေးထားသည်။

ပေါဆန်သည် စတုတ်စီးတီးနှင့် လက်စတာတို့ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် နှစ်သင်းပေါင်း၍ အဝါကတ်ရှစ်ကတ်နှင့် အနီကတ် တစ်ကတ်ပြသပွဲထိန်းခဲ့ကာ လက်စတာတစ်သင်းတည်းကို ပြသခဲ့သည့်ကတ်အရေအတွက်မှာ အဝါကတ်ခြောက်ကတ်နှင့် အနီကတ်တစ်ကတ် ရှိခဲ့သည်။

ပေါဆန်သည် ယင်းပွဲစဉ်တွင် ပွဲကစားချိန် ၂၈ မိနစ်၌ လက်စတာတိုက်စစ်မှူး ဗာဒီကို ပြိုင်ဘက်ကစားသမားထံသို့ ခြေစုံပစ်ဝင်ခဲ့သည့်အတွက် တိုက်ရိုက်အနီကတ်ပြသထုတ်ပယ်ခဲ့ကာ ပွဲကစားချိန် ၃၉ မိနစ်၌ စတုတ်စီးတီးအဖွင့် ဂိုးရသွားခဲ့သည်မှာလည်း ၎င်း၏ပင်နယ်တီသတ်မှတ်ပေးမှုကြောင့်ပင်ဖြစ်သည်။

ပေါဆန်သည် လက်စတာကစားသမားခြောက်ဦးကို ပွဲကစားချိန် ၃၈ မိနစ်မှနေ၍ ၄၈ မိနစ်အတွင်း အဝါကတ်များ ဆက်တိုက်ပြသ အရေးယူခဲ့ခြင်းဖြစ်ကာ အဝါကတ်ထိခဲ့သော လက်စတာကစားသမားများမှာ ဆင်မ်ဆန်(၃၈ မိနစ်)၊ အန်ဒီကင်း(၄၃ မိနစ်)၊ ဆလီမာနီ(၄၃ မိနစ်)၊ ခရစ္စတီယန်ဖူးရှ်စ်(၄၅ မိနစ်)၊ အယ်လ်ဘရိုက်တန်(၄၅ မိနစ်) နှင့် ရောဘတ်ဟုသ်(၄၈ မိနစ်)တို့ဖြစ်ကြသည်။

ဒိုင်လူကြီးများကော်မတီသည် ဘောက်ဆင်းဒေးနေ့ ပရီးမီးယားလိဂ်ပွဲစဉ်များတွင်လည်း ဘန်လေက မစ်ဒယ်ဘရော့ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်အား ပေါဆန်ကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ယူစေခဲ့ပြီး လီဗာပူးနှင့် မန်စီးတီးတို့ပွဲစဉ်ကိုလည်း ပေါဆန်က အမှားအယွင်းမရှိ ထိန်းသိမ်းကိုင်တွယ်နိုင်လိမ့်မည်ဟု ၎င်းတို့အနေနှင့် အပြည့်အဝယုံကြည်ကြောင်း ဒိုင်လူကြီးများကော်မတီက ထုတ်ပြန်ကြေညာထားသည်။

■ E-11

**နှစ်သစ်ကူးနေ့ ပရီးမီးယားလိဂ်ပွဲစဉ်များကို တာဝန်ယူမည့် ကွင်းလယ်ဒိုင်လူကြီးများ**

| ပွဲစဉ် | ဒိုင်လူကြီး |
|---|---|
| ဟားလ်စီးတီး - အဲဗာတန် | ဂျိုနသန်မော့စ်(၁၃ ပွဲ၊ အဝါ ၅၈၊ အနီ ၂) |
| ဘန်လေ - ဆန်းဒါးလန်း | ဂရေဟမ်စကော့တ်(၃ ပွဲ၊ အဝါ ၁၁၊ အနီ ၁) |
| ချယ်လ်ဆီး - စတုတ်စီးတီး | ရောဘတ်မက်ဒ်လေ(၁၅ ပွဲ၊ အဝါ ၆၄၊ အနီ ၁) |
| လက်စတာ - ဝက်စ်ဟမ်း | အန်တိုနီတေလာ(၁၅ ပွဲ၊ အဝါ ၅၇၊ အနီ ၃) |
| မန်ယူ - မစ်ဒယ်ဘရော့ | လီမာဆန်(၉ ပွဲ၊ အဝါ ၃၃၊ အနီ ၁) |
| ဆောက်သမ်တန် - ဝက်စ်ဘရွန်း | မိုက်ခ်ဂျုံးစ်(၁၀ ပွဲ၊ အဝါ ၃၁) |
| ဆွမ်ဆီး - ဘုန်းမောက် | ကီဗင်ဖရင်းဒ်(၉ ပွဲ၊ အဝါ ၄၇) |
| လီဗာပူး - မန်စီးတီး | ခရိတ်ဂ်ျပေါဆန်(၁၃ ပွဲ၊ အဝါ ၅၇၊ အနီ ၂) |
| ဝက်ဖို့ဒ် - စပါး | မိုက်ကယ်အိုလီဗာ(၁၅ ပွဲ၊ အဝါ ၄၈) |
| အာဆင်နယ် - ခရစ္စတယ်ပဲလေ့စ် | အန်ဒရေးမာရီနာ(၁၃ ပွဲ၊ အဝါ ၄၆၊ အနီ ၁) |

# တွစ်တာစာမျက်နှာထက်သို့ ရေးသားလွှင့်တင်ခဲ့သည့်စာသားများကြောင့် နာဆရီ အခက်ကြုံ၊ အကောင့်ခိုးယူခံရသည်ဟု ရှင်းလင်း

**ဆီဗီးလ်၊ ဒီဇင်ဘာ ၂၈**

ဆီဗီလာထံသို့ တစ်နှစ်သက်တမ်း အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသည့်နာဆရီသည် Drip Doctors အမည်ရ ကျန်းမာရေးဝန်ဆောင်မှု အဖွဲ့အစည်း တစ်ခု၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် စာသားအချို့ကို၎င်း၏တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် ရေသားလွှင့်တင်ခဲ့မိသည့်အတွက် ဖြေရှင်းချက်များ ပေးအပ်နေရပြီဖြစ်ကြောင်း Marca က ဖော်ပြထားသည်။

Drip Doctors ကျန်းမာရေး ဝန်ဆောင်မှု အဖွဲ့အစည်းသည် ၎င်းတို့၏ တွစ်တာ လူမှုကွန်ရက် စာမျက်နှာတွင် နာဆရီကို ရေဓာတ်ဆုံးရှုံးမှုသက်သာစေရန်အတွက် ထိုးဆေးဖြင့် ကုသမှုဆောင်ရွက်ပေးခဲ့ကြောင်း စတင်ရေးသားဖော်ပြခဲ့ကာ ယင်းသတင်းနှင့်အတူ ၎င်းတို့၏ဝန်ထမ်းတစ်ဦးနှင့် နာဆရီတို့ တွဲဖက်ရိုက်ကူးထားသည့်ဓာတ်ပုံကိုလည်း Drip Doctors က လွှင့်တင်ပေးထားသည်။

Drip Doctors ဘက်က လွှင့်တင်လိုက်သည့် ယင်းသတင်းဖော်ပြချက် ထွက်ပေါ်လာအပြီးတွင် နာဆရီ၏တရားဝင်တွစ်တာစာမျက်နှာကလည်း Drip Doctors ထံတွင် ဆေးကုသမှုခံယူခဲ့ရသည်မှာ လွန်စွာကောင်းမွန်ကြောင်း ရေးသားလာခဲ့ပြီး ယင်းရေးသားချက်တွင် Drip Doctors ၏ဂုဏ်သိက္ခာထိခိုက်စေမည့်ဖော်ပြချက်များ ပါရှိလာခဲ့ခြင်းဖြစ်သည်။

နာဆရီ၏တရားဝင်တွစ်တာစာမျက်နှာဖြစ်သော Samir Nasri Official သည် Drip Doctors က ဆေးကုသမှုအပြင် ၎င်းအတွက် လိင်ပိုင်းဆိုင်ရာဝန်ဆောင်မှုကိုပါ ပေးခဲ့သည့်သဖွယ် ရေးသားထားကာ ၎င်းထံသို့ ရောက်ရှိလာခဲ့သည့် Drip Doctors ဝန်ထမ်းအမျိုးသမီးငယ်မှာ ၎င်း၏ဖုန်းနံပါတ်ကို တောင်းယူသွားခဲ့ပြီး ယင်းညတွင် ၎င်းတို့နှစ်ဦး အပြင်သို့ထွက်လည်ခဲ့ကြောင်း၊ ဟိုတယ်အခန်းရှိရာသို့ ၎င်းတို့နှစ်ဦး ပြန်လည်ရောက်ရှိလာချိန်တွင် နံနက်သုံးနာရီရှိနေပြီဖြစ်ကာ ယင်းနောက်တွင် အခြားသောဝန်ဆောင်မှုများကို အမျိုးသမီးငယ်က ထပ်မံပေးအပ်ခဲ့ကြောင်း Samir Nasri Official တွစ်တာစာမျက်နှာက ဖော်ပြခဲ့သည်။

Samir Nasri Official တွစ်တာစာမျက်နှာသည် ၎င်းနှင့်ဓာတ်ပုံတွဲဖက်ရိုက်ကူးထားသည့် ကျန်းမာရေးဝန်ဆောင်မှုပေးအပ်ရန် ရောက်ရှိလာခဲ့သည့် Drip Doctors ဝန်ထမ်းအမျိုးသမီးငယ်၏ အမည်မှာ ဂျမီလာဖြစ်ကြောင်း အသိပေးခဲ့သေးကာ လက်ရှိတွင်မူ နာဆရီက ၎င်း၏ တွစ်တာ လူမှုကွန်ရက်စာမျက်နှာမှာ အကောင့်ခိုးယူခြင်းခံလိုက်ရပြီး အကောင့်ခိုးယူသွားသူများက ၎င်းကို ပုဂ္ဂိုလ်ရေးထိုးနှက်တိုက်ခိုက်ရန် ယင်းစာသားများကို ရေးသားလွှင့်တင်လိုက်ခြင်းဖြစ်ဖွယ်ရှိကြောင်း ရှင်းပြထားပြီဖြစ်သည်။

နာဆရီနှင့် ၎င်း၏တွစ်တာစာမျက်နှာကြီးကြပ်ရေးအဖွဲ့သည် လက်ရှိတွင် Samir Nasri Official အကောင့်နှင့် စာမျက်နှာတို့ကို ပြန်လည်ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ပြီး ယခုအခါ စာသားများအားလုံးကို ပြန်ဖျက်လိုက်ပြီဖြစ်ကြောင်း နာဆရီက အသိပေးထားသည်။

■ E-11

# FOREIGN AFFAIRS

# ဂျပန်သည် ဘယ်သောအခါမျှ စစ်ဆင်နွှဲတော့မည်မဟုတ်ဟု ပုလဲဆိပ်ကမ်းရောက် ဝန်ကြီးချုပ်အာဘေးကတိပြု




**ဟာဝိုင်အီ၊ ဒီဇင်ဘာ ၂၇**

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်က ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သေဆုံးခဲ့ရသူများအတွက် အမှတ်တရကျင်းပသည့်အခမ်းအနားသို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့်အတူ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး တက်ရောက်ခဲ့ပြီး သူ့နိုင်ငံသည် ဘယ်သောအခါမျှ စစ်ဆင်နွှဲတော့မည် မဟုတ်ကြောင်းလည်း ကတိပြုခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရမ့် သမ္မတဖြစ်ရန် ရက်ပိုင်းသာလိုတော့ချိန်တွင် ဟာဝိုင်အီသို့အာဘေးလာရောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေး အားကောင်းခိုင်မာမှုကို မီးမောင်းထိုးပြလိုသည့် သဘောသက်ရောက်ခဲ့သည်။

“ဒီမှာ အသက်ဆုံးခဲ့ရတဲ့ ဝိညာဉ်တွေအားလုံးအတွက်ရော၊ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲကြောင့် သေဆုံးခဲ့ရတဲ့ ရဲရင့်တဲ့ အမျိုးသားအမျိုးသမီးအပေါင်းရဲ့ဝိညာဉ်တွေအားလုံးကိုရော ဒီနေရာကနေ ရိုးသားခိုင်မြဲတဲ့ ဝမ်းနည်းကြေကွဲမှုကို ဖော်ပြလိုပါတယ်” ဟု အာဘေးက ပြောကြားခဲ့သည်။

“ကျွန်တော်တို့ဘယ်တော့မှ စစ်ပွဲရဲ့ အနိဋ္ဌာရုံတွေကို ထပ်ကျော့ဖြစ်ပွားစေမှာ မဟုတ်တော့ပါဘူး။ ဒါဟာကျွန်တော်တို့ ဂျပန်ပြည်သူတွေရဲ့ကျိန်ဆိုကတိပြုမှုပါပဲ” ဟု အာဘေးက ပြောကြားခဲ့သည်။

၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဂျပန်တပ်များသည် ပုလဲဆိပ်ကမ်းကို တော်ပီဒိုလေယာဉ်များ၊ ဗုံးကြဲလေယာဉ်များ၊ တိုက်လေယာဉ်များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အမေရိကန်၏ရေတပ်အင်အားကို ဖျက်ဆီးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

အာဘေးမှာ သူ၏ ကွန်ဆာဗေးတစ်ထောက်ခံသူများ အမျက်ထွက်စေနိုင်သည့် တောင်းပန်မှုမျိုးကိုမူ လုပ်ဆောင်ခဲ့ခြင်း မရှိပေ။

ဂျပန်ကွန်ဆာဗေးတစ်အများစုကမူ အမေရိကန်၏စီးပွားရေးအရေးယူပိတ်ဆို့မှုများကြောင့် ဂျပန်က ယင်းကဲ့သို့ တိုက်ခိုက်ခဲ့ရခြင်းဖြစ်သည်ဟု ယူဆထားကြသည်။

“ပုလဲဆိပ်ကမ်းကို သွားရောက်လည်ပတ်တာက စစ်ပွဲကြောင့်သေဆုံးခဲ့ရသူတွေရဲ့ ဝိညာဉ်တွေကို နှစ်သိမ့်ဖို့ပါ၊ တောင်းပန်ဖို့ မဟုတ်ပါဘူး”ဟု အစိုးရအဖွဲ့ အတွင်းဝန်ချုပ် ယိုရှီဟီဒဲ ဆူဂါက တိုကျိုတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပြီး နှစ်နိုင်ငံမဟာမိတ်ဖြစ်မှု၏ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုကို အထောက်အကူပြုရန်လည်း ရည်ရွယ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် ဟီရိုရှီးမားသို့ အမေရိကန်သမ္မတဘာရက်အိုဘားမား သွားရောက်ခဲ့မှုမှာလည်း အမေရိကန်က အဏုမြူဗုံးကြဲချခဲ့သောမြို့သို့ သွားရောက်သည့် ပထမဆုံးတာဝန်ထမ်းဆောင်ဆဲ အမေရိကန်သမ္မတအဖြစ် သမိုင်းဝင်ခဲ့သည်။ အိုဘားမားသည်လည်း ဂျပန်ကို အဏုမြူဗုံးကြဲချခဲ့မှုအတွက် မတောင်းပန်ခဲ့ပေ။

■ F-03

## ALSO IN NEWS

## ပရဟိတရန်ပုံငွေ ဘဲရေကူးပြိုင်ပွဲ ဘဲရုပ်တွေနဲ့ ဆင်နွှဲ

မြင်းလောင်းတဲ့ကိစ္စကိုတော့ အားလုံးက ကြားဖူးကြမှာပါ။ ခုတစ်ခါကတော့ ဘဲလောင်းတဲ့ကိစ္စဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံက ရွာလေးတစ်ရွာမှာ ရိုးရာအစဉ်အလာအတိုင်း နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကျင်းပနေကျ ဘဲလောင်းပွဲ ပြုလုပ်ခဲ့ပါသတဲ့။ အဲဒီ ဘဲရေကူးပြိုင်ပွဲမှာ တကယ့်ဘဲအစစ်တွေနဲ့ မပြုလုပ်နိုင်ဘဲ ဘဲအတုအရုပ်တွေနဲ့သာ ပြုလုပ်ခဲ့ရတာဖြစ်ပါတယ်။ မြစ်ရေထဲ မျှောချလိုက်တဲ့ ဘဲရုပ် ၁၅၀ ထဲက နှစ်သက်ရာကို လောင်းနိုင်ပြီး ဆုငွေရရှိမှာဖြစ်ပါတယ်။ အနိုင်ရရှိသူအနေနဲ့ ဒေသခံပရဟိတအဖွဲ့တွေကို နှစ်သက်ရာလှူဒါန်းနိုင်မယ့် အခွင့်အရေးဖြစ်ပါသတဲ့။ ပွဲကနေရရှိတဲ့ ရန်ပုံငွေကို ဒေသပရဟိတအဖွဲ့တွေကို လှူဒါန်းမှာဖြစ်ပြီး ဘဲလောင်းတာနိုင်တဲ့သူက နှစ်သက်သလို လှူနိုင်မှာလည်းဖြစ်ပါသတဲ့။ ရော်ဘာဘဲရုပ်အဝါလေးတွေ မျှောချပြီးတော့ လုပ်တဲ့ပြိုင်ပွဲလည်း ဆက်လက်ပြုလုပ်ခဲ့ပါသေးတယ်။

■ F-02





## ပြင်သစ် လက်ယာစွန်းမြို့တော်ဝန် EU ဗြိတိန်က ထွက်ခွာတာကို ဂုဏ်ပြုလမ်းအမည်ပေး

မျိုးချစ်စိတ် ရှင်သန်ထက်မြက်လွန်းသူတစ်ဦးလို့ဆိုတဲ့ ပြင်သစ်က မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက EU ကနေ ဗြိတိန်ထွက်ခွာတာကို ဂုဏ်ယူဝမ်းမြောက်နေပါတယ်။ သူအုပ်ချုပ်နေရတဲ့မြို့က လမ်းတစ်ခုကို Rue du Brexit လို့ အမည်ပေးလိုက်ပါတယ်။ ဂျူလီယန်ဆန်ချက်ဇ်လို့အမည်ရတဲ့ အဲဒီမြို့တော်ဝန်ဟာ လက်ယာပါတီတစ်ခုဖြစ်တဲ့ National Front ပါတီဝင်ဖြစ်ပါတယ်။ EU က ထွက်ခွာဖို့အတွက် ဆုံးဖြတ်ခဲ့ကြတဲ့ ဗြိတိန်ပြည်သူတွေကို ဂုဏ်ပြုပြီး အဲဒီနာမည်ပေးခဲ့တာဖြစ်တယ်လို့ သူက ဆိုပါတယ်။ National Front ပါတီကလည်း ပြင်သစ်အနေနဲ့ EU က ထွက်ခွာတာကို မြင်ချင်နေကြပါတယ်။ ပါတီခေါင်းဆောင် မာရီနီလီပန်းက သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့အထိ တက်လှမ်းနိုင်ဖို့အတွက် အခြေအနေကောင်းနေပါတယ်။ မြို့နယ်ကောင်စီဝင်တွေက ယင်းသို့ လမ်းနာမည်သတ်မှတ်တာကို မဲပေးပြီး အတည်ပြုခဲ့ပါတယ်။ အားလုံးက သဘောတူတာမဟုတ်ဘဲ မလိုလားသူတွေကလည်း အပြင်းအထန် ကန့်ကွက်နေပါတယ်။

မြို့တော်ဝန်ဆန်ချက်ဇ်ကတော့ ဘာဖြစ်လို့ ကန့်ကွက်ကြသလဲဆိုတာကို သူနားမလည်နိုင်ပါဘူးလို့ ပြောကြားခဲ့ပါတယ်။

■ F-02